www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၆၀၂၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်. ၅၀၁၄၉၈၀၅၁၂

❒

ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ
အုပ်ရေ ၅၀၀

❒

အဖုံးပန်းချီ
သိန်းရွှေကြည်၊ Sun

❒

ထုတ်ဝေသူ
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ ညဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

❒

အတွင်းပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❒

အဖုံးပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❒

တန်ဖိုး ၁၀၀ ကျပ်

❒

ကွန်ပျူတာ
Dream City



# ဆောင်းကေရီ
# ရွှေအဥ္ဇလိ

သိန်းမင်းစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



BURMESE CLASSIC .com



၁

ပတ်ဝန်းကျင်သည် ဆည်းဆာရိပ်အောက်သို့ ရောက်နေပြီ၊ မကြာခင် မိုးချုပ်တော့မည့်အဖြစ်၊ အထူးသဖြင့် ဒီလိုဒေသမျိုးက သာ၍ မှော်လွယ်၏။

သူကားကို ဂရုစိုက်၍သာ မောင်းလိုက်၏။ မိုးမချုပ်ခင် ရွာတစ်ရွာရောက်မှ ဒီလမ်းက ကားပြတ်သည်။ လူသွားလူလာ ကျဲ၏။ ဘေးပတ်ဝန်းကျင် ကြည့်လိုက်တော့ တောင်တွေကာရံထားလို့။

တကယ်တော့ သူက ခရီးသွားလာရတာကို ဝါသနာပါသော စာရေးဆရာတစ်ယောက်၊ ယခုချိန်ထိ အိမ်ထောင်မရှိ လူလွတ်ဘဝဖြင့် ခရီးပေါ ထွက်ကာ စာရေးတုန်း၊ ကိုယ်ပိုင်ကားလေးတစ်စီးဖြင့် မြန်မာပြည်အနှံ့ ခြေဆန့်၏။ ထို့ကြောင့် သူ့ဝတ္ထုများက တခြား စာရေးဆရာတွေနှင့် မတူ၊ ဒေသအလိုက် အတွေ့အကြုံများ ပိုပါသည်။

စာဖတ်ပရိသတ်တွေကလည်း သူရေးသော စိတ်ဝင်စားဖွယ်ကောင်းသည့် ဝတ္ထုတွေကို ကြိုက်နှစ်သက်ကြသည်။ ထို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



သူက ပရိသတ်အပေါ် မေတ္တာထားကာ နယ်စွန်၊ နယ်ဖျားခရီးများ အထိ ထွက်၏။ သူကြိုက်နှစ်သက်သောနေရာတွင် တစ်ခါတစ်ရံ ဝတ္ထုတစ်ပုဒ် ပြီးအောင်နေသည်။ သူ့မှာ နောက်ဆံတင်းစရာမရှိ၍ လွတ်လပ်၏။ အချိန်တန်လျှင် ထုတ်ဝေသူကို ဝတ္ထုကောင်းတစ်ပုဒ် အပ်နိုင်ဖို့ပင် ထုတ်ဝေသူကလည်း သူခရီးထွက်ရာမှ ပြန်လာတိုင်း ဝတ္ထုကောင်း ပါလာတတ်တာမို့၊ သူ ခရီးထွက်လျှင် လိုချင်သလောက် ကြိုတင်ငွေများ ပေးတတ်သည်။ ထို့ကြောင့် သူခရီးထွက်ရာမှာ အခက်အခဲမရှိ။

ယခုလည်း သူ ဒီဒေသသို့ ထွက်လာတာ သုံးလေးရက်ရှိပြီ၊ သို့သော် စိတ်ကြိုက်ဝတ္ထုရေးချင်တဲ့ နေရာမျိုးမတွေ့သေးပေ။ သူ့ အကျင့်က ခရီးဘယ်လောက်ပင်ပန်းပါစေ လိုရာကို ရောက်အောင် သွားတတ်သူ။

ထို့ကြောင့် နှင်းတွေကျနေချိန်မှာ ဒီလမ်းခရီးမျိုး လူပြတ်ပါ တယ်ဟု ပြောကြပေမဲ့ သူထွက်လာ၏။ လူပြတ်လည်း သူက ဘာကိုမှ ကြောက်တတ်သူမဟုတ်။

"ဆရာ တားမရလဲ သွားပေါ့လေ၊ ဒါပေမဲ့ လမ်းမှာ နှင်းမိုး တွေကျရင် ခက်မယ်"

"ရပါတယ်ဗျာ၊ နေမဝင်ခင် ရွာတစ်ရွာကော့ ကျွန်တော်ရောက် မှာပါ"





ခရီးဆက်စရာရှိတာကို ဆက်လိုက်ရမှ သူက ကျေနပ်သူ၊ ထိုသို့ဖြင့် ထွက်လာသော သူသည် မမျှော်လင့်ဘဲ လမ်းတွင် နှင်းမိုး များရွာလာလေ၏။

နဂိုက အေးစိမ်းသောဝန်းကျင်မှာ နှင်းမိုးများရွာတော့ ပို၍ ချမ်းတုန်သွားသည်။ သူ ဂျာကင်အင်္ကျီကို ဆွဲစေ့သည့်တိုင် အအေး ဒဏ်က မလွတ်။

နှင်းမိုးများ ရွာနေတာကြောင့် သူကားရှေ့ဆက်မောင်းလို့ မရတော့။ ပတ်ဝန်းကျင်ကြည့်တော့လည်း သူ ကားတစ်စီးမှလွဲ၍ ဘယ်သူမျှမရှိ၊ ပတ်ဝန်းကျင်ကလည်း မည်းမှောင်လာပြီမို့၊ သူ့အနေဖြင့် တစ်နေရာတွင် ခိုအောင်းဝင်ဖို့သာရှိ၏။

ကားကို လမ်းဘေးထိုးကာ အိပ်ရမည်လား။ မဖြစ်နိုင်ပါ။ ဒီလိုအအေးမျိုးဖြင့် သေခဲသေသွားနိုင်သည်။ ထိုစဉ် ရှေ့မှာမြေနီလမ်း ကျိုးလေးတွေ့တာကြောင့် ကားကို ကွေ့လိုက်၏။ လမ်းရှိလျှင် ရွာ ရှိရမှာပေါ့။

နှင်းမိုးတွေကျနေသော မည်းမှောင်သည့် ပတ်ဝန်းကျင်မှာ မြေနီလမ်းမချိုးလေးအတိုင်း ကားကို မောင်းခဲ့ပေမဲ့ ယခုချိန်ထိ အိမ် တစ်လုံးမှ မမြင်သေးပေ။ ရွာနှင့်တူတာဆို ပို၍ဝေးသည်။

သူကားကို ပြန်ကွေ့ရမည်လားဟု စိတ်လျှော့ဖို့တွေးစဉ် "ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ မြေနီလမ်းဆုံးလေး၏ ကုန်းထက်တစ်ခုတွင် အိမ်အိုကြီးတစ်လုံးကို တွေ့လိုက်တာကြောင့် သူအံ့သြဝမ်းသာသွားရသည်။

ဘာပဲဖြစ်ဖြစ် ဒီတစ်ညတော့ ဒီအိမ်အိုကြီးမှာ သူ အိပ်ရပေမည်။

ကားကို တောင်ကုန်းလမ်းလေးပေါ်အတွက်

"ဂျစ်"

ခနဲမြည်သံနှင့်အတူ ကားစက်ရပ်သွားလေပြီ။ သူ စိတ်ပျက်စွာ ကားပေါ်မှ ဆင်းလိုက်၏။

"ကျွတ် အရေးထဲကွာ"

ကားဘောနက်ကိုဖွင့်ကာ စမ်းသပ်ဖို့ပြင်ပေမဲ့ အေးစိမ့်သောလေနှင့် မည်းမှောင်သောဝန်းကျင်ကြောင့် နောက်ဆုံး ထိုအကြံအစည်ကို လက်လျှော့ကာ ကားထဲမှ အဝတ်အိတ်ယူပြီး ကားတံခါးများပိတ်လိုက်သည်။

သည်လိုနေရာဝန်းကျင်မျိုးမှာ ကားခိုးမည့်သူလည်း မရှိနိုင်ပါ။ ထို့ကြောင့် ကားကိုထားပြီး တောင်ကုန်းပေါ်က အိမ်ကြီးဆီ တက်လာခဲ့၏။

နှင်းမိုးတွေ ဖွဲဖွဲအောက်မှာ မြင့်မားသော တောင်ကုန်းထိပ်တွင် ညှိုမှုကြီးမားသော အိမ်အိုကြီးထီးတည်း ရှိနေပုံက ဒဏ္ဍာရီဆန်ဆန်။

သူ့အတွက်တော့ မမေ့နိုင်သည့် မြင်ကွင်းပဲ။





သည်မျှလောက် လူသူပြတ်ကာ အိုဟောင်းလွန်းသော အိမ်ကြီးတွင် လူသူဟူ၍ မရှိလောက်ဘူးထင်ပေမဲ့။

"ဟင် မီးရောင်ရှိနေပါလား"

မှောင်မိုက်သောအိမ်ကြီးအတွင်းမှ မီးရောင်လဲ့လဲ့ကို မြင်လိုက်ရတာကြောင့် သူအံ့သြသွားသည်။

ကြည့်စမ်း။

သည်အိမ်အိုကြီးမှာ လူရှိနေတာဟာ သူ့အတွက် ကံကောင်းတဲ့ အခွင့်အရေးတစ်ခုပဲ။ အမှန်တော့ သူ ဗိုက်ထဲဆာလောင်နေပြီ။ သည်လို ရာသီဥတုအေးအေးမှာ တစ်ခုခုစားပြီး နွေးနွေးထွေးထွေး အိပ်လိုက်ရလျှင် ဘယ်လောက်ကောင်းမလဲ။

ထိုအတွေးဖြင့် သူက အိမ်ရှင်ကို အသံပြုလိုက်၏။

"အိမ်ရှင်တို့ အိမ်ရှင်တို့"

နှင်းမိုးများကြားမှာ သူ အသံကို မြှင့်ခေါ်လိုက်သည်။ ရုတ်တရက် ဘယ်သူမှ ထူးသံမကြားရပေ။

ကြည့်ရတာ ဒီအိမ်မှာ လူရောရှိရဲ့လား။

ဟာ... ရှိလို့ပဲ မီးရောင်တွေ့တာပေါ့၊ တစ်ယောက်တည်းမေး၊ တစ်ယောက်တည်းဖြေပြီး သူ ထပ်ခေါ်လိုက်သည်။

"အိမ်ရှင်တို့ ဗျို့ အိမ်ရှင်တို့"

သည်တစ်ခါ သူထပ်ခေါ်မှ တကျွိကျွိ တံခါးဖွင့်သံနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



အရိပ်မည်းကြီးတစ်ခုကို တွေ့လိုက်ရသည်။

ဟိုက်...

ရုတ်တရက် သူလန့်သလိုဖြစ်သွားပြီးမှ သေချာကြည့်တော့ ခါးကုန်းကြီးတစ်ယောက်။

လက်ထဲမှာ မီးအိမ်နှင့်၊ ရုပ်လည်းဆိုး၊ ခါးလည်းကုန်းသော လူကြီးကို ဒီလိုအချိန်မျိုးတွေ့လိုက်ရတော့ သူ ရုတ်တရက် လန့်သွားတာမဆန်း။

"ဘယ်သူလဲ"

မီးအိမ်ကို အပေါ်မြှင့်တင်ပြီး ဦးရုပ်ဆိုးက မေးသည်။ ဘာပဲဖြစ်ဖြစ် ဒီလိုဝန်းကျင်မှာ လူရှိနေတာကိုပဲ သူ ဝမ်းသာရသေး၏။

"ကျွန်တော် ခရီးသည်တစ်ဦးပါ၊ လမ်းသွားရင်း ကားစက်ရပ်သွားလို့ ကျွန်တော့်ကို ဒီတစ်ည ဒီမှာ တည်းခိုခွင့်ပြုပါ ခင်ဗျာ"

သေချာအနီးကပ်ကြည့်တော့ အဘိုးကြီးမှာ အသက်ကြီးလှပြီ၊ သို့သော် မျက်လုံးတွေက မီးအိမ်အောက်မှာ တောက်ပတာမို့ ကျန်းမာရေးတော့ ကောင်းသည့်ပုံ။

အဘိုးကြီးက ခေါင်းခါယမ်းကာ၊ မောင်ရင် ဒီမှာတည်းလို့ မဖြစ်ဘူးထင်တယ်"

"ခင်ဗျာ"

"ဟုတ်တယ်၊ ဒီအိမ်ကြီးမှာ မောင်ရင်အတွက် လုံခြုံမှုမရှိဘူး"





အဘိုးကြီး၏စကားကို သူ ရုတ်တရက် နားမလည်။ ထို့ကြောင့် ပြန်မေးရသည်။

"ဘာကြောင့်လဲခင်ဗျာ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို ဒီမှာ တစ်ည တည်းခိုခွင့် ပြုစေချင်ပါတယ်"

"အဲဒီအတွက် ကျွန်တော်တည်းခိုခပေးဆိုရင် ပေးပါ့မယ် ခင်ဗျာ"

"ဘာကွယ့်...တည်းခိုခဟုတ်လား၊ အဟင်း... ဟင်း မောင်ရင်တို့ လူတွေက ငွေစကားတယ်ပြောတာပဲကွယ်"

"ပြောပါဦး၊ ဟောဒီလို လူသူနဲ့ကင်းပြတ်တဲ့ ပတ်ဝန်းကျင်မှာ ကျုပ်လို အဘိုးကြီးတစ်ယောက်အတွက် မောင်ရင်ပေးတဲ့ငွေဟာ ဘာလုပ်ရမှာလဲ"

"ဒါကတော့

ရုတ်တရက် သူပြန်မဖြေတတ်ပါ။ အမှန်တော့ ငွေဆိုတာ လူတိုင်းအဖို့ သည်းခြေကြိုက်တစ်ခု မဟုတ်လား။

ဒါပေမဲ့ လက်ရှိအနေအထားအရ အဘိုးကြီးမေးတာလည်း မှန်နေ၏။ သည်လိုနေရာမှာ ငွေဆိုတာ ဘာမှ အရေးပါတဲ့ ပစ္စည်း မဟုတ်။

"ကျုပ်က မောင်ရင်တည်းလို့ မဖြစ်ဘူးဆိုတာ၊ ဟောဒီအိမ်ကြီးဟာ အနှစ်နှစ်အလလပစ်ထားလို့ ပျက်စီးဟောင်းနွမ်းနေပြီ၊ ရှင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



မယ့်သူမရှိလို့ ဖုန်သဲတွေဆိုတာ ခြေချစရာမရှိဘူး၊ အဲဒီလို နေရာမျိုးမှာ မောင်ရင် ဘယ်လိုတည်းမလဲ"

"ဟာ... ဒီကိစ္စအတွက် မပူပါနဲ့ ခင်ဗျာ၊ ဒီတစ်ညအတွက် ကျွန်တော့်ဘာသာ ရှင်းလင်းပါ့မယ်၊ အဘိုးကသာ ကျွန်တော့်ကို တည်းခိုခွင့်ပြုပါ"

အပြင်ဘက်မှ အအေးဒဏ်ထက်စာလျှင် အထဲက ညစ်ပေမှုဟာ သူ့အတွက် မဆိုးလောက်ဘူးထင်သည်။ အနည်းဆုံး အိမ်ကြီးထဲမှာ နွေးနွေးထွေးထွေး အိပ်နိုင်သည်။

"အင်း... တကယ်တော့ ကျုပ်က ခွင့်ပြုဖို့ဆိုတာ၊ ကျုပ်ဟာ ဒီအိမ်ကြီးရဲ့ အရှင်မဟုတ်ဘူး မောင်ရင်"

"ဗျာ... ဒါဆို ကျွန်တော် ဒီအိမ်ကြီးရဲ့ပိုင်ရှင်ကို သွားခွင့် တောင်းပါ့မယ်"

ထိုအခါ အဘိုးကြီးက ခေါင်းခါယမ်း၏။

"မဖြစ်နိုင်ပါဘူးကွယ်"

"ဘာကြောင့်လဲခင်ဗျာ"

"အင်း... ဘာကြောင့်လဲဆိုတော့၊ ဟောဒီအိမ်ကြီးရဲ့ အရှင်သခင်ဟာ တမလွန်မှာကွယ့်"

"ဗျာ..."

ရုတ်တရက် သူခေါင်းနားပန်းကြီးသွားသလိုပါပဲ၊ အဘိုးကြီး





ကြည့်လိုက်တော့ စောစောကတောက်ပသယောင်ရှိသော မျက်ဝန်းတို့မှာ ရီဝေဖျော့သွားသလိုပါပဲ။

"ကဲပါလေ၊ ဘာပဲဖြစ်ဖြစ် မောင်ရင်ဟာ၊ ဒီအိမ်ကြီးကို အနှစ်နှစ်ဆယ်အတွင်း ရောက်လာတဲ့ ဧည့်သည်မို့ ကျုပ်လက်ခံလိုက်ပါ့မယ်၊ အထဲဝင်ပါ"

အဘိုးကြီးကပြောပြီး မီးအိမ်ဆွဲ၍ အိမ်ထဲလှည့်ဝင်သွားသည်။ ထိုတစ်ခဏမှ ရပ်ဆိုင်းနေရာမှ သတိဝင်လာကာ ချက်ချင်းလိုက်ခဲ့၏။

မှောင်မိုက်သော အိမ်ကြီးထဲမှာ မီးအိမ်အလင်းရောင်ကလွဲ၍ ဘာမှမသဲကွဲ၊ ဒီအိမ်မှာနေသားကျသော အဘိုးကြီးအတွက် အကြောင်းမဟုတ်ပေမဲ့ သူ့မှာ ခလုတ်မတိုက်မိစေရန် မနည်းသတိထားနေရတဲ့ အဖြစ်။

အိမ်ထဲဝင်လိုက်တာနှင့် စိုထိုင်းထိုင်းအနံ့အသက်တွေကို ရရှိသည်။

အင်းလေ အဘိုးကြီးပြောသားပဲ၊ ရှင်းလင်းမှုမရှိတာကြာပြီတဲ့။ အဘိုးကြီးက အပေါ်ထပ်သို့ သူ့ကို ဦးဆောင်ခေါ်လာ၏။

"ရှီ"

"ဟာ..."

ရုတ်တရက် အရိပ်တစ်ခု သူ့အနားမှ ဖြတ်ကျော်သွားတာကြောင့် လန့်ကာရှောင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဟုတ်ပါဘူး။ လင်းနိုပါ မောင်ရင်"

"ဟင်း..."

ယခုမှ သက်ပြင်းချနိုင်သည်။ အိမ်ကြီးက အထဲရောက်မှပို၍ ကျယ်ဝန်းမှန်း သိရ၏။ အပေါ်ထက် တကဲ့ရာလေ့ကားတစ်လျှောက် ဖုန်မှုန်တွေထပ်လို့။

"ဟောဒီအခန်းမှာ မောင်ရင်လိုအပ်မယ့် ပစ္စည်းတွေရှိမယ် ထင်ပါတယ်"

ကျယ်ဝန်းသော အခန်းတစ်ခုကို တံခါးဖွင့်ပြသည်။ တစ်ယောက်အိပ် ခုတင်တစ်လုံးနှင့် မတ်တတ်ရပ်ဗီရိုကို တွေ့ရ၏။

"အဲဒီဗီရိုထဲမှာ စောင်တို့၊ ခေါင်းအုံးတို့ ရှိပါလိမ့်မယ်၊ အခန်း ကတော့ ကိုယ့်ဘာသာ ရှင်းပေါ့ကွယ်"

"ဟုတ်ကဲ့..."

အဘိုးကြီးကပြောပြီး လှည့်ထွက်ဖို့ ပြင်သည်။ ထိုအခိုက်...

"ဒီမှာ ခင်ဗျာ"

သူ့အသံကြောင့် အဘိုးကြီးလှည့်ကြည့်၏။

"ကျေးဇူးပြုပြီး စားစရာတစ်ခုခုကောက်များ ရနိုင်မလား ခင်ဗျာ"

အဘိုးကြီးက တစ်ချက်ကြည့်ပြီး ခေါင်းညိတ်သည်။

"ကျုပ် ရှားလိုက်ဦးမယ်"





ထို့နောက် အဘိုးကြီးထွက်သွားလေ၏။ သူချက်ချင်းပင်အခန်းကို အားအင်ထုတ်ကာ ရှင်းလိုက်သည်။ သည်လောက် အေးနေတဲ့ကြားမှ အခန်းရှင်းလိုက်ရ၍ ချွေးထွက်ချင်သွားရ၏။

သည်နောက် ဗီရိုကို ဖွင့်ကြည့်တော့။

"ဟင်..."

"မွေ့ရာ၊ စောင်၊ ခေါင်းအုံးများကို သေသပ်စွာ ခေါက်ထားတာ တွေ့ရ၏။ နှစ်များစွာကြာပြီမို့ ဟောင်းနွမ်းနေတာကလွဲ၍ လူသုံးဖို့ သိပ်မရှိခဲ့ပုံ။ အထူးသဖြင့် ပရုတ်လုံးရနံ့ ယခုထက်ထိ စွဲနေတာအံ့သြရသည်။ သည်လောက်ကြာတောင် မပျောက်တဲ့ရနံ့ဟာ အမျိုးအစား ကောင်းလို့ပဲ။

သူ အိပ်ရာခင်းပြီးနောက် ကိုယ်လက်သုတ်သင်ကာ အဝတ်အစားလဲလိုက်၏။ ထို့နောက် ကျောဆန့်သည့်အနေဖြင့် အိပ်ရာပေါ် လှဲချလိုက်သည်။

"အား... ကောင်းလိုက်တာ"

တစ်ချိန်လုံး ပင်ပန်းသမျှ ယခုမှ သက်သောင့်သက်သာ ဖြစ်ရ၏။

သည်တော့မှ ဗိုက်ထဲက ဆာလောင်လာတာကို သတိပြုမိလျက် ရုတ်ခနဲ ထထိုင်မိစဉ် –

"ဒေါက်...ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်တက်လာသော တုတ်ကောက်သံကြောင့် အဘိုးကြီး လာပြီဟု သိလိုက်၏။ မကြာပါ၊ အခန်းဝတွင် မီးအိမ်နှင့်အတူ အဘိုးကြီးပေါ်လာကာ။

"မောင်ရင် ကံကောင်းတယ်၊ ဒီနေ့ညစာအတွက် ဆိတ်နို့နဲ့ ပေါင်မုန့်ကြမ်း ရှိနေတယ်"

"ကျေးဇူးပါပဲခင်ဗျာ"

သူဟန်မဆောင်နိုင်ဘဲ ဆိတ်နို့နှင့် ပေါင်မုန့်ကြမ်းကို စားလိုက်၏။ အင်း ယခုမှ ဗိုက်ထဲအစာပြည့်ကာ ရင်ထဲ နွေးနွေးထွေးထွေးနှင့် အဘိုးကြီး ကြည့်လိုက်တော့ မရှိ၊ ဘယ်အချိန်က ထွက်သွားပါလိမ့်။

သို့သော် ဗိုက်ဝပြီမို့ သူ ကြာကြာမစဉ်းစားနိုင်ဘဲ အိပ်ရာပေါ် လှဲချလိုက်တော့သည်။ ထို့နောက် မကြာခင်အတွင်းမှာပင် သူ နှစ်ခြိုက်စွာ အိပ်ပျော်သွားရလေ၏။

* * *





"ရှပ်... ရှပ်..."

နားထဲမှာ ခြေသံလိုလို ကြားနေရသည်။

ထို့နောက်...

"ဝုန်း..."

"ဟင်..."

ကျယ်လောင်သော အသံကြီးကြောင့် သူအိပ်ရာမှ ဖျတ်ခနဲ လန့်နိုးကာ ထထိုင်လိုက်သည်။ ထိုအခါ စောစောကဆူညံသံတွေ တိတ်သွားသလိုလို သို့သော် မကြာပါ၊

"အင်း...အင်း"

"ဟင်...ဒါ ဒါ လူညည်းသံ"

သူ အိပ်ရာမှ ဖျတ်ခနဲဆင်းလိုက်၏။ ထို့နောက် အိပ်ရာဘေးတွင် အသင့်ထားသော ဓာတ်မီးကိုဆွဲယူကာ အခန်းပြင်ထွက်ခဲ့သည်။

အပေါ်ဆပ်တစ်ခုလုံးကို သူ ဓာတ်မီးတစ်လက်ဖြင့် ထိုးကြည့်၏။ ကျွန်းသားများဖြင့် တည်ဆောက်ထားသော ရှေးဟောင်းအိမ်ကြီးက ခိုင်ခံ့လှ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားခဲ့ညားသော အိမ်ကြီးမှာ တစ်ချိန်ကတော့ အဆောင်အယောင်များဖြင့် ထည်ထည်ဝါဝါ ရှိတဲ့ပုံပါပဲ။

"ဟင်...ဒီအခန်းက"

တခြားအခန်းတွေမှာ သော့မရှိပါပဲ၊ ထိုအခန်းကျမှ သော့ပိတ်ထားတာ တွေ့ရသည်မို့ သူစိတ်ဝင်စားသွားရ၏။

ထို့ကြောင့် စိတ်ဝင်စားစွာဖြင့် အခန်းရှေ့သွားရပ်ကာ ကြည့်မိသည်။

"အလို..."

အခန်းသော့က ချိတ်တာမှလွဲ၍ မပိတ်ထားပါလား။ ထိုအခိုက် သူ့လက်တို့က သော့ကိုဖြုတ်ယူမိလျက်သား ဖြစ်သွားသည်။ ထို့နောက် အခန်းတံခါးဖွင့်ကာ ဝင်လိုက်တော့။

"ဟင်..."

အံ့သြစရာပါလား၊ တခြားအခန်းတွေ ဖုန်တက်နေသလောက် ဒီအခန်းက ရှင်းသန့်နေ၏။ အခန်းမှာ ရှင်းလင်းဟာ စားပွဲတစ်လုံးနှင့် အနက်ရောင် ကတ္တီပါ ဖုံးအုပ်ထားသော အရာတစ်ခု။

သည်အခန်း ဘယ်သူရှင်းထားတာလဲ။ သာမန်လူမနေတဲ့အခန်းဆို ဖုန်တွေထူထပ်ကာ တက်နေမည်။ စားပွဲနားရောက်သွားတော့။

"ဟင်...ဓာတ်ပုံ"

စားပွဲပေါ်မှာ ရွှေကနုတ်ပေါင်ကွပ်ဖြင့် လူတစ်ယောက်၏





ဓာတ်ပုံကို တွေ့လိုက်ရတော့ သူ အံ့သြသွားသည်။

ဓာတ်ပုံထဲက လူငယ်လေးမှာ အသက်အားဖြင့် ဆယ့်ရှစ်၊ ဆယ့်ကိုးအရွယ်လောက်ရှိကာ၊ သူ၏ရုပ်ရည်မှာ ယောကျာ်းတို့ထဲတွင် တွေ့ရခဲသော အလွန်ဆွဲဆောင်မှုရှိ၍ ယောကျာ်းပီသစွာ ချောမောလွန်းနေသည်။ လူငယ်လေး၏ နုပျိုသောရုပ်ရည်နှင့် မလိုက်အောင် ကျစ်လျစ်တောင့်တင်းသော ခန္ဓာကိုယ်က ထွားကျိုင်းလှပါဘိ၊ ခြုံ၍ဆိုသော် ဒီနေ့ခေတ် လူငယ်များထဲတွင် တွေ့ရခဲသည့် ယောကျာ်းပီသ ချောမောသော လူငယ်လေးတစ်ယောက်။

ထိုစဉ်နောက်မှ အရိပ်တစ်ခုကျရောက်လာတာကြောင့် ကြည့်လိုက်တော့။

"သြော်...အဘပါလား"

အဘိုးကြီး တုတ်ကောက်သံကိုပင် မကြားနိုင်လောက်အောင် သူ့အာရုံတွေက ဓာတ်ပုံထဲမှ လူငယ်လေးဆီ စူးစိုက်ရောက်ရှိသွားတာပါလား။

ပိုင်ရှင်မသိဘဲ ဒီအခန်းထဲဝင်ခဲ့မိတဲ့အဖြစ်ကို အားနာသွားကာ အဘိုးကြီးကို တောင်းပန်ရန် ကြည့်လိုက်၏။

"အင်း...နောက်ဆုံးတော့ မောင်ရင် ဒီအခန်းထဲရောက်လာတာပါလား"

"ဟို... ကျွန်တော် အသံတွေကြားတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူစကားမဆုံးခင် အဘိုးကြီးက လက်ကာပြသည်။

"ကျုပ်လဲ ဒါကြောင့် အပေါ်တက်လာတာပါ၊ အခန်းတံခါးသော့ကို ကျုပ်နေ့လယ်က မေ့ခဲ့မိတယ်"

"အင်းလေ၊ အသက်ကလဲ ကြီးပြီကိုး"

အဘိုးကြီးက သူ့ဘာသာတစ်ယောက်တည်း ညည်းတွား၏။ သူ့စိတ်ထဲမှာ ဒီအခန်း၊ ဒီဓာတ်ပုံထဲက လူငယ်လေးအကြောင်း သိချင်လာသည်။

"ဒါဆိုရင် ဒီအခန်းကို အဘိုးရှင်းထားတာပေါ့ ဟုတ်လား"

သူမေးတော့ အဘိုးကြီးက ခပ်လေးလေးခေါင်းညိတ်ပြ၏။

"ဟုတ်တယ်၊ ကျုပ်မသေမချင်း ဒီအခန်းကို နေ့တိုင်းရှင်းဖို့ ဆုံးဖြတ်ထားတယ်"

"ဘာကြောင့်လဲ ခင်ဗျာ"

သူ စိတ်ဝင်စားစွာမေးတော့၊ အဘိုးကြီးက ရီဝေ့စွာကြည့်လာ၏။ ထို့နောက် ဓာတ်ပုံထဲမှ လူငယ်လေးကို လက်ညှိုးထိုးပြကာ...

"သူ့ကြောင့်ပေါ့ မောင်ရင်"

"ဗျာ..."

"ဟုတ်တယ်၊ သူဟာ ဒီအခန်းကို သိပ်မြတ်နိုးတယ်၊ ဘာကြောင့်လဲ သိလား"

သူ ခေါင်းခါယမ်းတော့ အဘိုးကြီးက တုတ်ကောက်ဖြင့်





ကတ္တီပါ အနက်ဖုံးထားရာသို့ တရွေ့ရွေ့ လျှောက်သည်။ ထို့နောက် ကတ္တီပါစကို ဆတ်ခနဲဖယ်ယူလိုက်စဉ်

"ဟာ"

သူ အံ့သြလွန်းကာ ဓာတ်ပုံထဲမှအရာကို စူးစိုက်စွာကြည့်မိတော့သည်။ ရွှေနားကွပ်ပေါင်ဖြင့် ကြီးမားလှသော ပန်းချီကားထဲမှ အဖြူရောင်ဆွတ်ဆွတ် ဝတ်စုံဖြင့် နက်မှောင်ရှည်လျားသောဆံပင်များ ပြန့်ကျဲလျက် သူမက နတ်တမျှလှသော မိန်းကလေးတစ်ယောက်၏ ပုံက ယခုပဲ အသက်ဝင်တော့မည့်ဟန် ကြွရွနေသည်။

"သူဟာ ဒီပန်းချီကားကို သိပ်မြတ်နိုးတယ်၊ သူ့ရဲ့ နောက်ဆုံးချိန်ထိ ဒီပန်းချီကားနားမှာပဲ ရှိခဲ့တယ်"

"ဒီအခန်းထဲက သူဘယ်မှ မထွက်ခဲ့ဘူး မောင်ရင်"

အဘိုးကြီးအသံက ကြေကွဲဝမ်းနည်းဟန်၊ ပန်းချီကား၏ အောက်မှာတော့ လှပသောလက်ရေးများဖြင့်–

"ဆောင်းကေရီ"

ဟု ရေးထိုးထားလေသည်။ အမှန်ပါပဲ၊ အဖြူရောင်ဆွတ်ဆွတ် ဝတ်စုံနှင့် နက်မှောင်သောဆံပင်များ ကျဲပြန့်လျက် ဒီအမျိုးသမီးပုံဟာ "ဆောင်းကေရီ" မှလွဲ၍ တခြားဘွဲ့မပေးနိုင်။ ထိုညမှာ သူတွေ့လိုက်ရတာက ယောကျ်ားပီသစွာ အလွန်ချောမောသော လူငယ်တစ်ယောက်၏ဓာတ်ပုံနှင့် သူမက နတ်တမျှ ချောမောလှပသည့် ဆောင်းကေရီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော မိန်းကလေးတစ်ယောက်၏ ပန်းချီလား။

သူက အဘိုးကြီးကို တောင်းပန်သလို ကြည့်လိုက်၏။

"ကျွန်တော်ဟာ စာရေးဆရာတစ်ယောက်ပါ အဘိုး၊ ကျေးဇူးပြုပြီး သူတို့အကြောင်း ကျွန်တော့်ကို ပြောပြနိုင်မလား ခင်ဗျာ"

အဘိုးကြီးက အတန်ကြာ တိတ်ဆိတ်သွားပြီးမှ သက်ပြင်းတစ်ချက်ချသည်။

"အင်း...နောက်ဆုံးတော့ ကျုပ်ဆန္ဒအတိုင်း ဖြစ်လာပြီပဲ၊ တကယ်တော့ ဒီအဖြစ်အပျက်တွေကို ကျုပ်မသေခင် တစ်ယောက်ယောက်ကို ရင်ဖွင့်သွားချင်တာ၊ သူတို့ရဲ့ ရင်နာစရာကောင်းလှတဲ့ အဖြစ်ကို မှတ်တမ်းတင်စေချင်တာ၊ ခုတော့ အချိန်ကျလို့ မောင်ရင် ရောက်လာတာပဲ"

အဘိုးကြီး၏ စကားကသူ့အတွက် စိတ်ဝင်စားဖွယ်ကောင်းလှသည်။ လူငယ်လေးနှင့် ဆောင်းကေရိတို့ ဘယ်လိုပတ်သက်နေလဲ။

လူငယ်လေးဟာ ဘယ်သူလဲ။

ဆောင်းကေရီဆိုတာ ဘယ်လိုမိန်းကလေးလဲ။

ပြီးတော့ သူတို့နှစ်ယောက် ဘယ်မှာလဲ။

စာရေးဆရာပီပီ သူ့ရင်ထဲမှာ သိချင်တာတွေ ဆက်တိုက်ဖြစ်ပေါ်လာရသည်။

"သူ့နာမည်က ခွန်ဂျာတဲ့၊ ဒီစံအိမ်ရဲ့ အရှင်သခင်ဟာ သူပဲ မောင်ရင်"

"ဩော်..."





ဓာတ်ပုံထဲက လူငယ်လေးဟာ ဒီစံအိမ်ရဲ့ အရှင်သခင်ခွန်ဂျာဆိုပါလား၊ ကြည့်လိုက်တာနှင့် တကယ့်ကို လူရည်လူသန့်တစ်ယောက်မို့ သာမန်မျိုးနွယ်ထဲက ဘယ်လိုမှမဖြစ်နိုင်။

"ဟောဒီ ဆောင်းကေရီဆိုတဲ့ ပန်းချီကားကို သူကိုယ်တိုင်ဆွဲခဲ့တာပဲ"

"ဗျာ ဒီပန်းချီကားကို သူဆွဲခဲ့တာ ဟုတ်လား အဘိုး"

"ဟုတ်တယ် မောင်ရင်၊ ဟောဒီ ပန်းချီကားကြီးကို သူကိုယ်တိုင်ဆွဲခဲ့တာ"

"ဒါ ဒါဆို ဒီပန်းချီကားထဲက မိန်းကလေးကကော ခင်ဗျာ"

အပြင်မှာ တကယ်ရှိပါသလား။

ဤမျှ လှမကနတ်တမျှ ချောမောလှပသော မိန်းကလေးမျိုး သူ့တစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသေးတာကြောင့် စိတ်လှုပ်ရှားစွာ မေးမိ၏။

"ဘာလဲ... မောင်ရင်က ဒီလိုမိန်းကလေးမျိုးအပြင်မှာ တကယ်မရှိဘူး ထင်တယ် မဟုတ်လား"

သူ ဝန်ခံလိုက်သည်။

"မှန်ပါတယ်ခင်ဗျာ"

ကျွန်တော့်ဘဝတစ်သက်တာမှ ဒီလောက်ချောမောလှပတဲ့ မိန်းကလေးမျိုး တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသေးပါဘူး။

"အင်း...သာမန်ဆိုရင်တော့ ဒီလိုမိန်းကလေးမျိုးဟာ အပြင်မှာ ရှိဖို့ ခဲယဉ်းပါတယ်။"



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ လူလေးခွန်ဂျာအတွက် ဆောင်းကေရီဟာ တကယ်ပဲ ရှိခဲ့တယ်လေ၊ တကယ်ပဲရှိခဲ့တယ်”

ပြောနေရင်း အဘိုးကြီးအသံက ခြောက်သွေ့အက်ကွဲလာသယောင်၊ မျက်နှာမှာလည်း ကြေကွဲဝမ်းနည်းရိပ်တို့ ထင်ဟပ်လာသလိုလို။

အဘိုးကြီးကိုကြည့်ပြီး၊ သူ့ရင်ထဲမှာပင် ဘာကိုမှန်းမသိ၊ တစ်စုံတစ်ရာ ခံစားလာရ၏။

“ဆောင်းကေရီဟာ တကယ်ရှိခဲ့တယ်ဆိုရင်၊ ခုကော သူဟာ ဘယ်မှာလဲ အဘိုး၊ ဘယ်မှာလဲ ခင်ဗျာ”

“ဆောင်းကေရီရဲ့ ပန်းချီကားကို တွေ့လိုက်တာနဲ့ မင်းသူ့ကို တွေ့ချင်နေပြီ မဟုတ်လား”

“အင်း… တကယ်တော့လဲ ဒါဟာ မဆန်းပါဘူး၊ ဆောင်းကေရီကို တွေ့ဖူးတဲ့လူတိုင်းက နောက်ထပ်အကြိမ်ကြိမ် တွေ့ချင်ကြတာပါပဲ။

“အဲဒီထဲမှာ လူလေးခွန်ဂျာလဲ အပါအဝင်ဖြစ်ခဲ့ရတာပေါ့ မောင်ရင်”

ထို့နောက် အဘိုးကြီး၏အသံက တဖြည်းဖြည်းတိုးဝင်ကာ အတိတ်လွင်ပြင်မှ ဖြစ်ရပ်များကို ယခုပဲ မျက်စိပဲ မြင်ယောင်လာတော့၏။

* * *





# ဆောင်းကေရီ



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က နှင်းမိုးတွေ သည်းသည်းမည်းမည်း ရွာနေသည်။ နှင်းမိုးတွေအောက်မှာ ကုန်းမို့မို့ထက်တွင် မားမားကြီးတည်ရှိနေသော ရဲတိုက်ကြီးတစ်ခု၊ နောက်မှက တောင်တန်းတွေနှင့် ပတ်ဝန်းကျင်က အေးချမ်းတိတ်ဆိတ်လို့။

အေးလွန်းသော ရာသီဥတုကြောင့် ကိုရုပ်ဆိုးက မီးလင်းဖိုထဲ ထင်းထပ်ဖြည့်လိုက်၏။ တကယ်တော့ ပေဟာဒီရဲတိုက်ကြီးတစ်ခုလုံးမှာ ကိုရုပ်ဆိုးတစ်ယောက်တည်း၊ မှန်ရာဝန်ခံရလျှင် ထိုရဲတိုက်ကြီး၏ အရှင်သခင်ကို ကိုရုပ်ဆိုးက သစ္စာရှိစွာ စောင့်နေခြင်း ဖြစ်သည်။

ယခုတော့ သခင်သည်လည်း ထွက်ခွာသွားတာ လေးငါးနှစ်မကတော့။ သို့သော် ကိုရုပ်ဆိုးကတော့ ထိုရဲတိုက်ကြီးမှ တစ်ဖဝါးမျှ မခွာခဲ့။ မှန်ရာပြောရလျှင် ကိုရုပ်ဆိုးအနေဖြင့် တခြားနေရာသို့လည်း သွားစရာမရှိပါ။

တဖြည်းဖြည်း နှင်းမိုးတွေပါ သည်းလာချိန်မှာ။





"ဒေါက်...ဒေါက်"

ကျယ်လောင်သော တံခါးခေါက်သံကြောင့် ကိုရုပ်ဆိုးမီးလင်းဖိုဘေးမှ ဆတ်ခနဲထလိုက်၏။ သည်လိုအချိန်မှာ ဘယ်ကဧည့်သည် ရောက်လာသလဲ။ တံခါးသံက ပို၍ အဆက်မပြတ် ဖြစ်ပေါ်လာ၏။

ကိုရုပ်ဆိုးက လျင်မြန်စွာသွား၍ တံခါးဖွင့်ပေးလိုက်တော့။

"ဝုန်း..."

"ဟင်... သခင်"

လက်တစ်ဖက်က အိတ်တစ်ခုဆွဲလျက် တခြားလက်တစ်ဖက်က ငါးနှစ်အရွတ်ကလေးတစ်ယောက် ဆွဲထားသော သူ၏သခင်သည် အိမ်ထဲသို့ ဒယီးဒယိုင်ဝင်လာကာ ဝုန်းခနဲပစ်ကျလေ၏။

ဘယ်လောက်ပဲ အချိန်တွေကြာပါစေ၊ ကိုရုပ်ဆိုးက သခင်ကို အမြဲမှတ်မိနေသူ။ အလျင်ကထက် အများကြီးပိန်ကျကာ မျက်နှာမှာ ဖြူဖတ်ဖြူရော်နှင့် နေမကောင်းဟန်ပေါက်နေတဲ့ကြားမှ သခင်၏ ချောမောခံ့ညားမှုက ပျောက်မသွားပေ။

"သခင် သခင် ဘယ်လိုဖြစ်လာတာလဲ ခင်ဗျာ"

ကိုရုပ်ဆိုးက သူ၏သခင်ကို ပြေးပွေ့တူရင်း မေးသည်။ မှေးမှိတ်ထားသော မျက်ဝန်းများကို သခင်က ဖွတ်အားယူဖွင့်၏။

"ကိုရုပ်ဆိုး"

"ကျုပ်ရှိပါတယ် သခင်"



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကို တစ်လုံးချင်းခေါ်နေသော သခင်နားသို့ကပ်ကာ ကိုရုပ်ဆိုးပြောသည်။ သခင်က ကိုရုပ်ဆိုးအား ရှိုးရှိုးမျှော့တော့စွာ ကြည့်၏။

"ကျွန်တော် ဒီလောက်အကြာကြီး ပျောက်သွားတာတောင် ခင်ဗျား ရှိနေတယ်နော်"

ကိုရုပ်ဆိုး ပြုံးလိုက်ပေမဲ့ အသွင်ပေါ်မည်ခထင်။ တို့ကြောင့် ခေါင်းကို ညိတ်ပြရသည်။

"ကျွန်တော်ဟာ သခင်အပေါ် အမြဲတမ်း သစ္စာရှိနေပါတယ် ခင်ဗျာ"

"ကျေးဇူးပဲဗျာ၊ ဒါကြောင့် ကျွန်တော်ခင်ဗျားဆီ အရောက်ပြန် လာတာ၊ ခင်ဗျား သိလား ဟောဒီကမ္ဘာပေါ်မှာ ကျွန်တော့်သားလေး ကို ယုံကြည်စိတ်ချစွာ အပ်ရဖို့လူဆိုလို့ ခင်ဗျားတစ်ယောက်ပဲရှိတယ် ကိုရုပ်ဆိုး"

"ဗျာ"

သည်တော့ ဆံပင်ညိုဖျော့ဖျော့လေးများနှင့် မျက်လုံးဝိုင်းဝိုင်း လေးများဖြင့် ရွှေအဆင်းလို အသားအရေ ဝင်းဝါသော အရွယ်ကလေး ကို ဂရုပြုမိ၏။

လှလိုက်၊ ချောလိုက်ပါတဲ့ ချစ်စရာကောင်းလွန်းသော ကလေး တစ်ယောက်ပါလား။





"အဲဒါ ကျွန်တော့်သားပဲ ကိုရုပ်ဆိုး"

ကလေးကို လက်ညှိုးညွှန်ပြကာ သခင်ပြောသည်။ ကိုရုပ်ဆိုး ခေါင်းညိတ်ကာ–

"ဟုတ်ကဲ့ သခင်ရဲ့ ကလေးက သခင်အတိုင်းပဲ ချောမောလှပ ပါတယ်ခင်ဗျာ"

သခင် ခေါင်းခါယမ်း၏။

"ကျွန်တော် သူ့ကို ခင်ဗျားလက်ထဲ စိတ်ချလက်ချ အပ်ခဲ့ ပါရစေ ကိုရုပ်ဆိုး"

"ဗျာ ဒါဆို သခင်က ဘယ်သွားမလို့လဲ ခင်ဗျာ"

ကိုရုပ်ဆိုး ရင်ခွင်ထဲမှ သခင်အပြုံးက မပီပြင်တော့။

"ကျွန်တော့အတွက် သွားစရာလမ်းက တစ်နေရာပဲ ရှိပါတော့ ကယ်ဗျာ"

"တကယ်တော့ ကျွန်တော်ဟာ ခရီးသွားရင်း ဟောဒီကလေး အမေနဲ့တွေ့ပြီး လက်ထပ်ဖြစ်ခဲ့တာ၊ မကြာခင်ကပဲ သူ့အမေဟာ ဆုံးပါးခဲ့တယ်၊ ဒါကြောင့် ကလေးကိုခေါ်ပြီး ပြန်လာခဲ့တာ၊ ကလေး အတွက် စိတ်အချရဆုံးဟာ ခင်ဗျားတစ်ယောက်ပဲရှိတယ် မဟုတ်လား ကိုရုပ်ဆိုး"

"စိတ်ချပါ ကလေးအတွက် မပူပါနဲ့သခင်၊ ကျွန်တော် သခင့်သားကို ကောင်းကောင်းစောင့်ရှောက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို သခင်တွေ၊ ဘာတွေခေါ်မနေစမ်းပါနဲ့ဗျာ၊ ခင်ဗျားနဲ့ ကျွန်တော်ဟာ ငယ်ငယ်ကတည်းက အတူနေလာတဲ့ ညီအစ်ကိုတွေပါ ဒီတော့ သူဟာ ခင်ဗျားရဲ့တူ၊ သူ့နာမည် ခွန်ဂျာ"

ကလေးကို လက်ညှိုးထိုးပြောသည်။ သခင်က ကိုရုပ်ဆိုးလား ညီအစ်ကိုလို သတ်မှတ်လိုက်တာမို့ ဝမ်းသာသွားရ၏။

ကလေးကို လက်ကမ်းကာ

"လာပါဦး ကလေးရယ်"

ဟု ခေါ်မိသည်။

သို့သော် ကလေးက မျက်လုံးဝိုင်းလေးများဖြင့် ကိုရုပ်ဆိုးအား ကြည့်၏။

"သား…အိတ်ထဲမှာ ချော့ကလက်ပါတယ် မဟုတ်လား၊ စားရင်းဟိုနားမှာ သွားထိုင်နေ"

"ဟုတ်ကဲ့"

လိမ္မာဟန်ရှိသော ကလေးက သူ့အဖေပြောတဲ့စကားအတိုင်း ချော့ကလက်တောင့်ယူပြီး မီးလင်းဖိုဘေးနားတွင် သွားထိုင်နေ၏။

"သူ့အတွက် ငွေစုထားတာရှိတယ်၊ ခင်ဗျားက သူ့ကို ထိန်းသိမ်းစောင့်ရှောက်ခအဖြစ် သုံးပုံတစ်ပုံယူပါ၊ ကျန်တာကို သူ့ ပညာ၊ စားစရိတ်ထားပြီး၊ တကယ်လို့ သူပညာဆက်မသင်တော့ရင်လဲ သူ အသက်ဆယ့်ရှစ်နှစ်ပြည့်တဲ့အခါ ကျွန်တော်အပ်ထားတဲ့ ပစ္စည်းနဲ့





ငွေတွေပေးလိုက်ပါ"

"ကောင်းပါပြီသခင်"

"ဒါဆို ကျွန်တော့်နာမည်၊ သြော်…ခွန်ဂျာကို ဒီညကစပြီး ခင်ဗျားနဲ့ အတူရှိပါစေ"

"ဟုတ်ကဲ့ ခင်ဗျာ"

ထို့နောက် သခင်ကို နွေးထွေးသော အိပ်ခန်းထဲပို့ကာ လှဲစေ၏။ သူပြန်ထွက်တော့

"ကျေးဇူးပြုပြီး တံခါးပိတ်သွားပါ"

"စားစရာ တစ်ခုခု"

"မလိုဘူး၊ ကျွန်တော်နားချင်ပြီ"

"ကောင်းပါပြီ ခင်ဗျာ"

တံခါးကို ညင်သာစွာပိတ်ပြီး ကိုရုပ်ဆိုးထွက်ခဲ့၏။ မီးလင်းဖို ဘေးမှာ ကလေးက ချော့ကလက်စားတုန်း။

သူလာတာမြင်တော့ ဖျတ်ခနဲလှည့်ကြည့်သည်။ သူပြုံးပြကာ

"ဒီည မင်းဦးလေးနဲ့ အတူနေရမယ်"

ဟု ပြောလိုက်သည်။ သည်တစ်ခါတော့ ကလေးက ကြောက်ရွံ့ဟန်မရှိဘဲ အနားကပ်လာ၏။

"ဒက်ဒီကော"

"ကလေး အဖေ နေမကောင်းလို့ အိပ်နေပြီ၊ လာ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဦးလေး ဆိတ်နို့တိုက်မယ်"

ကလေးလက်ကိုဆွဲကာ သူထမင်းစားခန်းထဲခေါ်ခဲ့၏။ ထို့နောက် ညစာအတွက် ချန်ထားသော ဆိတ်နို့ကို ဖန်ခွက်ကြီးနှင့် အပြည့်ထည့်ပေးကာ မုန့်များချကျွေးလိုက်သည်။

"ဒါတွေ ကျွန်တော်စားရမှာလား"

မျက်လုံးဝိုင်းလေးဖြင့် ကလေးကမေး၏။ သူပြုံး၍

"အေး"

ဟု ခေါင်းညိတ်ပြလိုက်၏။ ကလေးက သူ့အပေါ် ခင်မင်နှစ်သက်သွားဟန်ဖြင့်–

"ဦးလေးက သဘောကောင်းတယ်"

ပြောပြီး ဆိတ်နို့များကို အားပါးတရ မော့သောက်သည်။ အတော့် ဆာလာတဲ့ပုံပါပဲ။

"မုန့်လဲ စားဦးကွ"

"ဟုတ်ကဲ့"

လိမ္မာယဉ်ကျေးသော ကလေးက မုန့်များကိုလည်း အားပါးတရစားလေ၏။ ကြည့်စမ်း မမျှော်လင့်ဘဲ သူ့ဘဝမှာ ကလေးတစ်ယောက်ကို အပိုင်မွေးစားရတော့မှာပါလား။

"ကျွန်တော် အိပ်ချင်ပြီဗျ"

စားသောက်ပြီးတော့ ကလေးက မျက်တောင်များမှေးစင်းလာ





လျက် ပြော၏။ သည်တော့မှ သူသတိရကာ

"ဪ... အေး မင်းကို ဦးလေး အိပ်ရာဆီ ပို့ပေးမှာပေါ့ဗျာ"

ဆိုပြီး ကလေး၏ ကိုယ်လေးကို သတ်ခနဲပွေ့ချီခေါ်ခဲ့လိုက်သည်။ မကြာပါ ကလေးက သူ့ရင်ခွင်တွင်းမှာပဲ အိပ်ပျော်သွားလေ၏။

ရင်ခွင်ထဲမှ နှစ်ခြိုက်စွာ အိပ်ပျော်နေသော ကလေးကိုကြည့်ကာ သူ သက်ပြင်းတစ်ချက် ချလိုက်မိသည်။

သည်လောက်ချောမောလှပကာ ချစ်စရာကောင်းတဲ့ ကလေးတစ်ယောက်ဟာ မကြာခင် မိဘတွေနဲ့ခွဲ၍ လောကအလယ်မှာ တစ်ကိုယ်တည်း ကျန်ခဲ့ရမည့်အဖြစ်။

ကလေးရယ်။

သနားစရာကောင်းလိုက်တဲ့ လူလေး။

သူ့ရင်ထဲမှာ ကြင်နာသနားခြင်းတို့ တစိမ့်စိမ့်တိုးဝင်လျက် ခွန်ဂျာဆိုသော ကလေးအပေါ် တစ်သက်လုံး သားတစ်ယောက်လို ပြုစုသွားရန် ဆုံးဖြတ်လိုက်လေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မနက်မှာ အခန်းထဲက ထွက်မလာသော သခင်ကြောင့် တံခါးဖွင့်၍ ဝင်ကြည့်တော့။

"ဟင်..."

သားဖြစ်သူ "ခွန်ဂျာ"ကို သူ လက်ထဲစိတ်ချ၊ လက်ချအပ်ပြီး သခင်က လောကကြီးမှ အပြီးတိုင် ထွက်သွားလေပြီ။

သူသည် ခွန်ဂျာ လက်ကို တင်းတင်းဆွဲကာ သခင်၏အလောင်းကို ကောင်းစွာ သဂြိုဟ်ပေးလိုက်သည်။

"ကလေး မင်းဘာမှ အားမငယ်နဲ့၊ ဟောဒီလောကကြီးမှာ မင်းဘေးနားမှာ ဦးလေးတစ်ယောက်လုံးရှိတယ်၊ သိလား"

သတ္တိကောင်းကာ လိမ္မာသောကလေးက သူ့ခေါင်းကိုညိတ်ပြလေ၏။ ထိုအချိန်မှစ၍ သူ့ဘဝတွင် ခွန်ဂျာသည် အရေးကြီးဆုံးသော လူသားတစ်ယောက် ဖြစ်လာလေ၏။

သခင်ထားခဲ့သော အိမ်ကြီးနှင့် ပစ္စည်းများကို ကောင်းမွန်စွာ





စောင့်ရှောက်ရင်း ခွန်ဂျာကို ပြုစုပျိုးထောင်ခဲ့သည်။

ခွန်ဂျာကို အိမ်ကြီးနှင့်အတန်ငယ်ဝေးသည့် နေရာမှာ ကျောင်းထားပေးခဲ့၏။ သူက ခြံလုပ်၊ မွေးမြူ၊ အမဲလိုက်ခြင်းတို့ဖြင့် ခွန်ဂျာဘဝကို မပူပင်စေရ။

"ဦးလေး"

"ဗျာ..."

"ဦးလေးက ကျွန်တော့်အဖေလား"

"အေး...ဟုတ်တယ်"

သူမှလွဲ၍ အားကိုးစရာမရှိသော ကလေးကို ထိုနည်းဖြင့် အားပေးလိုက်၏။ ရေစက်လားမသိ၊ ကလေးကလည်း သူ့ကိုချစ်ခင်လေသည်။ တစ်ခြားကလေးတွေ သူ့ရုပ်မြင်လျှင် ထွက်ပြေးတတ်ကြပေမဲ့ ခွန်ဂျာကတော့ ထိုသို့မဟုတ် သူ့ရင်ခွင်ထဲပြေးဝင်တတ်သည်။

သူနှင့်အတူ ခြံအလုပ်တွေ မွေးမြူရေးတွေမှာ ကူလုပ်တတ်သလို အမဲလိုက်ခြင်းကိုလည်း ဝါသနာပါ၏။

လူတိုင်းက သူတို့နှစ်ယောက်ကို တွဲ၍တွေ့လျှင် အံ့သြကြသည်။ သူက အလွန်ရုပ်ဆိုးကာ ခွန်ဂျာမှ အလွန်ချောမောလှပသော ကလေးတစ်ယောက် ဖြစ်နေသောကြောင့်ပါ။

"ခင်ဗျားတို့နှစ်ယောက် ဘယ်လိုရေစက်ကြောင့် ခုလိုတွဲမိကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကိုကြည့်ကာ အံ့သြစွာ မေးကြသည်။ ထိုအခါ သူတို့ပြုံးကာ

"ဒီဘဝကောင်းမှုကြောင့် ပေါ့ဗျ"

ဟု ဂုဏ်ယူစွာ နှစ်ယောက်သား ပြန်ဖြေတတ်လေ၏။

ခွန်ဂျာဆယ်နှစ်ကျော်တော့ မြို့ပေါ်လွှတ်ကာ ကျောင်းထားသည်။

ခွန်ဂျာက ဉာဏ်ထက်မြက်သော ကလေးဖြစ်ကာ၊ ကျောင်းစာမှာလည်းထူးချွန်၏။ သို့သော် ခွန်ဂျာက ကျောင်းစာထက် အမဲလိုက်ခြင်းကို ပို၍ ဝါသနာပါလေသူ။

"စာကို ကောင်းကောင်းသင်ပါ ခွန်ဂျာ၊ မင်းရဲ့အမေဟာ မင်းကို စာတတ်စေချင်တယ်"

"ကျွန်တော်သိပါတယ် ဦးလေး၊ ဒါပေမဲ့ စာသင်တာထက် ဦးလေးနဲ့အတူနေပြီး အမဲလိုက်ရတာ ပိုပျော်တယ်ဗျ"

"အေးပေါ့ကွာ၊ ယောကျ်ားဆိုတာ ဘက်စုံကတတ်ကျွမ်းထားတော့ ပိုကောင်းတာပေါ့"

ကျောင်းပိတ်ရက်တိုင်း ခွန်ဂျာက သူနှင့်အတူ ရှိနေလေ၏။ ခွန်ဂျာသည် အံ့သြစရာကောင်းသော ကလေးဖြစ်သည်။

အသက်ဆယ့်ငါးနှစ်ဆိုသော အရွယ်မှာ အင်မတန်ထွားကျိုင်းကာ ရုပ်ရည်ကအစ တကယ်ချောမောသန့်စင်သော လူငယ်တစ်ယောက်ဖြစ်နေ၏။ မသိသူတွေက ခွန်ဂျာကို အသက်နှစ်ဆယ်ကျော်





အမျိုးသားတစ်ယောက်ဟု ထင်မှတ်မှားတတ်ကြသည်။ သူတို့ဘယ်လောက်ပဲ အထင်မှားပါစေ၊ ခွန်ဂျာ၏ နုနယ်သော ရုပ်ကို တွေ့လိုက်ရလျှင် ဆယ်ကျော်သက် လူငယ်လေးတစ်ယောက်ပါလားဟု အသိအမှတ်မပြုဘဲ မနေနိုင်။

တကယ်တော့ ခွန်ဂျာဟာ သူ့ဇာတိနွယ်ဖွားရုပ်ရည်ကို ပြလာခြင်းပါ။

ခွန်ဂျာများ အိမ်ပြန်ရောက်လျှင် ရွာထဲက မိန်းကလေးတွေမှာ ဟင်းလာပေးရ၊ စားသောက်စရာတွေ လာပို့ရနှင့် စည်ကားနေတတ်၏။

ခွန်ဂျာကတော့ ဘယ်မိန်းကလေးအပေါ်မှ ဆန်းဆန်းပြားပြား စိတ်မထားပေ။ ကျောင်းပိတ်ရက်ပြန်လာသော ခွန်ဂျာမှ မြို့က သူငယ်ချင်းတွေ လိုက်လာတတ်ကြသည်။ ဒါပေမဲ့ များသောအားဖြင့် မိန်းကလေးတွေ။

ရုပ်ရည်ချောမောကာ ယောကျ်ားပီသစွာ ကျစ်လျစ်တောင့်တင်းသော ခွန်ဂျာနားမှာ မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်နေတာ တကယ်ဆို မဆန်းပေ၊

"ဘယ်လိုလဲ ခွန်ဂျာ၊ မင်းကကျောင်းမှာကော တော်တော်မှာမည်ကြီးနေရဲ့လား"

ရွှေရောင်အသားအရေနှင့် ညိုဖျော့ဖျော့ဆံပင်တို့ဖြင့် လူချောပွခန့်၊ ခွန်ဂျာနားမှာ မိန်းကလေးတွေ ဝိုင်းနေမှာ၊ သူသိတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



သူမမေးတော့ ခွန်ဂျာပခုံးတွန့်ပြုး၏။

"သေချာတာပေါ့ ဦးလေးရာ၊ ကောင်မလေးတွေ တစ်နေ့တစ်နေ့ ကျွန်တော့်အနား နည်းမျိုးစုံနဲ့ကပ်နေတာ စိတ်ရှုပ်ဖို့ကောင်းတယ်ဗျာ"

"အင်း...အမှန်တော့ ဒီအဖြစ်ဟာ မင်းအတွက် ဂုဏ်ယူစရာပဲ ခွန်ဂျာ၊ ယောကျ်ားတွေအဖို့ ဒီလိုကံကောင်းတဲ့ အခွင့်အရေးရဖို့ တယ်ရှားတာပဲ"

သူလိုလူအဖို့ မိန်းကလေးတစ်ယောက်အနားကပ်ဖို့ မပြောနှင့် သူ့ရုပ်မြင်လျှင်ပင် ဝေးဝေးက ထွက်ပြေးကြရတဲ့အဖြစ်၊ ကြာတော့ သူကကည်း မိန်းမတွေကို အလိုလိုရှောင်ကြဉ်လာကာ အန္တရာယ်ရှိသော သတ္တဝါများအဖြစ် မှတ်ယူထားတော့၏။

"ကျွန်တော်ကတော့ အဲဒီလို ကံကောင်းမှုမျိုး မရချင်ပါဘူး ဦးလေးရာ"

ချောမောသော မျက်နှာကို ရှုံ့မဲ့ကာ ခွန်ဂျာပြောသော သူပြုံးမိ၏။ တကယ်တော့ ခွန်ဂျာဟာ ကလေးသာသာလူငယ် တစ်ယောက်ပဲရှိသေးတာ မဟုတ်လား။

ထို့ကြောင့် သူက ခွန်ဂျာပခုံးကို ပုတ်ကာ

"ဘာမှ မပူပါနဲ့ကွာ နောက်တော့လဲ၊ မင်း ဒါမျိုးတွေ ရင့်ကျက်လာမှာပါ"





ဟု အားပေးနှစ်သိမ့်လိုက်သည်။ သို့သော် တကယ်တမ်းမှာ အရွယ်နှင့် မမျှအောင် ထွားကျိုင်းလာသော ခွန်ဂျာအတွက် သူစိုးရိမ်ပူပန်မိတာအမှန်။

မတော်လို့ ခွန်ဂျာတစ်ယောက် အသက်ငယ်ငယ်နှင့် အိမ်ထောင်ကျသွားမှဖြင့် သူ့ရင်ကျိုးရချည်ရဲ့။ ထိုအတွေးက သူ့ကို ပူလောင်စေသည်။

ထိုအချိန်မှာပဲ

"ဦးလေး၊ ကျွန်တော်ကျောင်းဆက် မတက်တော့ဘူး"

အထက်တန်း ပညာကုန်ချိန်မှာ ခွန်ဂျာက သူ့ကို ပြောလာသည်။

"ဒါဆို မင်းဘာလုပ်မှာလဲ"

"ကျွန်တော် ဦးလေးနဲ့နေပြီး၊ ခြံစိုက်မယ်၊ မွေးမြူရေးလုပ်မယ်၊ အမဲလိုက်မယ်"

ခွန်ဂျာက ပြတ်သားစွာပြော၏။ သူကိုယ်တိုင်ကလည်း အရွယ်ရောက်လာသော ခွန်ဂျာကို ခွဲ၍မထားလို၊ ခွန်ဂျာတစ်စုံတစ်ခု မှားယွင်းသွားမှာကို အလွန်စိုးရိမ်သည်။

"ဒါပေမဲ့ မင်းကို မင်းအဖေက စာတတ်စေချင်တယ်"

"ကျွန်တော့်အတွက် ဒီလောက်တတ်ရင် လုံလောက်ပါပြီ၊ ကျွန်တော်က တခြားလူတွေလို မြို့အုပ်လုပ်မယ့်လူ မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဦးလေး"

ဒါလည်း ဟုတ်တာပဲဟု သူတွေးကာ ခွန်ဂျာဆုံးဖြတ်ချက်ကို ထောက်ခံလိုက်၏။

"ကောင်းပြီလေ၊ ဦးလေးကတော့ ဘာမှ တားစရာမရှိဘူး၊ မင်းသဘောပဲ ခွန်ဂျာ"

ထိုသို့ဖြင့် နှစ်ယောက်သား သဘောတူဆုံးဖြတ်၍ ခွန်ဂျာ ကျောင်းမှအပြီးတိုင် ထွက်လိုက်လေသည်။ အံ့ဩစရာကောင်းတာက ထိုနေ့ဟာ ခွန်ဂျာအသက်ဆယ့်ရှစ်နှစ်ပြည့် ဖြစ်သည်။

"ကဲ…ခွန်ဂျာရေ မင်းအသက်ဆယ့်ရှစ်နှစ်ပြည့်ရင် သခင်က ပေးဖို့မှာသွားတဲ့ ပစ္စည်းတွေရှိတယ်"

"ဟောဒီသေတ္တာပဲ၊ ရော့ သော့ဒီနှစ်တွေကာလအတွင်း ဦးလေးဟာ တစ်ခါမှ ဒီအရာတွေကို မထိမိဘူး၊ မင်းကိုယ်တိုင် ဖွင့်ခိုင်းဖို့ ဆုံးဖြတ်ခဲ့တယ်ကွယ်"

ခွန်ဂျာလက်ထဲသော့အပ်ကာ သူစိတ်လက်ပေါ့ပါးစွာ ပြောသည်။ အရွယ်ရောက်လာသော ခွဲဂျာလက်ထဲ သော့အပ်လိုက်ရ၍ သူ စိတ်ပေါ့ပါးတာ အမှန်။

"အဖေ ဘာတွေများ ထားခဲ့ပါလိမ့်"

ခွန်ဂျာက ပြောရင်း သော့ဖွင့်သည်။ ဘေးမှ သူကခွန်ဂျာ လှုပ်ရှားမှု တည်ငြိမ်စွာကြည့်နေလိုက်၏။





"ဟင်…"

သေတ္တာပွင့်သွားချိန်မှာ ကွန်ဂျာအတွက်ဟုဆိုကာ ယွန်းသေတ္တာငယ်လေးတွေ့ရ၏။ ထိုသေတ္တာလေးကို ဖွင့်ကြည့်တော့

"ဟာ"

စိန်၊ ရွှေရတနာ အပြည့်ကို မြင်လိုက်ရတာကြောင့် သူတို့ အံ့ဩသွားသည်၊

ပြီးတော့ စာတစ်စောင်။

"လူလေး"

ဒီစာကို ဖတ်တဲ့အချိန်မှာ အဖေဟာ လူ့လောကထဲမှာ မရှိတော့ပါဘူး၊ ဒီပစ္စည်းတွေအားလုံးက မင်းရသင့်ရထိုက်တဲ့ အမွေပစ္စည်းတွေပဲ။

တကယ်တော့ ဒီသေတ္တာကို မင်းအသက် ဆယ့်ရှစ်နှစ်ပြည့်မှ ဖွင့်ခိုင်းတာဟာ၊ ဒီလောက်တန်ဖိုးရှိတဲ့ ပစ္စည်းတွေအပေါ် မင်းထိန်းသိမ်း စောင့်ရှောက်တတ်အောင်လို့ပါ။

မင်းအတွက် သစ္စာရှိအဖော်အဖြစ် ကိုရုပ်ဆိုး ရှိနေခြင်းဟာ လူလေးအတွက် အဖေစိတ်ချရခြင်းပါပဲ။

"ဒီပစ္စည်းတွေ ကျွန်တော်ဘာလုပ်ရမလဲ ဦးလေး"

အဖိုးတန်လှသော ရတနာပစ္စည်းတွေကိုကြည့်ကာခွန်ဂျာက



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မေးလာသည်။ သူက ပစ္စည်းများကို တစ်လှည့် ခွန်ဂျာကို တစ်လှည့်ကြည့်၏။

တကယ်ဆို ခွန်ဂျာလို ရုပ်ရည်မျိုးနှင့် ဒီတောထဲမှာ မနေသင့်ဘဲ၊ မြို့မှာ ကောင်းကောင်းနေသင့်တယ်ဟု သူထင်သည်။

"မင်း မြို့မှာအိမ်ဝယ်ပြီး ကောင်းကောင်းသွားနေမလား ခွန်ဂျာ"

"ဟင့်အင်း၊ ကျွန်တော် အဲဒီမှာမနေချင်ဘူး ဦးလေး၊ ကျွန်တော် စိတ်တွေက တောတောင်တွေထဲမှာပဲ ပျော်တယ်"

"ကောင်းပြီလေ၊ တကယ်တော့ ဒီပစ္စည်းတွေဟာ ဟို့အတွက် ဘာမှ အသုံးမဝင်လှပါဘူး။ ဒီတော့ ဒီပစ္စည်းတွေကို သူ့နေရာသူ ထားပြီး လုံခြုံစိတ်ချရတဲ့ တောင်တန်းကြီးတွေရဲ့ နောက်မှာ ဘာရှိလဲ ဆိုတာ ကျွန်တော် သိပ်သိချင်တာပဲ"

"မကြာခင်တွေ့ရမှာပေါ့ကွာ၊ ကဲ ဒီထဲက မင်းကြိုက်တာယူပြီး သိမ်းလိုက်ရအောင်"

ခွန်ဂျာက ရွှေစအနည်းငယ်ယူပြီး သိမ်းဆိုင်းတော့၏။

"ဦးလေးကော ဘာမှ မယူဘူးလား"

သူခေါင်းခါခါယမ်းကာ ငါ့အတွက် ဘာလိုမှာလဲကွာ၊ ဟောဒီ ခြေလက်တွေဟာ ငါ့အတွက် အဖိုးမဖြတ်နိုင်တဲ့ ရတနာတွေပဲ မဟုတ်လား။





သန်မာလှသော ခြေလက်များကိုပဲ သူ့ဘဝတစ်လျှောက် အားကိုးခဲ့တာ မဟုတ်လား။ ခွန်ဂျာက ခေါင်းညိတ်ထောက်ခံသည်။

"ဦးလေးကို ကျွန်တော် အားကျတာ ဒါတွေပဲ၊ တစ်သက်လုံး ဘယ်သူ့ကိုမှ အားမကိုးဘဲ ကိုယ့်အားကိုယ်ကိုးလာတာ မဟုတ်လား"

"တကယ်တော့ ယောကျ်ားမှန်ရင် ဒီလိုစိတ်ဓာတ်မျိုးပဲ ရှိသင့်တယ်"

"အဲဒီစိတ်ဓာတ်ကို ကျွန်တော်အကြိုက်ဆုံးပဲ ဦးလေး"

သူပြုံးကာ ခွန်ဂျာပခုံးကို ဖက်လိုက်၏။

"မင်းလဲ ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက်ပါကွာ၊ ကဲ ဟိုတွေ ခရီးထွက်ဖို့ ပြင်ဆင်ကြစို့"

"ကောင်းပါပြီဗျာ"

ထိုသို့ဖြင့် သူတို့နှစ်ယောက်က တွယ်တာစရာမရှိသူများ အလျှောက်၊ ခရီးရှည် အမဲပစ်ထွက်ရန် စီစဉ်ကြလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ ကျန်းမာသန်စွမ်းသူများမို့ နောက်နေ့တွင် ရိက္ခာခြောက်များထည့်ကာ တောပစ်ထွက်ခဲ့ကြတော့၏။ သည်တစ်ခါ ရည်ရွယ်ချက်မှာ သားကောင်ကြီးကြီးရရန်အတွက်မို့ လမ်းမှာတွေ့သော သားကောင်ငယ်လေးများကို လုံးဝမပစ်ခတ်ပေ။

နေမွန်းတည့်ချိန်မှာ သူတို့သည် တောအလယ်သို့ရောက်နေပြီဖြစ်ကာ ခဏနား၍ မနက်စာ၊ စားကြလေ၏။ ပတ်ဝန်းကျင်တစ်ခွင်မှာ ချေသံ၊ ဆတ်သံ၊ မျောက်အော်သံ၊ ငှက်သံတို့ဖြင့် သာယာစွာကြားနေရသလို၊ တောပန်းတောရနံ့များလည်း မွှေးကြိုင်နေသည်။

"သာယာအေးချမ်းလိုက်တာ ဦးလေးရယ်၊ ကျွန်တော်တော့ မြို့မှာ နေရတာထက် ဒီလိုအေးအေးချမ်းချမ်း နေရတာကိုပဲ သဘောကျတယ်"

ခွန်ဂျာမှာ မြို့ပေါ်တွင် ကျောင်းသွားနေခဲ့သူဖြစ်၍ သူနှင့်တောပစ်မလိုက်ရတာကြာပြီ။ အရွယ်ရောက်မှ ယခုတစ်ခေါက်သည်





ခွန်ဂျာအတွက် ပထမဆုံးအတွေ့အကြုံလို ပြန်ဖြစ်နေ၏။ ထို့ကြောင့် သာယာလှပသော တောတောင်ရေမြေစခန်းကို သဘောကျနေလေသည်။

"အင်း... အေးချမ်းသာယာတာတော့ မှန်ပါရဲ့၊ ဒါပေမဲ့ သူ့နေရာအတွက် အန္တရာယ်တော့ရှိတာပဲ လူလေးရဲ့၊ ဥပမာ ဒီလိုနေရာမျိုးမှာ သားကောင်တွေရဲ့ အန္တရာယ်ပေါ့"

"ဟုတ်တာပေါ့ ဦးလေး"

"အေးချမ်းခြင်းနှင့်အတူ အဖျက်ဆိုတာလဲရှိတာပဲ၊ ဟောဒီလောကကြီးမှာ ဖျက်တရားတွေ မရှိရင် ဘယ်လောက် ကောင်းမလဲ"

"ဒါပေမဲ့ လောကမှာ အပူနဲ့အအေး၊ အကောင်းနဲ့အဆိုး အမြဲဒွန်တွဲရှိနေကြတာကိုက လောကရဲ့ သဘာဝနိယာမတစ်ခုပဲကွယ့်"

ထမင်းစားပြီးနောက် ခဏနားပြီး ခရီးဆက်ကြ၏။ ဖျတ်လတ်သွက်လက်သော ခွန်ဂျာအတွက်ကတော့ ခြေလှမ်းတို့ ကျဲလှသည်။

ညမိုးချုပ်သွားချိန်မှာ သူတို့သည် တောနက်ထဲရောက်နေပြီ၊ ထို့ကြောင့် ကြီးမားသော သစ်ပင်ကြီး တစ်ပင်ကြီးအောက်တွင် မီးဖိုကာ စခန်းချကြသည်။

"ကျွန်တော်တော့ ကိုယ်လက်ရေဆေးချင်တယ်၊ ဒီနားတစ်ဝိုက်မှာ စမ်းချောင်းများရှိမလား မသိဘူး၊ ဦးလေး"

တစ်နေကုန်ပင်ပန်း၊ နွမ်းနယ်လာပြီမို့ ကိုယ်ကို ရေထဲစိမ်ကာ



www.burmeseclassic.com

www.burmeseclassic.com



လန်းဆန်းမှုရယူချင်၏။ သို့သော် ပတ်ဝန်းကျင်က မှောင်နေပြီမို့ သူတားလိုက်သည်။

"မနက်ကြမှ ရေရှာကြတာပေါ့ လူလေး၊ ဒီညတော့ စားသောက်ပြီး အနားယူကြရအောင်၊ ဒီမြေက ကိုယ်ကျွမ်းကျင်တာ မဟုတ်တော့၊ မှောင်ရိပ်ဝေတဲ့ အချိန်မှာ ဘယ်မှမသွားတာ ကောင်းတယ်ကွယ့်"

"ကောင်းပါပြီ ဦးလေး"

သူတို့က ထမင်းထုပ်ကို မနက်စာ၊ ညစာသတ်သတ်စီထုပ်လာကြတာမို့၊ ညစာအတွက်ကျန်သော ထမင်းထုပ်များကို စားလိုက်ကြ၏။ ထို့နောက် ပါလာသော ရေဘူးကိုသောက်ကာ အိပ်စက်ဖို့ ပြင်ကြသည်။

"ကဲ...လူလေးအိပ်၊ ဦးလေးကင်းစောင့်မယ်"

"ဟာ... မဟုတ်တာပဲ၊ ကျွန်တော်က လူငယ်၊ ကျွန်တော် စောင့်မယ်၊ ဦးလေး အိပ်ပါ"

ခွန်ဂျာ၏ အလိုက်သိတတ်မှုကြောင့် သူကျေနပ်မိရသည်။ ဒါဟာ ခွန်ဂျာရဲ့သူ့အပေါ်ထားရှိတဲ့ သံယောဇဉ်ပဲ၊ ခွန်ဂျာကို စောင့်ရှောက်ခဲ့ရသမျှ သူ့အတွက် ထိုက်တန်တာပါပဲ။

သူခေါင်းခါယမ်းကာ

"ဦးလေးက တောပစ်ထွက်နေကြကွယ့်၊ ဒီခရီးလောက်တော့ မမှုဘူး၊ လူလေးက ကျင့်သား မရှိသေးတော့ ပင်ပန်းနေပြီ၊ လူလေး အိပ်ပါ၊ တစ်ယောက်တစ်လှည့် ကင်းစောင့်ကြတာပေါ့"

"အဲဒါ ကောင်းတယ်၊ ဦးလေး ကျွန်တော် အိပ်ပျော်နေရင် ကျွန်တော့်ကို နှိုးပါနော် ဦးလေး"

"အေးပါကွယ်"

တကယ်တော့ သူလည်း ပင်ပန်းကာ အိပ်ချင်နေပါသည်။ သို့သော် ခွန်ဂျာကိုညှာရမည်။ မှန်တာပြောရလျှင် သူ၏သခင်မှ မွေးသောခွန်ဂျာသည် သူ့အတွက် သခင်လေးတစ်ယောက်ပင်။

မိဘနှစ်ပါးမဲ့ကာ သူ့ကျွေးမွေးပြုစုလာရခြင်းကြောင့်သာဦးလေးနဲ့တူလို အခြေအနေအရဖြစ်နေရတာ မဟုတ်လား၊ သူ့အနေဖြင့် ခွန်ဂျာကို စောင့်ရှောက်ရမည့်တာဝန် အပြည့်ရှိလေ၏။

လူငယ်ဖြစ်သော ခွန်ဂျာက တစ်နေကုန် ခရီးပန်းနွမ်းနယ်မှုကြောင့် မကြာခင်နစ်ခြိုက်စွာ အိပ်ပျော်သွားရလေသည်။

သူဘယ်လောက် အိပ်ပျော်သွားရတယ်မသိ၊ တစ်စုံတစ်ယောက်က ညင်သာစွာဖြင့် သူ့ကိုလာရောက်ထိခိုက်နှိုးမှ နိုးလာရတော့၏။

ဦးလေးလား၊

သူ့ကို လာရောက်နှိုးတာ ဦးလေးဟုထင်ကာ မျက်ဝန်းတို့ကို အားယူဖွင့်လိုက်တော့။

"ဟင်"

ရုတ်တရက် သူ အံ့ဩသွားရ၏။ သူက နူးညံ့ညင်သာစွာ







www.burmeseclassic.com

www.burmeseclassic.com



လာနိုးနေသူမှာ ဦးလေးအတွက် အဖြူရောင်ဆွတ်ဆွတ်ဝတ်စုံနှင့် နက်မှောင်သော ဆံပင်ရှည်များကျဲပြန့်ကာ ချောမောလှပသော မိန်းကလေးတစ်ယောက်၊ ထိုမိန်းကလေး၏ မျက်နှာကို ဝေဝါးစွာဖြင့် တွေ့ရပေမယ့် စိတ်က ချောမောလှပတာကို အလိုလိုသိနေ၏။

"မောင်တော် နိုးပြီလား"

သာယာလိုက်တဲ့ အသံ၊ ကြည်လင်ချိုမြ လိုက်လေခြင်း၊ သူ့တစ်သက်တာမှာ ဒီမျှလောက်ချိုသာကြည်လင်အေးမြသော အသံမျိုးကို ဒါ ပထမဆုံးအကြိမ် ကြားဖူးတာပါ။

ယခုမှ သေချာကြည့်မိတော့ မိန်းကလေးဝတ်စားထားတာက နန်းဝတ်နန်းစားသုံးသော အဖြူရောင်ဝတ်စုံဖြစ်နေ၏။

သူမထံမှ ဖျော့တော့မွှေးကြိုင်သော ရနံ့တစ်မျိုးကလည်း သူ ရရှိနေသည်။ သူအိပ်ရာမှ ဆတ်ခနဲထကာ...

"မင်း ဘယ်သူလဲ"

ဟု အံ့သြစွာမေးမိ၏။

သည်လောက်တောနက်ကြီးထဲမှာ ဤမျှချောမောလှပတဲ့ မိန်းကလေးမျိုး ဘယ်လိုရောက်ရှိလာတာလဲ။ သူမေးတော့ လှပသော မိန်းကလေးက ချစ်စဖွယ်ပြုံးလေ၏။

"ကျွန်မ ဘယ်သူလဲဆိုတာ မောင် မမှတ်မိတော့ဘူးလား"

သူခေါင်းခါယမ်းလိုက်သည်။ သေချာတယ်၊ သူ့ဘဝမှာ





မိန်းကလေးအတော်များများကို တွေ့ဖူးပေမဲ့ ဒီမျှချောမောလှပတဲ့ မိန်းကလေးမျိုးတစ်ခါမှ မတွေ့ဖူးတာအမှန်။

"ဟင်အင်း... မင်းကို ကျုပ် မသိဘူး"

ထိုအခါ သူမ မျက်နှာလေးညှိုးသွားတာကြောင့် သူ စိတ်မကောင်းဖြစ်သွားရ၏။ သူ့ကြောင့်လှပတဲ့ မိန်းကလေးမျက်နှာ မညှိုးစေချင်ပါ။ ဒါပေမဲ့ သူမကို သူတကယ်မသိတာအမှန်။

"ဟုတ်ပါတယ်လေ၊ ခုတော့ မောင်တော်က နှမကို မေ့ပြီကိုး၊ အင်း ဘဝတွေလဲ ခြားခဲ့ပြီလေ၊ ဒါပေမဲ့ နှမကတော့ မောင်တော်ကို သစ္စာရှိစွာ စောင့်နေလျက်ပါရှင်"

"မင်း ဘာတွေ ပြောနေတာလဲ၊ မင်းပြောတဲ့စကားတွေ ကျုပ်တစ်ခုမှ နားမကည်ပါလား မိန်းကလေး"

သည်တော့ မိန်းကလေးက လှပစွာပြုံး၏။ သူမ၏အပြုံးက ဘယ်လောက်ဆွဲဆောင်မှုရှိလည်းဆိုလျှင် သူ မျက်တောင်မခတ်မိ၊ အသက်မရှူမိတဲ့အထိ။

"ဘာပဲဖြစ်ဖြစ် ခုတော့ မောင်ပြန်လာလို့ နှမဆန္ဒတွေ ပြည့်ပြီလေ၊ တစ်နေ့မောင်ဟာ နှမဆီပြန်လာလိမ့်မယ်လို့ ယုံကြည်ခဲ့တာ အမှန်ပါလားရှင်"

"မင်းဆီ ကျုပ်လာတာမဟုတ်ဘူး၊ ကျုပ် တောပစ်ထွက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



သူ အမှန်အတိုင်း ပြောလိုက်၏။ မြို့ပေါ်မှာ ကျောင်းသွားနေတုန်းကလည်း သူ့အနား မိန်းကလေးတွေဝိုင်းကာ ရွှာပြန်ရောက်တော့လည်း အကြောင်းမရှိ၊ အကြောင်းရှာက မိန်းကလေးတွေ လာစာတက်ကြတာကိုပဲ စိတ်ထဲကျဉ်းကျပ်လှ၏။

သူပြတ်သားစွာ ပြောပေမဲ့ မိန်းကလေးက မျက်နှာပျက်မသွားပေ၊ ညင်သာစွာခေါင်းညိတ်ကာ…

"ဟုတ်ပါတယ် မောင်တော်၊ မောင်တော် ဒီတစ်ခေါက်ခရီးထွက်ချင်တဲ့စိတ် ဖြစ်ပေါ်လာဖို့ကိုပဲ နှမရဲ့ စိတ်အာရုံတွေပို့လွှတ်ပြီး ညွှတ်ခိုင်းတာပါ"

"မဖြစ်နိုင်ဘူး"

သူငြင်းတော့ သူမက ညင်သာစွာ ရယ်လေ၏။ အလိုသူမ၏ ရယ်သံက စမ်းရေစီးသံ လိုပါလား။

"ကဲ…ကဲ…ဒါဆို နှမမေးမယ်၊ မောင်တော်ရဲ့ ရိုးရိုးအတွေးမဟုတ်ဘူး။ တကယ်တော့ ဒီလောက်ဝေးလံမြင့်မားလှတဲ့ တောင်ပေါ် မောင်တော် ဘာကြောင့် သွားချင်ရတာလဲဟင်"

"ကျုပ် မသိဘူး"

သူ ရိုးသားစွာ ဖြေလိုက်၏။ ဘာကြောင့် ဒီတစ်ခေါက် အဲဒီနေရာကို သွားချင်စိတ် ဖြစ်ပေါ်မှန်း မသိအောင်ပါပဲ။

"မောင်တော် မသိပေမဲ့ နှမသိတယ်"





"ဟင်…ဘာသိတာလဲ"

"မောင်တော့် မသိစိတ်က နှမဆီ လာတာလေ"

"ဟာ… မဖြစ်နိုင်ဘူး၊ မင်းကို ကျုပ်မှ မသိဘဲ"

"ဒီဘဝ မသိပေမဲ့ အရင့်… အရင်ဘဝတွေတုန်းကတော့ သိခဲ့ပါတယ် မောင်ရယ်"

"မင်း… ဘာတွေပြောနေတာလဲ"

"နှမ အမှန်တရားတွေ ပြောနေတာပါ မောင်"

"ဘာပဲဖြစ်ဖြစ် အခုမောင့်ကို နှမစောင့်နေပါတယ်"

ထို့နောက် သူက နေရာမှထရပ်၏။ အလို… ရုပ်ရည်အလှသာမဟုတ်၊ သူမ၏ခန္ဓာကိုယ်ကလည်း ပါးလွှာသောဝတ်ရုံအောက်မှာ အချိုးကျကျ လှပလွန်းနေပါလား။

"မင်း ဘယ်သွားမလို့လဲ"

"နှမ ပြန်ရမယ် မောင်"

"ဘယ်ကိုလဲ"

သူမပြန်မည်ဆိုတော့ သူ့ရင်ထဲ နှမြောသလိုလို။ ထို့ကြောင့် ကမန်းကတန်း မေးလိုက်ခြင်း၊ သူမက နှုတ်ခမ်းလေး ဖျော့ဖျော့ပြုံးကာ

"တစ်နေ့ နှမနေတဲ့နေရာကို မောင်ရောက်လာမှာပါ"

"အဲဒီနေ့ကို နှမစောင့်နေပါတယ် မောင်"

"နေဦး"

သူ လှမ်းတားလိုက်ပေမဲ့ သူက တရွေ့ရွေ့ ကျောခိုင်းထွက်ခွာ ပျက် မြူနှင်းလိုလို၊ တိမ်လိုလို ဖြူလွလွအရာထဲမှ ပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့၏။

သူနေရာမှ ဝုန်းခနဲထကာ

"နေဦး"

ဟု လှမ်းအော်ချိန်...

"လူလေး လူလေး"

သူ ပခုံးကို ခပ်ဆတ်ဆတ်ပုတ်၍ ခေါ်သံကြောင့် မျက်ဝန်းများ ပွင့်သွား၏။

"ဟင်... ဦးလေး"

"အေး လူလေး အိပ်နေရာက အော်နေလို့၊ ဘာဖြစ်တာလဲ ကွယ်"

ဦးလေးက သူ့ကို ရှုံ့စမ်းသလိုကြည့်သည်။ ယခုမှ သူ အိပ်မက်မက်တာပါလားဟု သတိရကာ ခေါင်းအသာခါယမ်းလိုက်၏။

"ဘာမှ မဟုတ်ပါဘူး၊ ဦးလေးရော အတော်ပဲဦးလေးနိုးတာ ဦးလေး အိပ်ပါဦး"

"အင်း... ခဏအိပ်လိုက်ဦးမယ်၊ မိုးလင်းတော့မှာပါ"

သည်တော့မှ သူ အတော်အိပ်ပျော်သွားပါလားဟု သတိရကာ ဦးလေးကို အားနာသွားရလေ၏။ အိပ်မက်သာ မမက်လျှင် သူဆက် အိပ်နေဦးမည် ထင်၏။

သို့သော် အိပ်မက်ထဲက မိန်းကလေးဟာ ဘယ်သူလဲ၊

* * *





ကိုရုပ်ဆိုး အိပ်ရာမှနိုးလျှင် ခွန်ဂျာကိုမတွေ့ရတော့၊ ဘယ် ရောက်သွားပါလိမ့်ဟု ဟိုဟိုဒီဒီရှာကြည့်စဉ် ခွန်ဂျာသည် ရေဗူးဆွဲလျက် ပြန်ရောက်လာ၏။

"ဦးလေး နိုးပြီလား"

ကျွန်တော် ရေသွားရှာတာ ဟိုခပ်လှမ်းလှမ်းမှာ စမ်းရေအိုင် တွေ့လို့ ကျွန်တော်တော့ ကိုယ်လက်သန့်စင်ပြီးပြီ ဒီမှာ ဦးလေးဖို့ ကျွန်တော်ရေခပ်လာတယ်။

"အေး...အတော်ပဲကွ"

ခွန်ဂျာခပ်လာသောရေဖြင့်, ကိုရုပ်ဆိုး မျက်နှာသန့်စင်လိုက် သည်။ မနက်စာအတွက် ပါလာသော ရိက္ခာခြောက်ကို ထုတ်စားကာ ခရီးဆက်ကြ၏။

"နောက်နေ့ ရိက္ခာအတွက် တို့ အသားနည်းနည်းပစ်ဖို့ လိုတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော့်တာဝန်ထား ဦးလေး"

"ကောင်းပြီ"

ခရီးမှာ နက်သထက်နက်လာရာ၊ တောကောင်လေးများကို လည်း မကြာခဏတွေ့ရသလို တောကောင်ကြီးများ၏ အသံကိုလည်း ကြားနေရသည်။

သူက သမင်တစ်ကောင်ကို ပစ်ရာ တစ်ချက်တည်းနှင့် ထိမှန်လေ၏။ ဦးလေးက သူ့အား ချီးကျူးလေသည်။

"ငါ့တူက လက်မပျက်ပါလား တယ်တော်တာပဲ"

"အဟွန်း ဟွန်း ဦးလေးသားပဲဗျ"

"အေး ဟုတ်တယ်"

နှစ်ယောက်သား ရယ်မောကာ သားကောင်းကိုဖျက်၍ အသား များအား တချို့ကင်ကာ တချို့အခြောက်လှန်းလိုက်၏။

ထိုနေ့ လယ်စာကို ပေါင်မုန့်ကြမ်းနှင့် သမင်သားကင်တို့ဖြင့် မြိန်ရှက်စွာစားကြသည်။

"ကျွန်တော်တော့ အပြန်ကြရင် ဒီလောက်လှတဲ့ သစ်ခွပန်း တွေခူးပြီး ခြံထဲမှာ သေချာစိုက်မယ်"

"မြို့မှာသာ သစ်ခွပန်းကို တန်ဖိုးထားတာ မောင်ရင်၊ ကျုပ်တို့တောမှာ ဘယ်သူလာဝယ်မလဲ"

လှုငယ်ပီပီ စိတ်ကူးယဉ်ချင်သော ခွန်ဂျာကို သူ ခေးလိုက်သည်။





"ကျွန်တော်ကလဲ ရောင်းဖို့ ရည်ရွယ်တာမှမဟုတ်ဘဲ၊ ကိုယ့် ဘာသာ အလှကြည့်ပြီး စိတ်ကြည်နူးရတာပေါ့ ဦးလေးရ"

"သြော်... သြော်... မင်းက ပန်းလှလှကို နှစ်သက်သားပဲ၊ အင်း စိတ်ကူးယဉ်တတ်သားပဲ"

သည်စဉ်ကတည်းက ခွန်ဂျာမှာ အနုပညာစိတ်ခံရှိသူဟု ကိုရုပ်ဆိုး မှတ်ယူလိုက်သည်။ ပန်းလှလှကို နှစ်သက်တတ်သော၊ ဆောင်းကေရီလို မိန်းမချော၊ မိန်းမလှလေးတစ်ယောက်ကို တွေ့ရသော အခါ နှလုံးသားထဲမှာ နက်ရှိုင်းစွာစွဲထင်သွားလိမ့်မည်ဟု သူဘာကြောင့် မထင်ခဲ့ရပါလိမ့်။

"တောကတော့ အတော်နက်လာပြီ လူလေး၊ သားကောင်ကြီး တွေလဲ မကြာခဏတွေ့နေမြင်နေရပြီ"

"ဦးလေးတို့ စခန်းချပြီး ပစ်မှပဲ"

ယခုဆိုလျှင် သူတို့ရောက်နေသော ခရီးသည် သာမန်ထက် ကျော်လွန်ကာ အနက်ပိုင်းသို့ ရောက်နေပြီဖြစ်ကြောင်း ကိုရုပ်ဆိုး၏ မမဲလိုက်အတွေ့အကြုံအရ သိလေသည်။

"ကျွန်တော်ကတော့ ဒီထက်မက သွားချင်သေးတယ် ဦးလေး"

"ဒီမှာလဲ တောကောင်ကြီးတွေ ရှိလောက်ပါတယ်"

"ရှေ့နည်းနည်း ဆက်လိုက်ပါဦး ဦးလေးရာ"

"ကောင်းပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် သူတို့ခရီးဆက်ကြရာ နေဝင်ချိန်မှာ စခန်းချလေသည်။

"ကျွန်တော် ထင်းရှာလိုက်ဦးမယ်"

ခွန်ဂျာက အိတ်ကိုချပြီး ထင်းရှာထွက်လေ၏။ ကိုရုပ်ဆိုးက မီးကာဖျင်တဲ ထိုးကျန်ခဲ့သည်။

သို့သော် မကြာခင်…

"ဒိုင်း…"

"ဟင်…"

သေနတ်သံကြောင့် ခွန်ဂျာထွက်သွားရာသို့ ကိုရုပ်ဆိုး အပြေးအလွှား လိုက်သွားမိ၏။

"ဟာ…နည်းတဲ့ကောင်ကြီး မဟုတ်ပါလား"

ကိုရုပ်ဆိုးရောက်သွားသောအချိန်၌ ခွန်ဂျာက စပါးကြီးမြွေတစ်ကောင်ကို သေနတ်ဖြင့် ပစ်ထားပြီးပြစ်သည်၊

"ဒီကောင်ကြီး ကျွန်တော့်ကို ချောင်းနေတာ၊ ကျွန်တော်လက်ဦးသွားလို့ ဦးလေးရေ"

"အင်း… မုဆိုးဆိုတာ မျက်စိလျင်၊ နားပါးရတယ် လူလေး၊ လူလေးဟာ ဒီအရည်အချင်းနဲ့ ပြည့်စုံပါတယ်"

"ကဲ…ကဲ ဒီညစာကို မြွေသားနဲ့ စားကြတာပေါ့"

"အကောင်းဆုံးပေါ့ ဦးလေး"





ထို့နောက် နှစ်ယောက်သားမြွေကြီးယူကာ စခန်းသို့ပြန်ခဲ့ကြ၏။ ခွန်ဂျာယူလာသော ထင်းများဖြင့် မီးမွှေးကာ စပါးကြီးမြွေကို ကိုရုပ်ဆိုးက စနစ်တကျ ကျွမ်းကျင်စွာဖျက်၍ ကင်လေသည်။

တစ်နေကုန် ခရီးပန်းလာသော ကိုရုပ်ဆိုးနှင့် ခွန်ဂျာတို့မှာ မြွေသားကို မြိန်ရှက်စွာ စားကြပြီး အိပ်ဖို့ ပြင်ကြ၏။

"ဦးလေး အရင်အိပ်ပါ၊ ကျွန်တော် ကင်းစောင့်ပါမယ်"

"မဟုတ်တာ၊ မင်းအရင်အိပ်ပါ၊ ခွန်ဂျာ၊ ဦးလေးက လူကြီးဆိုတော့ ညဘက်စောစောလည်း မအိပ်တတ်ဘူးကွ"

"ကောင်းပြီလေ ဒါဆို"

"ကျွန်တော် အရင်အိပ်လိုက်မယ်၊ ဦးလေးအိပ်ချိန်ကြရင် ကျွန်တော့်ကို နှိုးပါ"

"အေး… အေး…"

ရာသီဥတုက အေးလာကာ ဗိုက်လည်းပြည့်ပြီမို့၊ ခွန်ဂျာ ဟန်မဆောင်ဘဲ အိပ်ရာထဲ ဝင်လိုက်လေ၏။ သူမှေးခနဲ အိပ်ပျော်စဉ် မွှေးပျံ့သော ပန်းရနံ့လိုလိုရတာ တစ်စုံတစ်ယောက်၏ ညင်သာစွာ လျှောက်လာသံကို သဲ့သဲ့ကြားရလေသည်။

သူကြည့်လိုက်တော့ ပထမဆုံးမြင်တွေ့ရတာက၊ အဖြူရောင်ပါးခိုးမှိုင်းလုံးကြီးတစ်ခု၊ ထို့နောက် သေချာကြည့်ချိန်မှာ အဖြူရောင် ပါးခိုးလုံးကြီးသည် တဖြည်းဖြည်းနှစ်ခြမ်းကွဲလာလျက်၊ အလယ်တည်



www.burmeseclassic.com

www.burmeseclassic.com



တည့်မှ အဖြူရောင်ဝတ်စုံဖြင့် ဆံပင်နက်မှောင်သော ဆံပင်ရှည်များ ကျဲပြန့်နေသည့် မိန်းကလေးတစ်ယောက်၏ ပုံသဏ္ဌာန်ကို တွေ့ရခိုက်

"မင်း"

သူအိပ်နေရာမှ ဆတ်ခနဲထ၍ အံ့သြလွန်းသဖြင့် လက်ညှိုးထိုးမိ၏။ သူမက သူနှင့် မျက်နှာချင်းဆိုင်လောက်တွင် လေထဲရပ်ကာ

"မောင်တော်က နှမကိုသိနေပြီကိုး"

"အင်း…ဘယ်လောက်ပဲ မေ့ချင်ပေမဲ့ အချိန်တန်တော့ မောင်တော်ဟာ နှမဆီရောက်လာတာပဲနော်"

ထုံးစံအတိုင်း သူမ၏အသံက အလွန်ကြည်လင်သာယာချိုမြိန်နေလေသည်။

သူ ခေါင်းခါယမ်းကာ…

"ကျုပ်ရွှေပြီးပြီကော၊ ကျုပ် မင်းဆီလာတာ မဟုတ်ဘူး၊ မိန်းကလေး"

ထိုအခါ သူမက သာယာတိုးညှင်းစွာ ရယ်မောလေ၏။

"အဟင်း… ဟင်း…မောင်တော်နှုတ်ဖျားကသာ မလာဘူးပြောနေတယ်၊ တကယ်တမ်း မောင်တော်ခြေလှမ်းတွေက နှမဆီကို ဦးတည်နေတာပါလား"

"အဓိပ္ပာယ်မရှိဘူး၊ ကျုပ်ဟာ ဘယ်မိန်းမကိုမှ အထင်ကြီးတာ မဟုတ်ဘူး၊ ဒါကြောင့် သူတို့နဲ့ ခပ်ဝေးဝေးနေခဲ့တယ်"





မြို့မှာ ကျောင်းနေစဉ်ကကော ရွာမှာရှိစဉ် သူ၏ ချောမောခံ့ညားမှုကို သဘောကျ နှစ်ခြိုက်ကာ မိန်းမပျိုလေးများ ဝိုင်းဝိုင်းလည်ခဲ့တာကို ရည်ညွှန်း၍ ပြောလိုက်ခြင်း။

"အို အဲဒါဟာ နှမအတွက် အင်မတန် သတင်းကောင်းပဲ၊ မောင်တော်ရဲ့ နှလုံးသားဟာ တခြားမိန်းကလေးတွေနဲ့ ဘယ်လိုဆုံကြုံပါစေ၊ မယိမ်းယိုင်တာဟာ ရေစက်မရှိလို့ပါ"

"မောင်တော်ရဲ့ ရေစက်ရှိသူဟာ နှမပဲ မဟုတ်လား"

သူမ၏ စကားသံတိုင်းက အနိမ့်မြင့် ညီညာကာ အလွန်သာယာသော သီချင်းတစ်ပုဒ်ကို ကြားနေရသလိုပါပဲ။

"ဒါဆိုရင် ကျုပ်ကို မင်းရဲ့ရုပ်ကိုထင်သာ မြင်သာအောင်ပြလေ"

သည်မျှသာယာကြည်လင်သော အသံပိုင်ရှင်ကို ဘယ်လိုတင့်တယ်သော ရုပ်ရည်ရှိမည်ဆိုတာ သူ သိမြင်စိတ် ပြင်းထန်မိ၏။

သူ၏ မွတ်သိပ်စွာ တောင်းဆိုမှုကို သူမ တိုးညင်းစွာ ရယ်သည်။

"စိတ်မလောပါနဲ့ မောင် အချိန်တန်တော့ နှမရဲ့ရုပ်ကို မောင်မြင်ရမှာပါပဲလေ"

"အခု နှမလာတာ မောင့်ကို သတိပေးမလို့ပါ"

"ဘာများပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"ညနေက မောင် သတ်လိုက်တဲ့ စပါးကြီးမြွေဟာ အမလေ၊ ဒီတော့ သူ့အဖော်အဖိုက မောင့်ကို မကျေနပ်ဖြစ်နေတယ်၊ မောင့်ကို အန္တရာယ်ပြုလိမ့်မယ်၊ သတိထားပါ"

သည်နောက် သူမက တဖြည်းဖြည်း နောက်ဆုတ်ကာ မီးခိုးလုံးကြီးများကြား ပြန်လည်ပျောက်ကွယ်သွားလေသည်။

"နေဦး"

ဟု သူ စိတ်ထဲက တားပေမယ့်၊ သူမကို မတွေ့ရတော့ပေ။ ထိုစဉ်

"ဒိုင်း"

"ဟင်... ဦးလေး"

သေနတ်သံကြောင့် သူ ဝုန်းခနဲအိပ်ရာမှ ထလိုက်လေ၏။

ကြည့်စမ်း စောစောက သူ အိပ်မက်မက်နေတာပါလား။ သေနတ်သံကြောင့် သူ ဝုန်းခနဲအိပ်ရာမှ ထလိုက်လေ၏။

"ဒီမှာလေ၊ တို့ကို အန္တရာယ်ပြုဖို့လာတဲ့ ကောင်ပဲ လူလေး"

"ဟာ"

စပါးကြီးမြွေတစ်ကောင်က သေနတ်ဒဏ်ရာဖြင့် ဦးလေး၏ခြေရင်းတွင် သေဆုံးနေသည်။

"ညနေကတည်းက မင်းပစ်လာတဲ့ အစ်မလို့ ငါထင်တာ၊ ဒီတော့ အဖိုလာရန်ရှာမယ်လို့ ထင်တဲ့အတိုင်း လိုက်လာတာပဲ





ခွန်ဂျာ"

ခပ်ငိုင်ငိုင်ကြည့်နေသော ခွန်ဂျာကို ဦးလေးက ရှင်းပြသည်။

ဖျတ်ခနဲ အိပ်မက်ထဲမှ သတိလာပေးသော မိန်းကလေးကို သတိရကာ–

"တကယ်မှန်ပါလား"

ဟု နှုတ်မှ ရုတ်တရက် ရေရွတ်မိသွား၏။ ဦးလေးက ခွန်ဂျာကို နားမလည်သလို ကြည့်လာသည်။

"ဘာမှန်တာလဲ လူလေးရဲ့"

"ဩော်... ဟို ဦးလေး လက်မှန်တာကို ပြောတာပါ"

"ဟား... ဟား... ငါက မင်းရဲ့ ဦးလေးပဲကွ၊ ဒီလောက်တော့ ရှိမှာပေါ့"

ခွန်ဂျာပခုံးကိုဖက်ကာ ဦးလေးရယ်တော့ ခွန်ဂျာပါ လိုက်ပြုံးမိရပေမဲ့၊ စိတ်ထဲကတော့ အိပ်မက်ထဲမှ မိန်းကလေးကို ကျိတ်၍ကျေးဇူးတင်လိုက်မိ။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဘယ်လိုလုပ်ကြမလဲ ခွန်ဂျာ၊ ဒီမှာပဲရပ်နေမလား၊ ဒီချောင်းကို ကူးကြမလား"

ကျယ်ပြန့်သော ချောင်းကြီးကို ဘွားခနဲတွေ့ရစိုက် ဦးလေးက ခွန်ဂျာကို လှည့်ပြောသည်။

တစ်ဖက်ကမ်းကို ကြည့်လိုက်တော့ အလွန်စိမ်းစိုလှပသော တောအုပ်ကြီးက လာခဲ့ပါလို့ ဖိတ်ခေါ်နေသလိုလို။

"ကျွန်တော်တော့ ဒီချောင်းကိုဖြတ်မယ် ဦးလေး"

သူ ဆုံးဖြတ်ချက်ချကာ ပြောလိုက်၏။

"စဉ်းစားပါဦး လူလေး၊ ဦးလေး ကြားဖူးသလောက်တော့ ဒီလို ချောင်းမျိုးဟာ မိကျောင်းရှိတတ်တယ်"

"ဒါပေမဲ့ ကူးလိုက်ရင် ခဏလေးနဲ့ရောက်မှာပါ။ ဦးလေး ကျွန်တော်တို့ ဖောင်လုပ်ပြီး ကူးရင်ရမှာပါ"

သည်လူငယ်လေးက ဆန္ဒပြင်းထန်လှချည်ရဲ့ဟု ကိုရုပ်ဆိုးက





မှတ်ယူ၏။ ဘာပဲဖြစ်ဖြစ် ခွန်ဂျာသည် ကိုရုပ်ဆိုးအတွက် သားတစ်ယောက်လိုဖြစ်တာကြောင့် ထိုလူငယ်လေး စိတ်ချမ်းသာမည့်အရာမှန်သမျှ လိုက်လျောမိချင်သည်။

"ကောင်းပြီလေ၊ ဒါဆို တို့ဖောင်လုပ်ကြတာပေါ့"

ထို့နောက် နှစ်ယောက်သား သစ်များခုတ်ကာ ဖောင်လုပ်ကြလေ၏။ ကျန်းမာသန်စွမ်းသူများမို့ သူတို့ ဘာလုပ်လုပ် အလုပ်တွင်ကြလေသည်။

"ဒီဖောင်နဲ့ ကိုဘက်ကမ်းကို ကူးနိုင်ရင်၊ ကျွန်တော်တို့ ခရီးအောင်မြင်ပြီ ဦးလေး"

လူငယ်ဖြစ်သော ခွန်ဂျာက တက်ကြွနေ၏။ တစ်နေ့တာမကုန်ဆုံးမီ သူတို့ဖောင်ပြီးကြသည်။

"ခရီးတော့ မနက်ကြမှ ဆက်ရမှာပဲ လူလေး၊ ဒီညကူးလို့မရတော့ဘူး"

"ကျွန်တော်ကတော့ လသာသာနဲ့ ကူးလိုက်ချင်တာပဲ ဦးလေး"

"ဆန္ဒမစောပါနဲ့ကွာ"

"ကဲ ကဲ ခဏနားပြီး ညစာစားရအောင်"

ချောင်းစပ်မှာ ကိုယ်လက်သန့်စင်ပြီးနောက် သူတို့မီးဖို၏။ ယခုချိန်ထိတော့ သူတို့တွင် ရိက္ခာမပြတ်သေးပေ။

"ဦးလေး ခဏနေဦး"



www.burmeseclassic.com

www.burmeseclassic.com



ခွန်ဂျာက ချောင်းစပ်မှာ ငါးထိုင်မျှားသည်။

"ဗွမ်း..."

"ဟာ... ဦးလေးရေ၊ နည်းတဲ့ကောင်ကြီး မဟုတ်ဘူးဗျ"

ကြီးမားသော ငါးတစ်ကောင်ကို ဖမ်းမိလာတာကြောင့် ခွန်ဂျာဝမ်းသာအားရပြော၏။ ကိုရှပ်ဆိုးကြည့်လိုက်တော့ ခွန်ဂျာလက်ထဲမှာ လက်တစ်တောင်ခန့်ရှိ ငါးတစ်ကောင်။

"အင်း ညစာအတွက် ငါးကင်နဲ့ စားကြတာပေါ့"

ကိုရှပ်ဆိုးက မီးဖိုပေါ် ငါးကြီးကို ကင်လိုက်၏။ မကြာခင် ငါးကင်နံ့မှာ မွှေးလာကာ ဗိုလ်ထဲပို့ဆာလာရသည်။ သည်ငါးတစ်ကောင်က သူတို့နှစ်ယောက်အတွက် ညစာကောင်းကောင်း လုံလောက်စေ၏။

"ဒီည လသိပ်သာတာပဲ ဦးလေး"

"အေး ဟုတ်တယ်ကွ"

ခွန်ဂျာက လက်နှစ်ဖက်ကို ခေါင်းအောက်တွင် ထိုးယှက်ပြီး ကောင်းကင်ကြီးကို မော့ကြည့်၍ပြော၏။ တကယ်ပဲ လကသာ၍ ညရှုခင်းမှာ လှပနေသည်။

"ထိုစဉ်"

"ဝေါင်း"

"ဟာ... ဦးလေး"





ခပ်ဝေးဝေးမှ ဟင်းကောင်ကြီး၏အသံကြောင့်၊ သူ လှဲနေရာက ဆတ်ခနဲထလိုက်သည်။

"ရှူး... တိတ်တိတ်နေ"

ဒီကောင် ခပ်ဝေးဝေးမှာပါ၊ မီးတော့ မပြတ်စေနဲ့။

"ဟုတ်ကဲ့"

ခွန်ဂျာက မီးဖိုတွင် ထင်းများထပ်ဖြည့်၏။ ကိုရှပ်ဆိုးက သေနတ်ကို အသင့်ပြင်ထားသည်။

အမှန်ပြောရလျှင် ခွန်ဂျာအနေနှင့် ဒီလိုတော်ကောင်ကြီးမျိုးကို မတွေ့ရသေးပါ။ ထို့ကြောင့် စိတ်ဝင်စားနေသည်။

"ခွန်ဂျာ"

"ဗျာ ဦးလေး"

"တို့ ဒီည ဟိုဘက်ကမ်းကို ကူးရင်ကောင်းမယ်"

"ဦးလေးကို ကျွန်တော် စောစောကတည်းက ပြောသားပဲ"

"ဒါပေမဲ့ ညဆိုတာ သူ့အချိန်ကွဲ"

"ဘာကို ပြောတာလဲ ဦးလေး"

အသက်ငယ်သေးသော ခွန်ဂျာအဖို့ တောအကြောင်း၊ တောင်အကြောင်း နားမလည်သေးပါ။

"သြော်...ကိုယ်မပိုင်တဲ့ အချိန်လို့ ပြောတာကွယ်"

"သြော်... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ယခုမှ ခွန်ဂျာသဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်၏။

"မင်းသာ အမဲကောင်ကြီးကို ပစ်ချင်တယ်ဆိုရင် ဒါ အခွင့်အရေးကောင်းပဲ လူလေး"

"ကျွန်တော်တော့ ဟိုဘက်ကမ်းကို ကူးချင်တယ် ဦးလေး"

"အေးလေ မင်းသဘောပဲ"

သည်လောက် ဆန္ဒပြင်းလှတာမို့ ကိုရုပ်ဆိုးမတားတော့ပေ။ ဖောင်ကို နှစ်ယောက်သား ချောင်းထဲချကာ မျှောခဲ့လေ၏။

လကသာသာ ချောင်းရေပေါ်မှာ လင်းလက်လှပလို့ တကယ့် သဘာဝပန်းချီကားပါပဲ။

"သာယာလိုက်တာ ဦးလေးရာ"

ခွန်ဂျာကတော့ မြင်ရသောရှုခင်းကို လှုငယ်ပီပီသဘောကျ နေ၏။ ဤသို့ စွန့်စားသွားလာရတာကို လူငယ်သဘာဝ နှစ်သက် သည်။

ကိုရုပ်ဆိုးကတော့ ငြိမ်သက်နေသော ရေပြင်ကို စိုက်ကြည့်နေ သည်။ တကယ်တော့ ဒီလောက်ငြိမ်သက်နေတာ မကောင်းပေ။

ထိုစဉ်

"ဗွမ်း…"

"ဟာ… မိကျောင်း"

မှန်ပေသည်၊ လရောင်အောက်မှ မိကျောင်းများက တစ်ကောင်





နှစ်ကောင်။

"လူလေးရေ၊ ဖောင်ကို အထက်ဘက်ရောက်အောင် မြန်မြန် လှော်ဟေ့"

"ဟုတ်ကဲ့… ဦးလေး"

"ဖောင်နားဝိုင်းလာသော မိကျောင်းများရန်မှလွတ်ရန် နှစ် ယောက်သားဖောင်ကို အားကုန်လှော်ကြပေမယ့်…

မိကျောင်းကြီး တစ်ကောင်က ဖောင်ကို လှမ်းဟတ်တာကြောင့် "ဗွမ်း"ခနဲ ရိုက်မိကာ တုန်ခါသွားရလေ၏။

"ဦးလေး ဒီဘက်မှာ တစ်ကောင်"

သူတို့ဖောင်ပတ်လည်မှာ မိကျောင်းတွေ ဝိုင်းလာနေပြီ။ ဖောင်ကလည်း ရေစီးသန်သည့်ဘက်ရောက်နေတာကြောင့် မနည်း ရုန်းကန်လှော်နေရစဉ်

"ဘုန်း…"

"ဟာ…"

မိကျောင်းကြီးတစ်ကောင်က အမြီးဖြင့် ရိုက်လိုက်တာကြောင့် သူတို့ဖောင်မှာ ရေစီးသန်သည့်ဘက် မျောပါသွားရ၏။

"ဦးလေး…"

"ခွန်ဂျာ"

"ဟာ… ရှေ့မှာ ရှေ့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"အား…"

ကံဆိုးစွာပင် သူတို့ ဖောင်မျောသွားရာက ရေတံခွန်၏ ထိပ်ဖြစ်နေကာ ဗလုံးဗထွေး လွင့်စဉ်သွားရတော့သည်။

သွားပြီ။

သည်တစ်ခါတော့ဖြင့် ကိုယ်ကျိုးနည်းရပြီဟု ကိုရုပ်ဆိုး သိလိုက်၏။

သို့သော် ကိုရုပ်ဆိုးမှာ သူ့အတွက်ထက် ယခုမှလောကကြီးကို စဝင်မည့် ခွန်ဂျာအတွက် ပို၍ ဝမ်းနည်းသွားရသည်။

တကယ်တော့ ဒီလောက်ယောကျ်ားပီသစွာ ချောမောတဲ့ လူငယ်လေးတစ်ယောက်က လောကကြီးမှ ဒီလောက်အချိန်စောစော စီးစီး မထွက်ခွာသင့်ပါဘူး။

လူလေးရေ။

ဖြစ်နိုင်လျှင် မင်းအသက်ကို ကျုပ်ကယ်ချင်ပေမဲ့ အခွင့်အရေးက မပေးဘူးလေ။

ဖောင်ကို မြဲမြဲကိုင်ထားဟုသာ တစ်ခွန်းအော်နိုင်ပြီး အမှောင် ကမ္ဘာထဲရောက်ရှိသွားရတော့သည်။

* * *





"ဟင်"

သေပြီ။

သည်တစ်ခါတော့ဖြင့် သေပြီဟု၊ အပိုင်တွက်ထားသေ ကိုရုပ်ဆိုး မှာ မျက်စိပွင့်လာတော့ လက်နှစ်ဖက်က ဖောင်ကိုမြဲမြဲ ဆုပ်ကိုင်ထား၏။

ရေတံခွန်မှ အရှိန်ဖြင့် လိမ့်ကျလာသောဖောင်ကြီးက ခုတော့ မငြိမ့်ငြိမ့် ရေစီးကြောင်းထဲ ရောက်နေလေပြီ။

"ခွန်ဂျာ…"

ကိုရုပ်ဆိုးက ပထမဆုံးသတိရကာ လူငယ်လေးကို အော်ခေါ် ပြီလေ၏။

"ဦးလေး"

"ဟာ ခွန်ဂျာ"

ကြည့်စမ်း

ဖောင်၏ဟိုတစ်ဖက်မှာ မြဲမြဲစွာ ဆုပ်ကိုင်လျက် ခွန်ဂျာကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရတော့ ကိုရုပ်ဆိုးရင်ထဲ အံ့သြဝမ်းသာမိရတာ အတိုင်းမသိ၊

"လူလေး... မင်း ဘာမှမဖြစ်ဘူးနော်"

"ဟင့်အင်း... ဦးလေးကော"

"ဘုရားသခင်ရဲ့ ကျေးဇူးကြောင့် တို့ အန္တရာယ်က လွတ်ပြ
ကွယ့်"

"ဟုတ်တယ်နော် ဦးလေး"

ယခုတော့ နှစ်ယောက်သား ဖောင်ပေါ်သို့ ပြန်လည်ရောက်
ကာ တစ်ယောက်ကိုတစ်ယောက် ဝမ်းသာအားရ ပွေ့ဖက်မိကြ၏၊

တကယ်ပဲ သူတို့နှစ်ယောက် အန္တရာယ်က လွတ်လာပြီပဲ၊

"ဟုတ်တယ်နော် ဦးလေး"

ယခုတော့ နှစ်ယောက်သား ဖောင်ပေါ်သို့ ပြန်လည်ရောက်
ရှိကာ တစ်ယောက်ကိုတစ်ယောက် ဝမ်းသာအားရပွေ့ဖက်မိကြ၏၊

တကယ်ပဲ သူတို့နှစ်ယောက် အန္တရာယ်က လွတ်လာပြီပဲ၊

ဘယ်လောက်အံ့သြစရာကောင်းတဲ့ အဖြစ်လဲ။ နှစ်ယောက်သာ
ရေတွေစိုရွှဲနေသည့်ကြားမှ ရယ်မိကြလေ၏။

ဝမ်းသာခြင်း၏ အမှတ်အသားဖြစ်သည်။ ဟုတ်တယ်လေ
ဒီလောက်အန္တရာယ်တွေကြားမှ လွတ်လာတာ ဘယ်လောက်ဝမ်းသ
စရာကောင်းလဲ။

"ကျွန်တော်တို့တစ်တွေ အန္တရာယ်က လွတ်လာတာ မှန်





းလေး ဒါပေမဲ့ အခု ကျွန်တော်တို့ ဘယ်ရောက်နေလဲမသိဘူး"

"အေးကွ ဟုတ်တယ်"

သူတို့ဖောင်က ရေပြင်ကျယ်ကြီးတွင် မျောနေသည်။ ပတ်ဝန်း
ကျင်တစ်ခွင်မှာ တောနှင့်တောင်ဖြင့် စိမ်းစိမ်းညို့ညို့၊ ပါလာသော
ဝတ်အစားထုပ်မှာလည်း ရေတံခွန်ပေါ်မှ ကျစဉ် လွင့်စဉ်မျောပါသွား
။ ထို့ကြောင့် သူတို့နှစ်ယောက်မှာ အဝတ်တစ်ထည်၊ ကိုယ်တစ်ခုဆီ
းဖို့ရိက္ခာလည်းမရှိတော့။ လောလောဆယ် သူတို့မှာ ဒါတွေကို
ကိမရနိုင်ဘဲ၊ အသက်ဘေးမှ လွတ်လာတာကိုပင် ဝမ်းသာနေရ၏။

"အကဲခတ်ရသလောက်တော့ တို့မြောက်ဘက်ပိုင်းကို
ျာက်နေပုံပဲကွ၊ ဘာပဲဖြစ်ဖြစ် တို့ဖောင်ကို ကမ်းဘက်ရောက်အောင်
းရမယ်"

"ဒါဆို ကျွန်တော်တို့ ကြိုးစားလိုက်ကြစို့"

နှစ်ယောက်သား သန်မာသောလက်များကို အသုံးပြုကာ
င်ကို တစ်ဖက်သို့ ကပ်နိုင်အောင်ကြိုးစားကြရသည်။

ပင်ပန်းလေစွ။

သူတို့အဖို့ မွေးကတည်းကသာ ဒီတော၊ ဒီတောင်များကို
ျပ်းကျင်ခဲ့လျှင် ယခုဆို ပင်ပန်းနွမ်းနယ်မှုဖြင့် အသက်ပျောက်
က်ပြီ။ သို့သော် ကံကောင်းတာက သူတို့နှစ်ယောက်လုံး
သန်စွမ်းကာ အပင်ပန်းခံနိုင်သူများ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းစွာပင် တစ်ဖက်ကမ်းသို့ ကပ်မိချိန်မှာ နေဝင်လေပြီ။

"ဟာ...တကယ်နက်တဲ့တောပဲကွ"

ကုန်းပေါ်ရောက်တော့ နက်ရှိုင်းလွန်းသောတောဖြစ်ကာ သစ်ကြီးဝါးကြီးများ အုပ်ဆိုင်းလျက် လမ်းစ မမြင်သလိုပင်။

"ကျွန်တော်တော့ ချမ်းနေပြီ ဦးလေး"

တစ်နေကုန် ရေစိုဒဏ်ကြောင့်လည်းကောင်း၊ ကမ်းပေါ်ရောက်တော့ ကြမ်းတမ်းစွာတိုက်ခိုက်လာသော လေများကြောင့် သူတို့အဖို့ ရာသီဥတုဒဏ်ကို ခံစားရပြီ။

"နေဦး လူလေး"

"တို့အတွက် လုံခြုံစိတ်ချရတဲ့ နေရာရှာလိုက်ဦးမယ်"

"ဒီလို နေရာမျိုးမှာ နားစရာ ဘယ်မှာရှာမလဲ ဦးလေး"

"ရအောင်ရှာရမှာပေါ့ကွာ"

ကိုရုပ်ဆိုးက ဦးဆောင်လျက် တောနက်ထဲဝင်လာ၏။ လမ်းမှာ တွေ့သော အန္တရာယ်များကိုလည်း ရှောင်ရှားရသည်။

ချုံနွယ်ပိတ်ပေါင်းများ အတော်ဖယ်ရှားကာ လျှောက်လာစဉ်...

"ဟာ"

တစ်ခုသော ချုံနွယ်ကို ဖယ်ရှားတော့ မမျှော်လင့်ဘဲ ဂူပုံသဏ္ဌာန် တွေ့တာကြောင့် ဝမ်းသာသွားရ၏။

"ခွန်ဂျာရေ ဒါလိုဏ်ဂူဖြစ်မယ်ကွ၊ ငါတို့အတွက် နားစရာ





ရပြီ"

"ဒီ ချုံနွယ်တွေသာ မဖယ်ရင်၊ လိုဏ်ဂူရှိမှန်းတောင် သိမှာ မဟုတ်ဘူးနော် ဦးလေး"

"အေးကွ ဒီလိုချုံနွယ်တွေ ပိတ်ဆို့နေတော့ ရုတ်တရက် လိုဏ်ဂူကို မမြင်ရဘူး"

ပြောရင်း သူတို့ လိုဏ်ဂူထဲ ဝင်ခဲ့သည်။ အံ့သြစရာကောင်းစွာ လိုဏ်ဂူမှာ ရှင်းနေတာကြောင့် တစ်ယောက်ယောက်များ နေသွားသလားဟု အောက်မေ့နေ၏။

ကိုရုပ်ဆိုးက ကျောက်တုံးလေးနှစ်ခုကို မီးခတ်သည်။ ခွန်ဂျာက ထင်းခြောက်လေးများရှာ၍ စုပုံလိုက်၏။ မကြာခင် မီးဖိုဖြစ်လာသည်။

နှစ်ယောက်သား အနီးရှိငှက်ပျောရွက်များကို ခါးတွင်ပတ်၍ အဝတ်အစားများ ချွတ်ကာ မီးကင်ကြသည်။

"ဦးလေး အပြင်ခဏသွားလိုက်ဦးမယ် ခွန်ဂျာ"

"ဟင်... ဝက်ဝံကြီး"

အိပ်ချင်စိတ်တို့ ပြေကာ မျက်လုံးပြူးကျယ်ရလေပြီ။ မည်းမည်း မရိပ်ကောင်ကြီးက သူတို့ဆီ တစ်ရှူးထိုးလာနေသည်။

"ဦးလေး"

"ခွန်ဂျာ..."

"ကျွန်တော်တို့ ဘာလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြေး"

ဝုန်းခနဲ ခုန်အုပ်လာသော မည်းမည်းဝက်ဝံကြီးမှ လွတ်ရန် သူတို့ အမြန်ဆုံးနှုန်းဖြင့် ပြေးမိတော့၏။

သဲသဲမဲမဲနောက်မှ လိုက်လာတာက ဝက်ဝံကြီး၊ ထိုကောင်ကြီးကို ကာကွယ်ဖို့ သူတို့မှာ ဘာလက်နက်မှမရှိ။ ဒီတော့ ခြေထောက်ကိုသာ အားကိုးရတော့သည်။

ပြေးမိပြေးရာ စွတ်ပြေးလာသော သူတို့က ဂူနောက်ဘက် ပြေးလာခြင်း၊ နောက်မှဝက်ဝံကြီး လိုက်နှုန်းကလည်း လေနယ်။

"ကျွန်တော်တို့ အပေါက်ပိတ်မိပြီ ထင်တယ် ဦးလေး"

"မဟုတ်ဘူးကွ ဟောဟို ကျောက်တုံးကို ဖယ်"

ဂူပေါက်ဝတွင် ပိတ်နေသော ကျောက်တုံးကို ဖယ်ကာ တအားပြေးဖို့ ကြိုးစားစဉ်...

"ဟင် ချောက်ကြီး"

"ဟိုက် ဒုက္ခပဲ"

တစ်ဖက်မှာ ချောက်၊ တစ်ဖက်မှာ ဝက်ဝံကြီး၊ ကဲ ဒီနှစ်လမ်း ဘယ်လမ်းကို ရွေးမလဲ ဖြစ်နေပြီ။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်သည်။ ဝက်ဝံကြီးက တဖြည်းဖြည်း နီးကပ်လာပြီ။

"ကဲ...ဘယ်လိုလုပ်မလဲ ခွန်ဂျာ"





"ကျွန်တော်တော့ တိရစ္ဆာန်တစ်ကောင်သတ်တာကိုတော့ ဖခဲ့ချင်ဘူး ဦးလေး"

"အေး...ငါလဲမင်းလိုပဲ"

"ဒီတော့"

"ဦးလေးရေ၊ ဒီဘဝမှာ ဦးလေးက ကျွန်တော့်အပေါ် သိပ်ကောင်းခဲ့ပါတယ်၊ နောင်ဘဝဆိုတာရှိရင် ဦးလေးဟာ ကျွန်တော့် ဦးလေးပဲ ဖြစ်ပါစေ"

"အေး မင်းကိုလဲ နောင်ဘဝမှာ ငါက စောင့်ရှောက်နိုင်တဲ့ ငါ့တူ ဖြစ်ပါစေကွယ်"

တစ်ယောက်ကိုတစ်ယောက် ဝမ်းနည်းစွာကြည့်၍ နှုတ်ဆက်လိုက်ကြ၏။ ထိုနောက် လက်ခြင်းယှက်ကာ...

"ကဲ... တစ်၊ နှစ်၊ သုံး"

"အား"

မျက်စိစုံမှိတ်၍ ချောက်ကမ်းပါးအတွင်းသို့ သူတို့နှစ်ယောက် ခုန်ချလိုက်လေတော့၏။ သည်တစ်ခါတော့ဖြင့် သူတို့ဘဝ တကယ်ပဲ လောကကြီးမှ လွတ်မြောက်လေပြီ မဟုတ်လား။

* * *



www.burmeseclassic.com

www.burmeseclassic.com



"အင်း... အား... ကျွတ် ကျွတ်"

"ဟော့... ဟော့... အမောင် သတိရလာပြီ"

ကိုယ်ခန္ဓာမှာ နာကျင်ခြင်းကြောင့် နှုတ်မှ ညည်းညူသံနှင့်အတူ လေးလံနေသော မျက်ခွံများကို သူ အားယူဖွင့်ကြည့်လိုက်သည်၊

"အမောင် အမောင် သတိရလာပြီနော်"

"ဟင်"

သူတွေ့လိုက်ရတာကတော့ အဖြူရောင်ဝတ်စုံနှင့် မိန်းကလေး တစ်ယောက်၊ ဝတ်စားထားပုံက နန်းဆန်ဆန်။

သတိရလာသောသူ့ကို ကြည့်ကာ မိန်းကလေးက ဝမ်းသာ အားရမေးလေ၏။

ကြည့်စမ်း။

သူ ဘယ်ရောက်နေတာလဲ။ သေပြီ ဝိညာဉ်အဖြစ်နှင့် ဒီကို ရောက်နေသလား၊ ဟုတ်တယ်လေ၊ နောက်ဆုံးအချိန် ချောက်ကမ်းပါး





ထဲသို့ သူနှင့် ဦးလေးခုန်ချခဲ့ကြတာ မဟုတ်လား၊

ယခုလို ပြန်လည်သတိရလာတော့ သူ့ကိုယ်သူ အသက်ရှိတဲ့ လူဟူ၍ မထင်တော့။ ထို့ကြောင့် မေးလိုက်သည်၊

"ကျုပ် ကျုပ် ဘယ်ရောက်နေတာလဲ"

မေးရင်း သူဖျတ်ခနဲလှဲနေရာက ထဖို့အပြင်

"အား ကျွတ်"

"အို အမောင် မထနဲ့ဦးလေ၊ အမောင့်ကိုယ်မှာ ဒဏ်ရာရ ထားတယ်"

နူးညံ့သော လက်ဖဝါးလေးဖြင့် သူ့ပခုံကိုဖိကာ မိန်းကလေးက ပြော၏။

"ဒဏ်ရာ ဟုတ်လား၊ ကျုပ်က ဒဏ်ရာ ရထားတယ်"

"ဟုတ်တယ် အမောင်၊ အမောင်တို့ နှမနဲ့တွေ့တာ ကံကောင်း တယ်၊ နှမတောပန်းတွေ လာခူးရင်၊ ချုံနွယ်တွေပေါ်မှာ မေ့နေတဲ့ အမောင်တို့ကို တွေ့ရတာပဲ"

"ဘာ ဒါဆို ကျုပ်တို့ မသေဘူးပေါ့၊ ဟုတ်လား မိန်းကလေး"

"ဟုတ်ပါတယ်အမောင်တို့ မသေပါဘူး၊ ဟိုဘက်မှာ အမောင့် မိတ်ဆွေကြီး ရှိတယ်လေ"

"ဟုတ်လား"

သည်တော့မှ သူ ဖျတ်ခနဲတစ်ဖက်သို့ ကြည့်မိတော့ တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထက်မှ ဆန့်ဆန့်ကြီးလဲလျောင်းနေသော ဦးလေးကို တွေ့လိုက်ရတာကြောင့် ဝမ်းသာသွားလေ၏။

"သူ သူ သေပြီလား"

ယခုထက်တိုင် လှုပ်ရှားခြင်းမရှိသေးသော ဦးလေးကို လက်ညှိုးထိုး၍ သူ မေးလိုက်သည်၊

"အို သူ မသေပါဘူး၊ အဘိုးက သေချာစမ်းကြည့်ပြီးပါပြီ အမောင်"

ယခုမှ မိန်းကလေး၏အသံမှာ သာယာလှကာ ရုပ်ရည်မှာလည်း ချောမောကြောင်း သတိပြုမိလေသည်။

ကြည့်စမ်း။

သူမဟာ သူ့ အိပ်မက်ထဲက မိန်းကလေးပဲ။ ဟုတ်တယ် ဟောဒီလို ဝတ်စုံဖြူနှင့်ပဲ။

တိုက်တိုက်ဆိုင်ဆိုင် သူမကို တကယ်လာတွေ့ရတာပါလား။ ဒါဆို ခရီးလမ်းတစ်လျှောက် မက်ခဲ့တဲ့ အိပ်မက်ဟာ သူ့အတွက် တကယ်မှန်နေပြီပေါ့။

"ကျုပ် အခု ဘယ်ရောက်နေတာလဲ"

သည်မိန်းကလေး၏ ဝတ်စားဆင်ယင်ပုံမျိုးနှင့် ချောမောလှပမှုမှာ သာမန်နှင့်မတူ၊ စကားပြောတာကအစ ချိုချိုသာသာ ညက်ညက်ညောညော။





ထို့ကြောင့် သူ စူးစမ်းစွာ မေးလေ၏။ သူမက အသာအယာ ပြုံးကာ...

"နှမတို့ နယ်ကိုပေါ့ အမောင်၊ အမောင် ကံကောင်းလို့ နှမတို့နဲ့တွေ့ပြီ မသေ၊ ဟော့...ဟိုမှာ အဘိုးလာနေပြီ"

သူ ကြည့်လိုက်တော့ အဖြူရောင်ဝတ်စုံနှင့် ဆံပင်ဖြူ မုတ်ဆိတ်ဖြူဖြင့် အရပ်မြင့်မြင့်နှင့် အဘိုးကြီးတစ်ယောက်ကို တွေ့ရသည်။ လက်ထဲမှာ ဆေးခွက်ကိုင်ထားသည်။

"အဘိုးပြောတဲ့အတိုင်းပဲ မကြာခင်ကမှ သူ သတိရလာတယ်"

သူမက သတင်းလှမ်းပို့သည်။ အဘိုး[illegible] ခေါင်းတညိတ်ညိတ်ဖြင့်

"ကျုပ် မြေးနဲ့တွေ့တာ မောင်ရင်တို့ ကံကောင်းတယ်မှတ်ပါ"

"ကဲ... အားရှိသွားအောင် ဒီဆေးရည်လေးသောက်လိုက်

"ဟိုဘက်က ကိုရုပ်ဆိုးကိုလဲ တိုက်ရမယ်"

သတိမေ့နေသော ဦးလေးမှာ ယခုတော့ တအင်းအင်းဖြင့် လှုပ်လာပြီ၊ ဦးလေးသတိရလာတာမို့ သူ ဝမ်းသာသွား၏။

"ဦးလေး"

သူ လှမ်းခေါ်ပေမဲ့ အသံက အားမရှိတော့သလို ဖျော့တော့တော့။

"စိတ်မလျှော်ပါနဲ့ အမောင် သူ သတိရလာမှာပေါ့၊ အမောင်



www.burmeseclassic.com

www.burmeseclassic.com



ဒီဆေးလေး သောက်လိုက်ပါဦး"

အဘိုးကြီးပေးသော ဆေးခွက်ကိုယူကာ သူ သောက်လိုက်၏။ အား... ပူစပ်ခါးလိုက်တဲ့ဆေး၊ သောက်ခါစ အဝင်ဆိုးသလောက် ဗိုက်ထဲရောက်သွားတော့ အကြောအချဉ်တွေပြေကာ တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားသလိုလို နာကျင်တာတွေပင် ပျောက်လို့ သွားရသည်။

အဘိုးကြီးက သူ့ကို ပြုံးကြည့်ကာ

"ဘယ်လိုလဲ အမောင်၊ ဆေးကကောင်းရဲ့လား"

သူ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ သိပ်ကို ကောင်းပါတယ်ခင်ဗျာ၊ ဒါ ဘာဆေးလို့ ခေါ်ပါသလဲ အဘိုး"

အဘိုးကြီးက မုတ်ဆိတ်ဖြူကြီးကိုလက်ဖြင့် ဖွဖွပွတ်သပ်ကာ ခေါင်းတညိတ်ညိတ်လုပ်၏။

"ဆေးအမည်ကတော့ နတ်ဆေးလို့ခေါ်တယ်၊ ကျုပ်ကိုယ်တိုင်ပဲ ဖော်စပ်ထားတာ ဒီတောင်မှာရှိနေတဲ့၊ ဆေးဖက်ဝင် ဂမုန်းပင်အဆိတွေနဲ့ စိမ်ထားတာပေါ့"

"အမောင့် ဦးလေးကိုလဲ သတိရလာရင် ဒီဆေး တိုက်ရမယ်။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

သည်လိုဆေးဝါးကောင်းမျိုး သောက်ရလျှင် ဦးလေးသေချာ





ပေါက် ပြန်ကောင်းလာမည်ဟု သူ ယုံကြည်၏။ ထို့ကြောင့် အဘိုးကြီး၏ စေတနာကို တကယ်ပဲ ကျေးဇူးတင်လိုက်သည်။

"ကဲ...အမောင် အနားယူလိုက်ဦး၊ အမောင် ဦးလေးကို ကျုပ် ဆေးတိုက်လိုက်ဦးမယ်"

အဘိုးကြီးက သတိရလာပြီဖြစ်သော ဦးလေးဆီသွားကာ ဆေးတိုက်လေ၏။

"အမောင်..."

"ဟင်..."

ယခုမှ သူ့နားတွင် ချောမောလှပသော မိန်းကလေးတစ်ယောက် ရှိနေပါလားဟု သတိပြုမိသွားသည်။ မိန်းကလေးက သူ့ကို ပြုံး၍ ကြည့်ကာ

"ဘယ့်နှယ်လဲ အမောင်၊ ဆေးသောက်လိုက်ရလို့ သက်သာသွားရဲ့လားဟင်"

တောက်ပသော မျက်လုံးလေးများ လက်လျက်ပြုံး၍ ဂရုတစိုက် မေးလေ၏။ သူပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဆေးသောက်လိုက်တာနဲ့ စောစောက နာကျင်နေတာတွေ အကုန်ပျောက်သွားသလိုပါပဲ နှမရယ်"

"ဟုတ်တယ် အမောင် အဘိုးရဲ့ဆေးက သိပ်စွမ်းတာလေ၊ ဟော်ရုံ ဒဏ်ရာလောက်တော့ အဘိုး ဆေးသောက်တာနဲ့ ပျောက်တယ်



www.burmeseclassic.com

www.burmeseclassic.com



အမောင်ရဲ့"

ချိုသာပျော့ပျောင်းစွာ မိန်းကလေးက ရှင်းပြလေ၏။ သည် မိန်းကလေးဟာ ယခုလောလောဆယ်မှာတော့ သူ့ရဲ့ ကျေးဇူးရှင် တည်း။

"အမောင်တို့ ဒဏ်ရာက တော်ရုံဒဏ်ရာတော့ မဟုတ်ပါဘူး နှမရယ်၊ အသက်ကိုတောင် ထိခိုက်နိုင်ပါတယ်။ နှမတို့နဲ့တွေ့လို့သာ ကံကောင်းလာတယ်"

ရောမရောက်တော့ ရောမလိုပဲ ကျင့်သုံးကာ သူပြောမိတော့၏။ သူ ဒီလိုပြောတာကို မိန်းကလေးက သဘောကျဟန်ဖြင့် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလေသည်။

"တကယ်တော့ အမောင်တို့ ဒီကို ရောက်လာမယ်ဆိုတာ နှမတို့က ကြိုသိနေတာ အမောင်ရဲ့"

"ဘယ်လို အမောင်တို့ ဒီကို ရောက်လာမယ်ဆိုတာ နှမတို့က ကြိုသိနေတယ် ဟုတ်လား"

သူ အံ့ဩသလိုမေးတော့ မိန်းကလေးက ပတ်ဝန်းကျင်ကို အကဲခတ်သလို တစ်ချက်ကြည့်ပြီး။

"ရှူး တိုးတိုး၊ တကယ်တော့ဒါဟာ နှမသိတာ မဟုတ်ဘူး။ အဘိုးက သိနေတာ"

"ဟင်..."





သူတို့ ရောက်လာမည်ဆိုတာကို ကြိုသိနေသော မုတ်ဆိတ်ဖြူနှင့် အဘိုးကြီးသည် သာမန်လူမဖြစ်နိုင်ဘဲ၊ နတ်များလားဟု အောက်မေ့မိ၏။ ယခုထက်ထိ သူရောက်နေသော နေရာသည် ဘယ်လိုမျိုးလဲ ဆိုတာ မသိ။

ပို၍အံ့ဩစရာကောင်းတာက သူ့အနားတွင် လှပစွာ ရှိနေသော မိန်းကလေးသည် ဇာတ်တွေထဲမှာသာ ဝတ်တတ်သော နန်းတွင်းလို အဝတ်အစားမျိုးနှင့် အဘိုးကြီးကလည်း မုတ်ဆိတ်ဖြူ ဝတ်စုံဖြူနှင့် အရပ်က မြင့်မားသည်။

"အမောင် အံ့ဩနေသလားဟင်"

သူ့ကို အကဲခတ်ဟ မိန်းကလေးမေး၏။ သူ ရိုးသားစွာပဲ ဝန်ခံမသည်။

"ဟုတ်တယ် နှမ အမောင်တို့ ရောက်လာမယ့်အကြောင်း ကြိုသိနေတဲ့ လူဟာ သာမန်တော့ မဟုတ်ဘူး"

"အမောင့်ကို ပြောစမ်းပါ၊ နှမတို့တိုင်းပြည်က နတ်ပြည်လား၊ အမောင်တို့သေပြီ နတ်ပြည်များ ရောက်လာသလား"

ထိုမေးခွန်း၏အဆုံး မိန်းကလေးက သဘောကျစွာ တခစ်ခစ် ရယ်လေသည်။ ရယ်တာမှ ကိုယ်လေးလှုပ်ကာ သိမ့်သိမ့်တုန်လို့။

မိန်းကလေးရယ်လေ၊ သူမလုံမလဲဖြစ်လေ၊ သူ့မေးခွန်းက ကမှားသွားလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် ရယ်နေတာလဲနှမ"

"စိတ်မဆိုးပါနဲ့အမောင်၊ ရုတ်တရက် အမောင်က နတ်ပြည်လားလို့မေးတော့ နှမရယ်ချင်သွားလို့ပါ"

"ဒါဆို နှမနေတာ ဘာတိုင်းပြည်လဲ"

သူ ခပ်တည်တည်ဖြင့် မေးလိုက်၏။ သည်တော့ မိန်းကလေး အရယ်ရပ်ကာ ဣန္ဒြေမျက်နှာဖြင့် သူ့ကို ကြည့်သည်၊

"နှမတို့တိုင်းပြည်ဟာ အမောင်ထင်သလို နတ်ပြည်မဟုတ်ပါဘူး။ အမောင်ကိုယ်တိုင်လဲ သေပြီး နတ်ပြည်ရောက်လာတာမဟုတ်ပါဘူး။ အသက်ရှင်လျက် လူသားစင်စစ်ပါ ကဲ"

"အား"

ရုတ်တရက် မိန်းကလေးက သူ့လက်မောင်းကို လက်သည်းထိပ်များနှင့် ခပ်နာနာဆွဲဆိတ်တာကြောင့် မထိန်းနိုင်ဘဲ ဖျတ်ခနဲ သူ အော်မိသွားသည်။

သူ အော်တာကို မိန်းကလေးမှ သဘောကျဟန်ဖြင့် လှစ်ခနဲ ပြုံးကာ-

"ကဲ သိပြီလား၊ ကိုယ့်ကိုယ်ကို လူလား နတ်လားဆိုတာ"

"သိပြီ သိပြီ ကျုပ်ကလူပဲ ဒါပေမဲ့ မင်းကတော့ နတ်သမီးတမျှ ချောမောလှပနေဟာယ်။ ပြီးတော့ မင်းဝတ်စားထားပုံ"

လှပကြော့ရှင်းသော သူမခန္ဓာကိုယ်ပေါ်ရှိ နန်းဝတ်နန်းဆန်





ာဝတ်အစားများကို လက်ညှိုးထိုးပြမိ၏။

သူမက ဖျတ်ခနဲ သူမကိုယ်သူမ ငုံ့ကြည့်ကာ၊

"နှမ အဝတ်အစားတွေက ဘာဖြစ်လဲ အမောင်"

ဟု မျက်တောင်ကော့များပင့် ကြည့်လျက် မေး၏။ သူ ပင့်သက် ကျိတ်ချရင်း အနီးကပ်မြင်နေရသော သူမအလှများကို ဖျက်လုံးလွှဲ ရှောင်ဖယ်ရင်း-

"ကျုပ်တို့ တိုင်းပြည်က မိန်းကလေးတွေကတော့ နှမလို ၂ာဝတ်အစားမျိုး မဝတ်ကြဘူး"

ဟု ညင်သာစွာပြောမိ၏။ မိန်းကလေးမှာ အံ့သြသလို ဖြစ်၍ သူ့ကို စူးစမ်းစွာကြည့်၏။

"ဟုတ်လား နှမတို့ တိုင်းပြည်ကတော့ အားလုံးမိန်းကလေး ေကွ ဒီလိုပဲ ဝတ်ကြတယ် အမောင်"

"သြော်...သြော်... ဒါနဲ့ နှမတို့တိုင်းပြည်အမည်က ဘာလဲ"

"နောက်တော့ အမောင်သိလာမှာပါလေ။ ဟိုမှာ အဘိုးပြန်လာ ေနပြီ"

မုတ်ဆိတ်ဖြူနှင့် အဘိုးကြီးက သူတို့ထံ ပြန်ရောက်လာ၏။ ိုးလေး ကြည့်တော့ ပြန်အိပ်ပျော်သွားပြီ။

"ဘယ်လိုလဲ အမောင် သက်သာရဲ့လား"

အဘိုးကြီးမှာ ရုပ်ရည်သာ ခံ့ညားတာတင်မဟုတ်၊ အသံသြဇာ



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ကောင်းလှ၏။

သူ ခေါင်းညိတ်ကာ–

"ဟုတ်ကဲ့ အဘိုး၊ အဘိုးရဲ့ ဆေးကတော့ တကယ်စွမ်းပါတယ် ခင်ဗျာ"

ဟု ရွှင်လန်းစွာ ပြောလိုက်၏။ အဘိုးကြီးက မုတ်ဆိတ်ဖြူကြီး ပွတ်ကာ ခေါင်းတညိတ်ညိတ်လုပ်သည်။

"မောင်ရင်တို့ ကံလဲပါပါတယ်၊ ဘာပဲဖြစ်ဖြစ် သက်သာတယ်ဆိုတော့ ကျုပ်တို့ စိတ်ချမ်းသာရတာပေါ့"

"ကဲ ကျုပ်ဆေးသွားဖော်ဦးမယ်၊ ခင်မင်း အဘိုးနဲ့လိုက်ခဲ့"

"ဟုတ်ကဲ့ အဘိုး"

မိန်းကလေးက သူ့ကို နှုတ်ဆက်သလို တစ်ချက်ကြည့်ပြီး မုတ်ဆိတ်အဖြူ အဘိုးကြီးနောက်လိုက်သွားလေ၏။

"ခင်မင်း"တဲ့။

စောစောက မိန်းကလေးကို အဘိုးကြီး ခေါ်လိုက်တဲ့နာမည်။ ဘာပဲဖြစ်ဖြစ် ဒီမြေအဘိုးတွေနဲ့ ဆုံရတာ သူတို့အဖို့ ကံကောင်းတာပါပဲ။ ထိုသို့တွေးရင်း သူ့မျက်ဝန်းတွေ လေးလံကာ နောက်တစ်ဖန် အိပ်ပျော်သွားလေ၏။

* * *





"ဦးလေး"

"ခွန်ဂျာ"

ယခုတော့ နှစ်ယောက်သား ကျန်းမာလာပြီမို့ သူနှင့်ဦးလေး ...စ်ယောက်ကိုတစ်ယောက် ပြုံးရွှင်စွာ ခေါ်နိုင်လေပြီ။ ထိခိုက်နာကျင် ...သော ဒဏ်ရာများက မုတ်ဆိတ်အဖြူ အဘိုးကြီး၏ ဆေးအစွမ်း ...ကြောင့် ပျောက်ကင်းသလောက်ပင်။

"ဦးလေး နေလို့ကောင်းတယ်နော်"

"ကောင်းပါ့ကွာ၊ မင်းကော ဘာဖြစ်သေးလဲ"

အိပ်ရာပေါ်မှ ကိုယ်စီထထိုင်၍ စကားပြောကြသည်။ သူပြုံး၍ ...င်းခါယမ်း၏။

"ဒဏ်ရာ နည်းနည်းပါးပါးပဲရတယ်၊ ဦးလေး၊ ဒါလဲ ဟို ...ိုးကြီးဆေးက စွမ်းတော့ပျောက်သလောက် ဖြစ်ကုန်ပါပြီ"

"ကျွန်တော်တော့ ခုလို ကျွန်တော်တို့ နှစ်ယောက် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘဲ ပြန်တွေ့ကြတာ ဝမ်းအသာဆုံးပဲ ဦးလေး"

"ဟုတ်တယ် ငါလဲ မင်းလိုပဲ ခွန်ဂျာ၊ ဒီတစ်ခါတော့ဖြင့် ကိုယ်ကျိုးနည်းပြီ အောင်းမေ့တာ၊ ကံကောင်းလို့ အသက်ပြန်ရှင်တယ်"

သည်လောက် အသက်ဥ္ဓရာယ် ထိခိုက်စွာဖြင့် တွေ့ခဲ့တာတောင် ထူးဆန်းသော ကံကြမ္မာကြောင့် သူတို့ သက်ရှင်ခွင့်ရတာ ဘယ်လောက် အံ့သြစရာကောင်းလဲ။

"ကျွန်တော်တို့ကို ကယ်လိုက်တဲ့ မုတ်ဆိတ်ဖြူနဲ့ အဘိုးကြီးတို့ မြေးအဘိုးကို ကျေးဇူးတင်ရမယ် ဦးလေး"

"အေးဟုတ်တယ်ကွ၊ သူတို့က တို့အသက်ကို ကယ်တဲ့ အပြင်၊ တို့ရထားတဲ့ ဒဏ်ရာတွေ ဆက်ကုပေးသေးတယ် ခွန်ဂျာ၊ တို့အသက်ကို သူတို့ဆက်ပေးတာပဲကွ"

ဦးလေးက အားပါးတရပြောတော့ ထောက်ခံလိုက်၏။ မုတ်ဆိတ်ဖြူတို့ မြေးအဘိုးဟာ တကယ်သူတို့အတွက် ကျေးဇူးရှင် အစစ် မဟုတ်လား။

"ဒါနဲ့ ဦးလေး၊ ကျွန်တော်တို့ ဘယ်ကိုရောက်နေတယ် ထင်သလဲ"

"အင်း... ငါ့အထင်တော့ မြေအောက်ကမ္ဘာတစ်ခုကို ရောက်နေ သလားပဲ၊ ဘာ့ဖြစ်လို့လဲဆိုတော့ အခု ငါတို့နေတဲ့ အခန်းထဲဝင်ရောက် လာတဲ့ အလင်းရောင်က ခပ်ပျပျပဲ၊ မိုးအုံ့သလိုကြီးပဲ ခွန်ဂျာ"





"ဟုတ်တယ် ကျွန်တော်လည်း ဒါကို သတိထားမိတယ် ဦးလေး"

ထိုစဉ် အခန်းတံခါးပွင့်လာကာ အရိပ်တစ်ခု သင်လာ၏။ ကြည့်လိုက်တော့ လင်ဗန်းတစ်ချပ်နှင့် စားစရာများယူလာသော မိန်းမလှလေး ခင်မင်း။

"ဟော့ အမောင်တို့ နိုးနေပြီကိုး၊ အတော်ပဲ နှမလဲခုပဲ ယာဂုကျိုပြီးတယ်"

သူတို့ ရှေ့သို့ လင်ဗန်းချလိုက်တာနှင့် မွှေးပျံ့သောရနံ့ကို ရတာကြောင့် ဆာလောင်မွတ်သိပ်စိတ်များ ချက်ချင်းဖြစ်ပေါ်လာရ၏။

အဖြူရောင် သလင်းခွက်များပြင့် ထည့်ထားသော မွှေးပျံ့နေ သည့်ယာဂုများ။ ခင်မင်းက သူ့ကို တစ်ပန်းကန် လှမ်းပေးသည်။

"သောက်လိုက်ပါ အမောင်၊ ဒီယာဂုထဲမှာ အားဖြစ်စေတဲ့ နွယ်တစ်မျိုးပဲ ထည့်ကျိုထားပါတယ်။ ယာဂုသောက်ပြီးရင် အမောင်တို့ ကိုယ်မှာဆုတ်လျော့နေတဲ့ အားအင်တွေ ပြန်လည်ပြည့်ဖြိုးသလို ဖြစ်ပါလိမ့်မယ်"

"ကျေးဇူးပါပဲ နှမ"

ခင်မင်းကပြုံးကာ ဦးလေးကို တစ်ပန်းကန်ပေးလေ၏။ သူတို့မှာ ဆာလောင်နေပြီမို့ ခင်မင်းရှေ့မှာ ဟန်မဆောင်နိုင်ဘဲ ယာဂုကိုသောက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အို ကောင်းလိုက်တဲ့ ဆန်ပြုတ်။

သူတို့က ယာဂုခေါ်ပေမဲ့ မွှေးပျံ့သော ဆန်တစ်မျိုးကို ပျစ်ပျစ်ကျိုထားသော ဆန်ပြုတ်မဟုတ်လား။ သို့သော် အင်အားဖြစ်စေသော နွယ်၏ရနံ့က တကယ်ပင် စားသောက်ပြီးတာနှင့် တစ်ကိုယ်လုံး အင်အားတွေ ပြည့်ဖြိုးသလိုဖြစ်ကာ လန်းဆန်းသွားရသည်။

စားလို့ကုန်သွားမှ သူ့ကိုပြုံးပြုံးလေးကြည့်နေသော ခင်မင်းဆိုသည့် နန်းဝတ်နန်းစားနှင့် မိန်းကလေးကို သတိရလေ၏။

"ဘယ်လိုလဲ အမောင်စားလို့ ကောင်းရဲ့လားသဟင်"

သူ ရှက်သလိုပြုံးကာ–

"စားကောင်းကောင်းနဲ့ စားမိတာ၊ ခင်မင်းကိုတောင် သတိမရမိဘူး"

"အဟင်း... ကိစ္စမရှိပါဘူး အမောင် စားကောင်းတယ်ဆိုရင်၊ နှမ ဝမ်းသာတာပါပဲ"

"အင်း... ခင်မင်းတို့ကိုတော့ ကျုပ်တို့ ဘယ်လိုကျေးဇူးပြန်ဆပ်ရမှန်း မသိဘူး"

အသက်ကယ်တဲ့အပြင် စားစရာများကို ပေးကမ်းကြသော ခင်မင်းတို့ မြေးအဘိုး၏ စေတနာကို သူ အသိအမှတ်မပြု၍ မရပေ။ သူဒီလိုပြောတော့ ခင်မင်းက ခေါင်းယမ်းသည်။

"ကျေးဇူးဆပ်ဖို့ မလိုပါဘူး၊ အမောင်တို့နဲ့ ဒီလိုဆုံခွင့်ရတာကိုပဲ





နှမ ဝမ်းသာနေတာပါ"

လှပသော မျက်လုံးလေးများ တဖျပ်ဖျပ် လက်လျက်၊ ခေါင်းလေး မသိမသာငုံ့ကာ ခင်မင်းဆို၏။ မိန်းကလေးများနှင့် နီးနီးကပ်ကပ် နေခဲ့ပေမဲ့ ဘယ်တုန်းကမှ စိတ်မလှုပ်ရှားခဲ့ဖူးသော သူ့အတွက် ခင်မင်းပုံစံနှင့် ဟန်လေးကတစ်မျိုး ထူးခြားစေ၏။

"ဦးလေးတို့ကလဲ မင်းတို့နဲ့ဆုံလို့ ဝမ်းသာနေတာပါ ကလေးမ၊ ဒါနဲ့ ဦးလေးတို့လဲ မင်းတို့ကျေးဇူးကြောင့် အတန်အသင့် နေကောင်းလာပြီမို့ အပြင်ထွက်ခွင့်များ ရမလား ကလေးမ"

လှူငယ်နှစ်ယောက်ကြားထဲသို့ ဦးလေးက ကျေးဇူးတင်စကားဆိုရင်း ဝင်ပြောလေသည်။ သည်တော့မှ ခင်မင်းမျက်နှာလေး နူးညံ့သော ဣန္ဒြေဖြင့် မော့လာ၏။

"ထွက်လို့ကတော့ ရပါတယ် ဦးလေး၊ ဒါပေမဲ့ အဘိုးကို ပြောရဦးမယ်"

"ဟုတ်တာပေါ့၊ အဘိုးကလဲ ကျုပ်တို့ ကျေးဇူးရှင်ပဲ"

"ဒီလို မဟုတ်ပါဘူး၊ အဘိုးကသာ ဦးလေးတို့ ကျန်းမာရေး အခြေအနေကို သိလေတော့ အဘိုးခွင့်ပြုရင် ပိုကောင်းမှာမို့ပါ၊ ခဏ နော် အဘိုးသွားမေးလိုက်ဦးမယ်"

ပြောပြောဆိုဆို ခင်မင်းက နေရာမှထ၍ ထွက်သွားလေ၏။ သူက ခင်မင်းထွက်သွားရာ လိုက်၍ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ခွန်ဂျာ ထူးခြားနေသလား"

ဦးလေးအသံကြားမှ သတိဝင်လာလျက် မသိမသာ ပြုံးမိသွား၏။ သို့သော် ရိုးသားစွာဖြင့် အမှန်အတိုင်း ဝန်ခံလိုက်သည်။

"ဟုတ်တယ် ဦးလေး၊ ကျွန်တော်တို့တိုင်းပြည်က မိန်းကလေးတွေနဲ့တော့ ခင်မင်းဟာ မတူတာ အမှန်ပဲ"

"အေး... ဒါတော့ ဟုတ်တယ်ကွ၊ အစက ဒီမိန်းကလေးနဲ့ အဘိုးကြီးကိုမြင်ရတော့ ငါတို့များ သေပြီး တခြားကမ္ဘာရောက်နေသလားလို့"

ဦးလေး၏ ပွင့်လင်းရိုးသားစွာ အပြောကြောင့် သူ သဘောကျစွာ ရယ်မိလေ၏။ အစက သူလည်း ဒီအတိုင်း ထင်ခဲ့တာပဲ မဟုတ်လား။

"ကျွန်တော်လဲ အတူတူပါပဲ ဦးလေး၊ ဒါပေမဲ့ ခင်မင်းတို့ဟာလဲ လူသားပြစ်နေတာ ဘယ်လောက်အံ့သြစရာ ကောင်းလဲ ဦးလေး"

"အေးကွ ထူးခြားတာက သူတို့ဟာ တို့တိုင်းပြည်က လူတွေအားလုံးထက်ချောပြီး အသားအရေတွေကလဲ ရွှေရောင်တွေကွ မြောက်ကျွန်းသူ ကျွန်းသားတွေလားပဲ"

အဆုံးသတ်မှာ ဦးလေးက ဝေဖန်လေသည်။ မြောက်ကျွန်းသူ ကျွန်းသားတွေ ချောတယ်၊ လှတယ်ဆိုယာ စာအုပ်ထဲမှာသာ ဖတ်ဖူး၍ အပြင်ဘက်မှာ တစ်ခါမှ မကြုံဖူးသောသူ့အတွက်ကတော့





ဦးလေးပြောတာ ဟုတ်လေသလားဟု သံသယဖြစ်စရာ။

မကြာပါ ခင်မင်းလက်ထဲမှာ အထုပ်တစ်ထုပ်နှင့် ပြန်ရောက်လာ၏။ မျက်နှာလေးက မသိမသာ ပြုံးနေသည်။

"အဘိုးက ခွင့်ပြုတယ် အမောင်၊ အမောင်တို့ အပြင်ထွက်မယ်ဆိုရင် ဒီအဝတ်အစားတွေ လဲပါ"

ခင်မင်းက သူ့မလက်ထဲမှာ ကိုင်လာသော အထုပ်ကိုကြည့်၍ ဝတ်စုံတစ်စုံစီပေး၏။ ကြည့်လိုက်တော့ ခင်မင်းပေးသော ဝတ်စုံမှာ ပိုးသားပျော့ တစ်မျိုးဖြစ်သော အပေါ်ခြုံလွှမ်းသည့် ဝတ်ရုံတွေဖြစ်၏။ ဦးလေးနှင့် သူက တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်သည်။

ထို့နောက် နှစ်ယောက်သား ဦးခေါင်းဆတ်ခနဲ မသိမသာ ညိတ်လိုက်ကြ၏။ မထူးတော့တဲ့သဘော၊ ရောမရောက်မှ ရောမလို ကျင့်ရန်ပင်။

ဝတ်စုံတွေလဲပြီးနောက် ခင်မင်းဦးဆောင်သော အပြင်သို့ ထွက်ခဲ့ကြ၏။ သည်တော့မှပဲ သူတို့ရောက်နေသောနေရာက ဂူတစ်ဂူလို ဖြစ်နေတာ သတိပြုမိ၏။

အခန်းသုံးလေးခန်းကို ဖြတ်ကျော်ပြီးမှ ကျဉ်းမြောင်းသော လမ်းရှည်လေးအတိုင်း လျှောက်၍ နောက်ဆုံးမှာ အပေါက်ဝသို့ ရောက်လေ၏။

အပြင်သို့ရောက်တာနှင့် အေးမြသောလေ၏ အထိတွေ့



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ခနဲ အပြင်ဘက်မှ ဖြူလွှသော နှင်းမှုန်တို့ကို မြင်ရသည်။

"အမောင်တို့ ကံကောင်းတာပဲ၊ ဒီနေ့ရာသီဥတု သာယာတယ်"

ခင်မင်းလှည့်ကာ ပြောပေမဲ့ သူတို့အတွက်တော့ ခပ်မှိုင်းမှိုင်း အလင်းရောင်အောက်မှာ အေးခြဲသောလေနှင့် ဘေးပတ်လည်မှာ တောင်ရိုးတွေ တကယ်ပဲ သူတို့ဟာ မြေအောက်ကမ္ဘာရောက်နေသလားဟု တွေးထင်ချင်စရာ။

မျက်စိကျင့်သားရ၍ ကြည့်လိုက်သောအခါ အနည်းငယ် အလှမ်းဝေးကွာသော နေရာများမှာ အဖြူရောင်ဝတ်စုံနှင့် ယောကျ်ားတွေ၊ မိန်းကလေးတွေက အဝါ၊ အပြာ ဝတ်စုံများနှင့် သူတို့အားလုံး ချောမောလှပတာနှင့်အမျှ ကိုယ်လမ်း ကိုယ်ခရီး တည်ငြိမ်စွာ လျှောက်သွားနေကြ၏။

"ကျွန်မတို့ရွာကို နှင်းမြူရွာလို့ ခေါ်တယ် အမောင်"

"ဩော်"

သူနှင့် ဦးလေးအတွက်တော့ တကယ်ကို ထူးခြားသောကမ္ဘာ ရောက်နေတာ အမှန်ပင်။ သို့သော် ပတ်ဝန်းကျင် ရှုခင်းကတော့ သာယာလှပ၏။

အစိမ်းရောင် မြက်ခင်းများဖြင့် ရှောင်စုံပန်းမျိုးစုံက လှပဝေဆာစွာ ပွင့်လန်းနေကြသည်။





"သူတို့က ရွာသူရွာသားတွေလား"

ဟိုတချို့ ဒီတချို့ သွားလာလှုပ်ရှားနေကြသူများကိုကြည့်ကာ သူ စိတ်ဝင်စားစွာ မေးမိသည်။ ခင်မင်းခေါင်းလေး ညိတ်ကာ

"ဟုတ်တယ် အမောင်၊ ဒီနေ့ရာသီဥတုသာလို့ သူတို့ အပြင်ထွက်ကြတာ"

"ခင်မင်းတို့ ရွာသူရွာသားတွေအားလုံး ချောတယ်နော်"

ထိုအပြောကြောင့် ခင်မင်းတစ်ယောက် သဘောကျဟန်လေးဖြင့် ရယ်သော၏။

"နှမတို့ကို ချောတယ်လို့ပြောတာ ကျေးဇူးတင်ပါတယ်"

ဒါပေမဲ့ နှမတို့ မျက်စိထဲမှာတော့ ကိုယ့်အချင်းချင်း ချောတယ် လှတယ်လို့ မမြင်မိကြဘူး"

"ဘာဖြစ်လို့လဲ"

"ဩော်...အမောင်တို့ပဲ စဉ်းစားကြည့်လေ၊ နှမတို့အဖို့ လူတွေဟာ အမြဲမြင်နေတောင် ဘာမှ မထူးဆန်းဘူးလေ"

မိန်းကလေးပြောတာ မှန်တယ်ကွ ခွန်ဂျာ၊ သူတို့အချင်းချင်း အတွက်ကတော့ ဒါဟာ မဆန်းဘူး"

ဦးလေးက ဝင်ပြော၏။ ခင်မင်းပြောတာ သဘာဝကျသည်မို့ သူ လက်ခံလိုက်သည်။ တကယ်တော့ မြင်နေကျ တွေ့နေကျ မဆန်းခြင်းပင်။ ခင်မင်းတို့ ရွာသူရွာသားများက ရုပ်ဆိုးသော



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကိုတော့ ထူးဆန်းသလို ဖျတ်ခနဲ၊ ဖျတ်ခနဲ ကြည့်ကြသည်။

ချောမောလှပသူများမို့ ရုပ်ဆိုးသော ဦးလေးပုံစံက သူတို့အတွက် ထူးခြားနေတာအမှန်။ ကြာတော့ ဦးလေးပင် အနေရခက်လာဟန်။

"ငါတော့ ဒုက္ခပဲဟော့၊ ငါ့ကို လူလို့မထင်ဘဲ တိရစ္ဆာန်တစ်ကောင်လို ထင်နေပြီလား မသိဘူး"

ဦးလေးညည်းတော့ သူ ပြုံးမိ၏။ သူတို့မျက်စိထဲ ဦးလေးကို ဒီအတိုင်းလည်း ထင်နိုင်တာပဲ မဟုတ်လား။

"ဒီရွာကို ဘယ်သူ အုပ်ချုပ်သလဲခင်မင်း"

ဦးလေး စိတ်အာရုံ ပြောင်းစေရန် သူ တခြားစကားကို မေးလိုက်သည်။

"ရွာကို အုပ်ချုပ်တာ အဘိုးပဲ၊ ဒါပေမဲ့ တကယ်တမ်းမှာ နယ်ပိုင် သခင်မက ပိုင်တာပါ"

"ဘယ်လိုပြောလိုက်တယ် နယ်ပိုင်သခင်မ ဟုတ်လား"

သူ အံ့ဩသလိုမေးတော့ ခင်မင်း ခေါင်းညိတ်လိုက်၏။ သူတို့ အတွက်တော့ နယ်ပိုင်သခင်မဆိုသော စကားက ထူးဆန်းနေတာ အမှန်။

"ဟုတ်တယ် အမောင်၊ သူ့ကို ကေရီလို့လဲ ခေါ်တယ် အမောင်၊ သတိထားမိသလားပဲ ဒီရွာက နှမတို့ မိန်းကလေးတွေ





အားလုံး အဖြူရောင် မဝတ်ကြဘူး"

"အင်း... အဲဒါ ဘာကြောင့်လဲ"

"အဲဒါ သခင်မရဲ့ သတ်မှတ်ချက်ပဲ၊ ဘာကြောင့်လဲဆိုတော့ အဖြူရောင်ဝတ်စုံကို သခင်မ တစ်ယောက်ပဲ ဝတ်လို့"

"ဟင်"

သူ အံ့ဩသွားစဉ် ခင်မင်းက ဆက်ပြောသည်။

"ဟုတ်တယ် သခင်မကလွဲလို့ ဘယ်မိန်းမမှ အဖြူရောင် မဝတ်ရဘူးလေ၊ အဖြူရောင်ဟာ မြင့်မြတ်သန့်စင်တယ်ဆိုတဲ့ အဓိပ္ပာယ် မဟုတ်လား"

"ဒါကြောင့် အဖြူရောင်ဟာ သခင်မတစ်ယောက်နဲ့ပဲ ထိုက်တန်တယ်လို့ မှတ်ယူတယ် အမောင်"

"အမောင်တော့ ဒါမျိုး မကြားဖူးဘူး၊ အဖြူရောင်က မွန်မြတ်သန့်စင်တာမှန်တယ်၊ ဒါပေမဲ့ သခင်မတစ်ယောက်ပဲ ဝတ်ရမယ်ဆိုတော့ ကျန်တဲ့လူတွေက ဘယ်လို အဓိပ္ပာယ်ဖြစ်ကုန်မလဲ၊ မမွန်မြတ် မသန့်စင်တဲ့သဘော ဖြစ်မသွားဘူးလား"

"ရှင်ဆဲရိုတာကို အမှန်အတိုင်း ပြောလိုက်ရမှ ကျေနပ်တတ်သော သူက ပွင့်လင်းစွာ ဝေဖန်မိ၏။

"အို ရှူး၊ ဘာကြောင့် သခင်မကို ဝေဖန်ရတာလဲ၊ အမောင်လို မှားမိမ်းမပြောနဲ့ နှမတို့ရောင် သခင်မကို ဝေဖန်ခွင့် မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သခင်မမှာ ကြားသိနိုင်တဲ့ မျက်လုံးတွေ၊ နားတွေရှိတယ် အမောင်"

ခင်မင်းက တိုးဖျော့သောလေသံဖြင့် သူ့ကို သတိပေးလေ၏။ ဦးလေးကိုယ်တိုင်က တစ်သက်မှာ တစ်ခါမှ မကြုံဖူးသော ထူးခြားဆန်းကြယ်သည့် ပတ်ဝန်းကျင်ထဲ ရောက်နေတာမို့ စကားကို တိတ်ဆိတ်နေ၏။

"ခင်မင်းပြောတာ မှန်တယ် ခွန်ဂျာ၊ ကိုယ်မသိဘဲ ဘာမှ မဝေဖန်ရင် ကောင်းမယ်"

ဦးလေးက နောက်ထပ် အန္တရာယ်ဖြစ်မည်ကို မလိုလားဟန်ဖြင့် ပြောသည်။

"လာ အမောင်တို့ကို မြစိမ်းအိုင်ဘက် ခေါ်သွားမယ်"

"မြစိမ်းအိုင် ဟုတ်လား ခင်မင်း"

သူ အံ့ဩသလိုမေးတော့ ခင်မင်းခေါင်းညိတ်သည်။ မြစိမ်းအိုင်ဆိုသော အမည်လေးက ကြားရတာနဲ့တင် စိတ်အေးချမ်းမြေ့စရာ။

"ဟုတ်တယ် အမောင်၊ မြစိမ်းအိုင်က သိပ်သာယာတာပဲ"

သို့သော် လမ်းတစ်လျှောက်သူတို့ တွေ့ခဲ့သလောက်မှာတော့ အဖြူရောင် ဂူကျောက်ဆောင်အိမ်များ၊ စိမ်းလန်းသော မြက်ခင်းပြင်နှင့် ရောင်စုံပွင့်လန်းနေကြသော ပန်းများ၊ မှိုင်းပျပျ အလင်းရောင်အောက်မှာ ရာသီဥတုသာယာကာ လှချင်တိုင်း လှနေကြသည်။





မြစိမ်းအိုင်က ဒီထက်သာယာလှပတယ်ဆိုတော့ တွေ့ချင်ပြင်ချင်စိတ်ကား မရပေ။ ဘေးပတ်လည်မှာ မြင့်မားမတ်စောက်သော တောင်တွေက သူမတို့ရွာလေးကို အကာအရံပေးထားသလိုလို။

"အဲဒီတောင်ပေါ်မှာ ဘာရှိလဲ ခင်မင်း"

ဖြူဆွတ်ဆွတ်တောင်ကြီးကို လက်ညှိုးထိုးပြကာ သူမေးမိသည်။ ခင်မင်းက တစ်ချက်မျှ မော့ကြည့်ပြီး သူ့ဘက်လှည့်၏။

"အဲဒါ နှင်းဖြူရောင် အမောင်၊ အဲဒီတောင်ပေါ်မှာ သခင်မနေတယ်"

"ဟုတ်လား အဲဒီသခင်မကို ခင်မင်း မြင်ဖူးမှာပေါ့"

"ဟင့်အင်း သခင်မက တော်ရုံလူတွေ အတွေ့မခံဘူး၊ အဘိုးတို့လို လူမျိုးကလွဲပြီး ဘယ်သူမှ တော်ရုံနဲ့ သေသေချာချာ မမြင်ဖူးကြဘူး"

"ဩော်..."

သူ ကြားရသမျှ နှင်းဖြူရောင် သခင်မဟာ စိတ်ဝင်စားစရာကောင်းနေပါသည်။ သို့သော် သူ့နားမှာ မိန်းမလှလေး ခင်မင်းကလည်း စိတ်ဝင်စားစရာပါ။

မြစိမ်းအိုင်ဘက် သွားရာလမ်းသည် သူတို့အတွက် တကယ့်ကို သာယာလှပနေ၏။ အစိမ်းရောင်သစ်ပင်များကြားမှ ဖြူ၊ နီ၊ ဝါ၊ ပြာ ပန်းလေးတွေက အပြိုင်ပွင့်နေသလို လှပသော ကျေးငှက်သာရကာ



www.burmeseclassic.com

www.burmeseclassic.com



များကလည်း တွန်ကျူးလို့ မွေးပျံ့သော ရနံ့များက ပတ်ဝန်းကျ
တစ်ခုလုံး သင်းပျံ့နေသည်။

"ဟော... ဟိုမှာ မြစိမ်းအိုင်"

"ဟင်..."

"ဟာ... သာယာလှပလိုက်တဲ့ ရှုခင်းပါလားကွ"

ရှေ့တည့်တည့်မှာ တွေ့လိုက်ရတာက ဖြူဆွတ်သော တောင်နှ
လုံးကြားမှ အဖြူရောင် ရေတံခွန်ကြီးတစ်ခု လှပစွာ ဖြာဆင်းနေ
သလို ရေတံခွန်ကျ ရေစမ်းအိုင်ကြီးမှာ ကြည်လင်စိမ်းမြနေတော
သည်။ အထဲမှာ ရွှေရောင် ငါးလေးတွေက လူးလာကူးလို့ ရေအိုင်၏
ပတ်ပတ်လည်မှာ တောနှင်းဆီ ရိုင်းပင်တွေ ဝေဆာဖူးပွင့်နေသည်၊

"ဒီကျောက်တုံးတွေက"

"ဟုတ်တယ် မြစိမ်းကျောက်တွေပဲ အမောင်"

စိမ်းမြကြည်လင်နေသော မြစိမ်းကျောက်တုံးများကို မြင်ရတော
သူတို့မျက်လုံးတွေ လင်းခနဲ၊ လက်ခနဲ တောက်ပကုန်သည်။

ကြည့်စမ်း

ဒီမြစိမ်းကျောက်တွေဟာ သူတို့တိုင်းပြည်မှာဆိုရင် တကယ်
အဖိုးတန် ရတနာတွေပဲ။

သို့သော် ဒီမှာတော့ ဘယ်သူမှ တန်ဖိုးထားကြဟန် မတူ။
ဦးလေးနှင့်သူက ခပ်သေးသေး ကျောက်စိမ်းရိုင်းတုံးလေးမျ





ကို ကောက်ယူပွတ်သပ်ကြည့်မိ၏။ တကယ့် အစစ်တွေပဲ။

"ခင်မင်းတို့ရွာကလူတွေ ဒီကျောက်စိမ်းတုံးတွေ မယူကြဘူး
လား"

သူ့အမေးကို ခင်မင်း ပြုံး၍ ခေါင်းခါသည်၊

"ဟင့်အင်း... ဘာလို့ ယူကြမှာလဲ၊ ဒီမှာ အဲဒါတွေ အများ
ကြီးပဲ၊ ခင်မင်းတို့အတွက် အလှထားရုံပဲ"

"ဪ...ဒါဆို ခင်မင်းတို့အိမ်မှာ သုံးစွဲနေတာ ဒါတွေကိုး"

ပန်းကန်ဇွန်းခွက်မှအစ ထိုကျောက်စိမ်းများဖြင့် ပြုလုပ်ထားတာ
ယခုမှ သတိပြုမိသည်။ အစက နေကောင်းခါစမို့ ကိုယ့်စိတ်ထဲအမြင်
မှား အထင်မှား ဖြစ်နေသလားလို့ သံသယဖြစ်ခဲ့၏။

ယခုတော့ တကယ်ပဲ အစစ်တွေကိုး။ သူပြောတော့ ခင်မင်းက
ထောက်ခံသည်။

"ဟုတ်တယ် ဒီမှာ အားလုံး နှမတို့လိုပဲ သုံးစွဲကြတယ်"

"ဒီကို တခြားလူစိမ်းတွေ မလာဘူးလား"

တခြားတိုင်းပြည်က လူစိမ်းတွေ လာလျှင်တော့ ဒီလိုကျောက်
စိမ်းတုံးတွေကို အလှကြည့်နေလိမ့်မည် မဟုတ်ပေ။

"ဟင့်အင်း... အမောင်တို့နှစ်ယောက် ဒီရွာကို ပထမဆုံး
ရောက်လာတဲ့ ဧည့်သည် လူစိမ်းတွေပဲ"

"ဒါဆို အမောင်တို့က ခင်မင်းတို့အတွက် အထူးဧည့်သည်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပေါ့"

"အင်း..."

ဒါကြောင့် ရွာသူရွာသားတချို့က သူတို့ကို ထူးခြားသလို ကြည့်ကြတာကိုး၊ အမှန်တော့ ဘယ်အရပ်၊ ဘယ်ဒေသမှ မသိတဲ့ မြင့်မားမတ်စောက်လွန်းသော တောင်တွေကြားမှာ ရောက်နေတဲ့ ခင်မင်းတို့ ရွာလေးကို တခြားလူ စိမ်းဧည့်သည်ရောက်ဖို့ဆိုတာ အတော်ရှားပါးမည့်အဖြစ်ပါ။

"ဒီစမ်းရေကို အမောင်တို့ စိမ်လိုက်ရင် ကျန်းမာရေးအတွက် ကောင်းသွားမယ်"

"ခင်မင်းကော"

"နမ ဟိုဘက်မှာ သွားစိမ်မယ်"

ပြောပြီး ခင်မင်းက အနားမှ လှစ်ခနဲ ပြေးထွက်သွား၏။ ခင်မင်းမရှိတော့ ဦးလေးနှင့်သူ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသည်၊

"ဟဲ...ဦးလေး၊ ရေမချိုးဘူးလား"

"မင်းကော"

"ဒီလောက် ကြည်လင်နေတဲ့ ရေအိုင်ထဲ ကျွန်တော်တော့ စိမ်ချင်တရယ်"

"အေး...မင်းသဘောပဲကွ"





ထို့နောက် နှစ်ယောက်သား အဝတ်အစားများ ချွတ်ကာ ရေအိုင်ထဲ ဆင်းလိုက်ကြ၏။

"အား..."

ရုတ်တရက် အေးမြကြည်လင်သောရေ၏ အအေးဒဏ်ကြောင့် လွှတ်ခနဲ အော်မိသွားသည်။ သို့သော် နောက်တော့ ရေက ပူနွေးလာကာ နေထိုင်လို့ကောင်းသွားသည်။

သို့ကြောင့် တော်တော်နှင့် ရေအိုင်ထဲက မတက်ဖြစ်ပေ။ ရေထဲစိမ်ရင်း တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းနေတော့သည်။

"အား... ကောင်းလိုက်တဲ့ စမ်းရေကွာ"

ဦးလေးက နှစ်ခြိုက်သံကြီးပြင့် အားပါးတရပြောပြီး ကမ်းပေါ် တက်၏။

"ဟုတ်တယ် ဦးလေးရေ၊ တစ်ကိုယ်လုံး ပေါ့ပါးသွားတာပဲ"

နှစ်ယောက်သား ကမ်းပေါ်ပြန်တက်ပြီးနောက် အဝတ်အစားများ ယူဝတ်လိုက်ကြသည်၊

"ဟာင်...ခင်မင်းကော"

သည်အချိန်ထိ ခင်မင်း၏ အရိပ်အရောင် မတွေ့ရတာကြောင့် စိတ်ပူသွားသည်။

"ဟိုဘက်ကို ကျွန်တော် သွားကြည့်လိုက်ဦးမယ်"

ဦးလေး ခေါင်းညိတ်ကျန်ခဲ့သည်။ ခင်မင်းသည် ရေတံခွန် အောက်မှာ အဝတ်မပါလာမဲ့ ရေချိုးနေပါလား။ မျက်စိအကြည့်ကို ဘယ်လောက်ထိန်းပေမဲ့ စိတ်က နောက်တစ်ကြိမ် ကြည့်ချင်စိတ်အား



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားလေ၏။ သူ့မှာက စောစောက အဖြစ်အပျက်သည် အိပ်မက်လိုလို။

ဆက်၍ အိပ်ပျော်အောင် ကြိုးစားပေမဲ့ ဒီနေရာ၊ ဒီအေသသို့ သူဘယ်လိုအကြောင်းဖြင့် မသေမပျောက် ရောက်လာတယ်ဆိုတာ စဉ်းစားစရာ။ မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွားလေ၏။

"အား... ညက အိပ်လို့ကောင်းလိုက်တာကွာ"

သူ အိပ်ရာနိုးချိန်မှာ အလင်းရောင်မြင်ပြီ။ ဦးလေးက အိပ်ရာမှ တစ်ချက်လူးလွန့်ပြီး 'ဝါး'ခနဲသမ်းကာ ထလေ၏။ ဦးလေး၏ စကားကြောင့် သူ ညကအဖြစ်အပျက်ကို မလုံမလဲ ဖြစ်သွားသည်။ ဦးလေးများ သိသွားလေသလား။

"ညက ဦးလေး တစ်ချက်မှ မနိုးဘူးလား"

သေချာစေရန် သူထပ်မေးတော့ ဦးလေး ခေါင်းခါယမ်းသည်။

"မနိုးပေါင်ကွာ၊ ဘာဖြစ်လို့လဲ"

"ဟို...ဘာမှ မဖြစ်ပါဘူး၊ ကျွန်တော်လဲ ညက ကောင်းကောင်း အိပ်ပျော်တယ် ဦးလေး"

ဒါပထမဆုံးအကြိမ် သူ့ဘဝမှာ ဦးလေးကို မုသားဆိုလိုက်ခြင်းပါ၊ ဦးလေးက ယုံကြည်ဟန်ဖြင့် ခေါင်းညိတ်သည်။

"အေး ဒါ မြစိမ်းအိုင် ရေစိမ်ခံတဲ့ ဘာန်ခိုးကွ"

ထိုစဉ်

"အမောင်တို့ နိုးကြပြီလား"

အဝါနုရောင် ဝတ်စုံနှင့် ခင်မင်းသည် ကြာခြေမပျက်သော





မျက်နှာဖြင့် ဝင်လာ၏။ သူကမူ ကြာခြေပျက်ချင် သွားရသေးသည်။

"ခုပဲ ကျုပ်တို့နိုးတယ် ကလေးမ၊ ညက ကောင်းကောင်း အိပ်ပျော်သွားတယ်ကွယ်"

ဦးလေးပြောတော့ ခင်မင်းက သူ့ကို ဖျတ်ခနဲ လှမ်းကြည့်သည်။ သူ့မျက်စိထဲမှာ ဒီနေ့မှ ခင်မင်းမျက်နှာလေးက ပိုလှပနေသလိုလို။

"ဦးတော်တို့ အိပ်ပျော်တယ်ဆိုတာ သိရတော့ ကျွန်မ ဝမ်းသာပါတယ်၊ ကိုယ်လက်မျက်နှာ သန့်စင်ပြီးရင် မနက်စာအသင့် ပါပဲ"

"အတော်ပါပဲ ကျုပ်တို့လဲ အိပ်ရာထတာနဲ့ ဗိုက်ဆာဟတ်တာ"

ဦးလေးက ပြောရင်း ခန်းထဲမှ ထွက်၏။ သူနှင့်ခင်မင်း နှစ်ယောက်သာ ကျန်ရစ်စဉ်

"ခင်မင်း"

"အမောင် ဗိုက်ဆာနေပြီလား"

ကြည့်စမ်း ခင်မင်းဟာ ညကအကြောင်းကို မသိချင်ယောင် ဆောင်နေပါလား၊ ဒါမျိုးတော့ သူ့စိတ်က မခံနိုင်ပါ။ ထို့ကြောင့် ခင်မင်းကိုယ်လေးကို ဖျတ်ခနဲ ဆွဲယူလိုက်၏။

"အို...ဘာလုပ်တာလဲ"

"ညက ခင်မင်း ဘာပြောသွားလဲ"

ခင်မင်းမျက်ဝန်းများကို တည့်တည့်ကြည့်ကာ သူမေးလိုက်၏။ ခင်မင်းမျက်နှာလေး နီသွားကာ အခန်းပေါက်ကို ကြည့်သည်။

"အမောင် ဦးတော်ပြန်ဝင်လာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက အရေးမကြီးဘူး၊ ပြောစမ်းပါဦး ညကအဖြစ်ကို ဘာကြောင့် မသိချင်ယောင် ဆောင်နေတာလဲ"

"အမောင် အိပ်မက် မထင်ဘူးလား"

သူ ခေါင်းခါယမ်းလိုက်သည်။ ဖြန်တွေးလျှင် အိပ်မက်ဟု ထင်စရာဖြစ်ပေမဲ့ တကယ်တမ်းမှာ လက်တွေ့ ဖြစ်ခဲ့တာပဲ။

"ကျုပ်အတွက်တော့ အဲဒီအဖြစ်အပျက်ကို မေ့မှာမဟုတ်ဘူး ခင်မင်း"

ထိုအခါ ခင်မင်း ကြော်နှာလေး ကျေနပ်စွာ ပြုံးသည်။

"ကျွန်မအတွက်လဲ ဒီလိုပါပဲ၊ ကဲ အပြင်ထွက်ရအောင်"

သူ ခေါင်းညိတ်၍ သူကိုယ်လေးကို လွှတ်ပေးလိုက်၏။ သူတို့ထွက်လာတော့ ဦးလေးက မုတ်ဆိတ်ဖြူကြီးနှင့် စကားပြော နေသည်။

မုတ်ဆိတ်ဖြူကြီးက သူနှင့် ခင်မင်းကို တစ်ချက်လှမ်းကြည့်၏။ သူ ဣန္ဒြေမပျက် နေလိုက်သည်။ သူတို့အတွက် မနက်စာမှာ နွားနို့နှင့် ကျိုထားသော ယာဂုဖြစ်၏။

"ကျုပ်တို့ မနက်ဖြန် ခရီးထွက်ရမယ်"

မနက်စာ စားပြီးချိန်မှာ မုတ်ဆိတ်ဖြူကြီးက ပြောလာသည်။ ဦးလေးနှင့်သူ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်၏။

"ကျုပ်တို့ကောလား"

ဦးလေးမေးတော့ မုတ်ဆိတ်ဖြူကြီး ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ မောင်ရင်တို့ပါ လိုက်ရမယ်"





"ဘယ်ကိုလဲ အဘိုး"

သူ စိတ်ဝင်စားစွာမေးတော့ အဘိုးကြီးက မုတ်ဆိတ်ဖြူဖြူကို လက်ဖြင့် အသာပွတ်သပ်၏။

"ဟိုရောက်တော့ သိမှာပေါ့ မောင်ရင်"

"ခင်မင်းလဲ လိုက်မယ်အဘိုး"

"မြေးနေခဲ့ရမယ်"

"ဟင်"

ခင်မင်းနေခဲ့ရမယ်ဆိုတာကြောင့် သူ မျက်နှာပျက်သွားသည်။ ခင်မင်းကိုယ်တိုင် မျက်နှာမကောင်းတော့၊ သူ့ကို လှမ်းကြည့်သည်၊ နောက် မုတ်ဆိတ်ဖြူကြီးဘက် လှမ်းကြည့်ကာ–

"မြေးတော့ လိုက်ချင်တာပဲ အဘိုး"

"မဖြစ်ဘူး မြေး၊ အဘိုး ဘယ်ကိုသွားမယ်ဆိုတာ မြေးသိပါတယ်"

"သိတယ်၊ အဘိုးသွားမှာ သခင်မဆီကို မဟုတ်လား"

"ဟင်"

ခင်မင်း၏အမေးကြောင့် သူနှင့် ဦးလေးအံ့သြသွားရသည်။ ကြည့်စမ်း သခင်မဆီ ဆိုပါလား။ အဘိုးက မျက်နှာတစ်ချက် ပျက်သွားပြီးမှ ဣန္ဒြေမပျက်ပြင်ကာ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် သခင်မဆီ သွားရမယ်၊ ဘာကြောင့်လဲဆိုတော့ သခင်မပိုင် နယ်မြေထဲရောက်လာတဲ့ လူစိမ်းဧည့်သည်တွေမို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ သခင်မနဲ့ မတွေ့လို့ မရဘူးလား အဘိုး"

သူ ကြားဖြတ်ဝင်မေးလိုက်၏။ မလိုအပ်လျှင် သခင်မဆီ မသွားချင်ပါ။ အဘိုးက ခေါင်းခါယမ်းသည်။

"မဖြစ်ဘူး၊ ဒီနယ်မြေကို လူစိမ်းတွေ ရောက်လာမယ်ဆိုတာ သခင်မ အရင်ဆုံး ကြိုသိခဲ့တာပါ၊ ဒါကြောင့် ကျုပ်ကို ကောင်းကောင်း စောင့်ရှောက်ခိုင်းခဲ့တယ်"

"ဟင်... သခင်မ ကြိုသိတယ်"

ထိုစကားမှ ၁ာတို့အတွက် ဆန်းကြယ်ကာ သခင်မဆိုသော အမျိုးသမီးသည် တန်ခိုးရှင်တစ်ယောက်များလားဟု တွေးထင်မိရ၏။ မုတ်ဆိတ်ဖြူကြီးဂ၁တော့ ခေါင်းပဲညိတ်သည်။

"ကဲ...ကဲ မနက်ဖြန်သွားဖို့ အသင့်လုပ်ထားကြ၊ မြေးဂ၊ ရိက္ခာခြောက်တွေ ထည့်ပေးဖို့ မမေလနဲ့ အဘိုးတရားခန်း ဝင်လိုက်ဦး မယ်"

အဘိုးထွက်သွားတော့ သူတို့သုံးယောက်ကျန်ခဲ့သည်။ ခင်မင်း၏မျက်နှာမှာ ကျေနပ်ရိပ်မတွေ့။ ဦးလေးက

"ငါ တစ်ရေးအိပ်လိုက်ဦးမယ်"ဆိုကာ အခန်းထဲ ဝင်သွား၏။

"အမောင်"

"ခင်မင်း"

နှစ်ယောက်တည်း ကျန်ခဲ့တာမို့ ခင်မင်း၏လက်လေးကို ဆုပ်ကိုင်မိသည်။





"နှမ်တော့ အမောင်တို့နဲ့ လိုက်ခဲ့ချင်တာပဲ"

"ကိုယ်ကလဲ မင်းကို ခေါ်ချင်ပါတယ်ကွယ်"

ခင်မင်းကို ထားခဲ့ကာ ခရီးသွားရမှာကို မလိုလားပေ။

ခင်မင်းသည် သူ၏ အသက်သခင်ဖြစ်သလို သံယောဇဉ်လည်း ငြိတွယ်နေပြီ။ သူ့ထံမှ မခွဲလိုသောစကားပြောတော့ ခင်မင်း ကျေနပ်စွာ ပြုံးသည်။

"အမောင်ဆီက ဒီလိုစကားမျိုး ကြား၊ရတာ နှမ သိပ်ဝမ်းသာ တာပဲ၊ ဘာပဲဖြစ်ဖြစ် အမောင့်ကို နှမ မခွဲလိုဘူး၊ ကဲအမောင် အနားယူလိုက်ဦးလ"

ခင်မင်း ထွက်သွားတာမို့ သူလည်း အခန်းထဲ ဝင်ခဲ့၏။ အခန်းထဲမှ ဦးလေးက အိပ်မနေပါ။ ပြတင်းပေါက်မှာ ရပ်လျက် တစ်စုံတစ်ရာကို စဉ်းစားနေဟန်။

"ဦးလေး"

"ဩော်... ခွန်ဂျာ"

သူ အသံပြုလိုက်မှ ဦးလေး သတိဝင်ဟန်ဖြင့် လှည့်ကြည့်လာ သည်။

"ကျွန်တော်က ဦးလေး၊အိပ်နေပြီထင်နေရာ"

ဦးလေးက ခေါင်းခါယမ်း၏။

"ဘယ်လို အိပ်နိုင်မှာလဲ၊ မနက်ဖြန် ခရီးထွက်ရမယ့်အကြောင်း ။ဉ်းစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ဘယ်လိုထင်လဲ"

"ဘယ်လို အိပ်နိုင်မှာလဲ၊ မနက်ဖြန် ခရီးထွက်ရမယ့်အကြောင်း စဉ်းစားနေတာ"

"ဦးလေး ဘယ်လိုထင်လဲ"

"အင်း…အမှန်တော့ ဦးလေးတို့ ကျန်းမာရင်း ဒီက ပြန်သွားရမယ် ထင်နေတာ၊ ခုတော့ သခင်မဆီတဲ့၊ ဦးလေးတို့ ပြန်ဖို့ မပြန်ဖို့ဟာ သခင်မရဲ့ အမိန့်မှာ တည်ရှိနေပြီ ခွန်ဂျာ"

"ဟုတ်တယ် ဦးလေး၊ ကျွန်တော်လဲ စဉ်းစားမိတယ် ဦးလေး၊ ဒါပေမဲ့ ဒီလိုသွားတွေ့မှ ဖြစ်မယ်ဆိုတဲ့ ကျွန်တော်တို့တွေ့ရမှာပါ"

"ဦးလေးလဲ တွေ့ဖို့ ဆုံးဖြတ်ထားပါတယ်၊ အင်း တကယ်တော့ နှင်းဖြူတောင် သခင်မက စိတ်ဝင်စားစရာပဲ"

"ဒါတော့ အမှန်ပဲ၊ ကျွန်တော်လဲ သခင်မဟာ ဘယ်လို အမျိုးသမီးလဲဆိုတာ သိချင်တယ် ဦးလေး"

လူငယ်ပီပီ အရာရာကို စိတ်ဝင်စားတတ်သော သူ့အတွက် 'သခင်မ'ဆိုတဲ့ အခေါ်အဝေါ်မှာ ဆန်းကြယ်နေ၏။

"ဦးလေးအထင်တော့ သခင်မဆိုတာကို အပြင် အာယုဒီဃ ပန်းပင်ကိုပါ တွေ့ရလိမ့်မယ် ထင်တယ်"

"ဖြစ်နိုင်ပါတယ် ဦးလေး"

တစ်ခါတလေ ဦးလေး၏ ထင်မြင်မှုတွေဟာ မှန်တတ်ကြောင်း သူ့ရဲ့ အတွေ့အကြုံအရ သိထားလေသည်။

သိန်းမင်းစာပေ



"ညကျရင် မြစိမ်းအိုင်ဘက် သွားရအောင် ခွန်ဂျာ"

"ဟုတ်ကဲ့ ဦးလေး"

"ကဲ… ကဲ

ခဏအနားယူကြစို့"

သခင်မဆီ သွားရမည့်အရေးကို စဉ်းစားကာ နှစ်ယောက်သား အိပ်ရာပေါ်လှဲရင်း တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းခိုင်သည် ဘယ်လိုအချိန် သွားပါစေ အမြဲတမ်းစိမ်းစို သာယာလှပနေ၏။ ယခုတစ်ခါမှာတော့ ခင်မင်း မပါပေ။ သူနှင့် ဦးလေးနှစ်ယောက်တည်း ထွက်ခဲ့ခြင်း ဖြစ်သည်။

"သိပ်ကို သာယာတာပဲနော် ဦးလေး"

"အင်း နေရာဒေသလေးကလဲ သာယာ၊ မိန်းကလေးကလဲ လှဆိုတော့"

ဦးလေးက စကားကို မဆက်ဘဲ ပြုံးတာကြောင့် သူ့စိတ်ထဲ မလုံမလဲ ဖြစ်သွားရ၏။

"ဦးလေး ဘာကိုပြောတာလဲ"

"ဩော်... ဒီအရပ်က မိန်းကလေးတွေ လှတာကို ပြောပါတယ်"

"ခင်မင်းကို ပြောတာမှ ဟုတ်ရဲ့လားဦးလေး"

သူ ပွင့်လင်းစွာမေးတော့ ဦးလေးက တစ်ချက်ရယ်လေ၏။

"မင်း သိသားပဲ ခွန်ဂျာ၊ ကဲ...၊ ပြောစမ်း၊ မင်း...ဒီအရပ်မှာမျ





ာစ်သက်လုံးနေဖို့ စိတ်ကူးလား"

သူနှင့် မျက်နှာချင်းဆိုင်ကာ ဦးလေး မေးသည်။ သူတစ်ချက် ေတွသွား၏။ တကယ်တော့ သူ ရောက်နေတဲ့ နေရာဒေသဟာ ာယ်ရပ်ဝန်းမှန်း မသိပါ"

လှပသောနေရာနှင့် လှပသော ဒေသကို တွေ့နေပေမဲ့ ကိုယ့် ာတိမြေ မဟုတ်တော့ တစ်သက်လုံး နေဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား။

"ကျွန်တော်တို့ ဒီအချိန်မှာ ဒါကို စိတ်ကူးခွင့် မရှိသေးဘူး ာင်တယ် ဦးလေး၊ ဘာကြောင့်လဲဆိုတော့ မနက်ဖြန်ပဲ ကျန်တော်တို့ ာခင်မဆီ သွားရတော့မယ် မဟုတ်လား"

"အင်း ဟုတ်တယ်၊ ဘာပဲဖြစ်ဖြစ် သခင်မဆီက ဦးလေးတို့ ျောချောမောမော ပြန်လာပါစေလို့ ဆုတောင်းရမှာပဲ"

"အဲဒါ အကောင်းဆုံးပါပဲဦးလေး"

ထိုစဉ်

"ခွန်ဂျာ ဘေးကို"

"ဂျစ်"

ပေါက်ဓားတစ်ချောင်းက သူ့နားမှ သီသီလေး ဖြတ်ကျော် ျား၏။ ဦးလေးက သူ့နောက်ကို ဝုန်းခနဲ ပြေးဝင်လာသည်။

သူ အမြန်ကြည့်လိုက်တော့ အရိပ်မည်းတစ်ခု။ သူလည်း ားသမားနောက် အမြန်ပြေးလိုက်၏။ တောထဲ တောင်ထဲမှာ ျားသမင်တွေနှင့် အမြဲတမ်း လုံးထွေးလှုပ်ရှားလာကဲ့သော သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးအတွက် ဓားသမားကို မကြာခင်မှာပဲ ဖမ်းဆီးမိတော့၏။

"ခွပ်"

"အင့်"

လဲကျသွားသော ဓားသမားလက်နှစ်ဖက်ကို နောက်မှ သူဖမ်းချုပ်လိုက်သည်။ ထို့နောက် ဦးလေးက မျက်နှာဖုံး ချွတ်လိုက်တော့-

"ဟင်"

လဲကျသွားသော ဓားသနားလက်နှစ်ဖက်ကို နောက်မှ သူဖမ်းချုပ်လိုက်သည်။ ထို့နောက် ဦးလေးက မျက်နှာဖုံး ချွတ်လိုက်တော့-

"ဟင်"

သူ တစ်ခါမှ မမြင်ဖူးသော လူစိမ်းလူငယ်တစ်ယောက်။

"မင်း ဘယ်သူလဲ"

ဦးလေးမေးပေမဲ့ ထိုလူက မဖြေ၊ ထိုစဉ် ခင်မင်း ရောက်လာသည်။

"ဘာဖြစ်ကြတာလဲ၊ ဟင် ရောမှူ"

သူ့လက်ထဲမှ လူငယ်ကို ကြည့်ကာ ခင်မင်း အံ့ဩစွာ ရွတ်ဆိုသည်။ သူ ခင်မင်းကို သူ လှမ်းကြည့်သည်၊

"သူ့ကိုသိလား ခင်မင်း"

"အင်း"

ခင်မင်း ခေါင်းညိတ်လျက် ပြော၏။ လူငယ်က ယခုချိန်ထိ စကားတစ်ခွန်းမှ မပြော။





"ဒီကောင်က ခွန်ဂျာကို ဓားနဲ့ပေါက်ပြီး လုပ်ကြံတယ် ခင်မင်း"

ဦးလေးက ဝင်ပြော၏။ ခင်မင်း မျက်နှာ ပျက်သွားသည်။

"ကြည့်စမ်း၊ ဒါ တကယ်ပဲလား ရောင်မှူ"

"အေး ဟုတ်တယ်၊ သင်က လူစိမ်းကောင်နား ကပ်နေတာကို ကျွန်ုပ် သဘောမကျနိုင်ဘူး"

"အို"

ခင်မင်း မျက်နှာလေး နီသွား၏။ သူကတော့ သဘောပေါက်လိုက်ပြီ။ လူငယ်က ခင်မင်းအပေါ် သဘောကျနေတာကိုး။

"သင် တော်တော်ဆိုးပါလား ရောင်မှူ၊ ညှို့သည်ကို ဒီလို ဆက်ဆံရလား၊ သူ့ကို ခေါ်ခဲ့ပါ အမောင် အဘိုးဆုံးဖြတ်ပေးလိမ့်မယ်"

"ကောင်းပြီ ခင်မင်း"

ထို့နောက် သူတို့အားလုံး မုတ်ဆိတ်ဖြူကြီးရှေ့ ရောက်ခဲ့၏။ အဖြစ်အပျက်အားလုံးကို ဦးလေးကပဲ ရှင်းပြလိုက်သည်။ အဘိုးက ခေါင်းတညိတ်ညိတ်ဖြင့် မုတ်ဆိတ်ဖြူများကို ပွတ်ကာ နားထောင်သည်။

"အင်း... မင်း တော်တော်မိုက်ပါလား ရောင်မှူ၊ မင်းနဲ့ ခင်မင်းကို လူကြီးချင်း သဘောတူညီပြီး တစ်ချိန်မှာ နေရာချပေးဖို့ စဉ်းစားထားပြီးသား၊ ခုလိုလုပ်တာ မင်းမှာ ဘယ်လောက် အပြစ်ကြီးတယ်ဆိုတာ သိလား ရောင်မှူ"



www.burmeseclassic.com

www.burmeseclassic.com



ရောင်မှုက ဘာမှ မပြောဘဲ တိတ်ဆိတ်နေ၏။ သည်တော့မှ လူငယ်၏ သဝန်တိုစိတ်ကို နားလည်ကာ သူ ခွင့်လွှတ်မိသည်။

"ကဲ...ကဲ မင်းလဲ မနက်ဖြန် သခင်မဆီ လိုက်ခဲ့ပေတော့"

"သခင်မဆီ"

ပထမဆုံး ရောင်မှုထံမှ အံ့သြထိတ်လန့်သံ ထွက်လာခြင်း၊ မုတ်ဆိတ်ဖြူကြီးက ခေါင်းညိတ်ကာ...

"ဟုတ်တယ် ဒီလူစိမ်းတွေဟာ သာမန်မဟုတ်ဘူး၊ သခင်မရဲ့ ဧည့်သည်တွေပဲ၊ ဒီတော့ ဒီကိစ္စကို သခင်မပဲ ဆုံးဖြတ်လိမ့်မယ်"

သူ့ကို အခန်းကျဉ်းထဲ သွင်းထားလိုက်ကြ။

မုတ်ဆိတ်ဖြူကြီး အမိန့်အဆုံးမှာ အစောင့်နှစ်ယောက်က ရော:်မှုကို ဆွဲခေါ်သွားလေ၏။ သူ့စိတ်ထဲ ရောင်မှုကို သနားသလို ဖြစ်သွားသည်။

"ဒီအဖြစ်အပျက်အတွက် ကာယကံရှင်ဖြစ်တဲ့ ကျွန်ုပ်က ရောင်မှုအပေါ် ဘယ်လိုမှ သဘောမထားပါဘူး အဘိုး"

"ဒါကြောင့် ရောင်မှုကို ကျေးဇူးပြုပြီး လွှတ်ပေးစေချင်ပါတယ်"

သူ၏ စိတ်ထားပြည့်ဝမှုကို ကြားသိရတော့ ခင်မင်း၏လှပ သောမျက်လုံးများ အရောင်ဖျတ်ခနဲ လက်သွားသည်၊

မုတ်ဆိတ်ဖြူကြီးက ခေါင်းခါယမ်းကာ–

"မဖြစ်နိုင်ဘူး မောင်ရင်၊ သခင်မရဲ့ ဧည့်သည်တွေကို စော်ကား တာ သခင်မကို စော်ကားတာနဲ့ အတူတူပဲ၊ ဒါကြောင့် ဒီအမှုကိစ္စကို





သခင်မပဲ ဆုံးဖြတ်လိမ့်မယ်"

အဘိုးကြီး၏ မျက်လုံးတွေက သခင်မအပေါ် မည်မျှမည်မျှ အလေးထားကြောင်း ဖော်ပြနေသည်။ နောက်တစ်ကြိမ် ထပ်၍တိုက် တွန်းဖို့ မဖြစ်နိုင်တာကြောင့် သူ နှုတ်ဆိတ်နေလိုက်၏။

"ဂျူပ်နယ်မြေမှာ ဒီလိုဖြစ်ရတဲ့အတွက် စိတ်မကောင်းပါဘူး၊ အထိတ်တလန့် ဖြစ်ရတဲ့အတွက် ခွင့်လွှတ်ပါ ဧည့်သည်တို့"

"အဘိုးတောင်းပန်စရာ မလိုအောင် ကျွန်ုပ်တို့စိတ်ထဲ ဘယ်လို သဘောမှ မရှိပါဘူး ခင်ဗျာ"

"အင်း... မောင်ရင်က ရုပ်ရည်နဲ့ လိုက်ဖက်အောင် စိတ် သဘောထားပြည့်ဝကြပါပေတယ်၊ ကဲ...ကဲ ကောင်းကောင်း အနား ယူလိုက်ကြပါဦးလ"

မုတ်ဆိတ်ဖြူကြီး ထွက်သွားပြီးနောက် သူတို့သာ ကျန်ခဲ့၏။ ဦးလေးကလည်း အနားယူမယ်ဆိုကာ ထွက်သွားသည်၊

"ခင်မင်း ရောင်မှုအတွက် စိတ်မကောင်း ဖြစ်နေလား"

"အို ဘယ့်နှယ် နမဖြင့် အမောင်အတွက်သာ စိတ်ပူတယ်၊ ရောင်မှုကြောင့်သာ အမောင်တစခုခုဖြစ်ရင် နှမ ရင်ကွဲရလိမ့်မယ်"

"သြော်...ခင်မင်းရယ်"

ရက်တိုတိုအတွင်းမှာ ခင်မင်း၏သံယောဇဉ်ဟာ သူ့အပေါ် မြဲမြဲလှတာကို တွေးမိလျှက် သက်ပြင်းကျိတ်ရှိုက်မိတော့၏။

*



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် အရုဏ်လင်းချိန်မှာပင် မိတ်ဆိတ်ဖြူကြီး ဦးဆောင်ကာ သူတို့သခင်မဆီ ခရီးထွက်ခဲ့ကြ၏။ ယခုအခါ သူတို့လမ်းကြောင်းက မတ်စောက်သော တောင်မကြီးဆီသို့ အမှန်အတိုင်း ပြောရလျှင်တော့ သူ့အိပ်မက်ထဲက တောင်တန်းဖြူကြီးဆီ ဦးတည်နေသည်။

ဟိုးဝေးဝေးက အဖြူရောင် တောင်တန်းကြီး...

အဲဒီတောင်ပေါ်မှာ ကေရီသခင်မ နေသည်တဲ့။

သခင်မဟာ ဘယ်လိုမိန်းမမျိုးလဲ...

ဒီအရပ် ဒီဒေသကို အုပ်ချုပ်သူဆိုမှတော့ အသက်အရွယ်အားဖြင့် မငယ်သလို အရည်အချင်းလည်း သေးမည် မဟုတ်ပါ။

ကောင်ပေါ်သွားရာ လမ်းတစ်လျှောက် နက်ရှိုင်းသော တောနက်ကြီးများနှင့် ရေအိုင်ကြီးများကို ဖြတ်ကျော်ရ၏။ သာမန် ခရီးသွားဆိုလျှင်တော့ ဒီတောင်များကို ဖြတ်ကျော်ဖို့ ခဲယဉ်းမှာ ဖြစ်ပေမဲ့ ဒီခရီး ဦးဆောင်သွားသူက မုတ်ဆိတ်ဖြူကြီးမို့ လမ်းကျွမ်းကျင်တာမို့ သူတို့အတွက် ထင်သလောက် မခက်ခဲကြပေ။

"ဒီညတော့ ဒီတောမှာ အခြေချမယ်"

ခရီးသွားရင်း တစ်နေကုန်ဆုံးလာတာကြောင့် မုတ်ဆိတ်ဖြူကြီးက ကန်ကြီးနံဘေးရှိ တောအုပ်မှာ ညစခန်းချဖို့ စီစဉ်သည်။

မုတ်ဆိတ်ဖြူကြီး၏ တပည့်များက ချက်ချင်း အနားယူဖို့ ရွက်ဖျင်တဲများ ထိုးကြသည်။

သူကတော့ ဒီလမ်းခရီးမှာ ခင်မင်း မပါလာ၍ စိမ်းစိုသာယာ





လှပသော ရှုခင်းတွေပင် မမြင်မိတော့။

"ကျွန်တော်တို့ ညစာအတွက် တာဝန်ယူပါရစေ"

ဦးလေးက ပြောသည်။ မုတ်ဆိတ်ဖြူကြီးက ဖျတ်ခနဲ လှမ်းကြည့်သည်။

"မောင်ရင်တို့ ဒီနယ်မြေကို မကျွမ်းကျင်ဘူး၊ ညစာအတွက် ကျုပ် စီစဉ်လာပါတယ်"

"နယ်မြေကို မကျွမ်းကျင်ပေမဲ့ ကျုပ်တို့က မုဆိုးတွေပါ၊ အနည်းဆုံး သားကောင်ငယ်လောက်တော့ ဒီတောအုပ်မှာ ရှာနိုင်ပါတယ်"

"ကောင်းပြီလေ၊ ဒါဆို မောင်ရင်တို့ သဘောပဲ၊ ဝေးဝေးတော့ မသွားပါနဲ့"

"စိတ်ချပါ အဘိုး၊ ကဲ...ခွန်ဂယာ သွားစို့"

ဦးလေးခေါ်တာမို့ သူလိုက်ခဲ့၏။ သည်လူတွေနှင့် လမ်းခွဲတာနှင့် ဦးလေးကို သူနားမလည်သလို မေး၏။

"မိုးချုပ်တော့မယ် ဦးလေးက ဘယ်လို အမဲ ရှာမှာလဲ"

"ဩော် မုဆိုးပါကွ၊ ကိုယ့်အရည်အချင်းတော့ ဒီနေရာမှ ပြရဦးမယ် ခွန်ဂျာ"

ထိုစဉ်

"အမောင်"

"ဟင် ခင်မင်း"



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးပုံသဏ္ဍာန်နှင့် ခင်မင်းကို တွေ့လိုက်ရဟာကြောင့် သူ အံ့သြသွားသည်။ ဦးလေးက ပြုံး၏။

"အင်း ဒီမိန်းကလေး လိုက်လာမယ်လို့ ငါထင်သားပဲ၊ ကဲ... မင်းတို့နှစ်ယောက် ဒီမှာနေခဲ့၊ ငါ အမဲရှာလိုက်ဦးမယ်"

ဦးလေးထွက်သွားတော့ ခင်မင်းကို အံ့သြစွာ မေး၏။

"အမောင်တို့နောက် ဘယ်လိုလုပ် လိုက်လာတာလဲ ခင်မင်း"

သူ့အမေးကြောင့် ခင်မင်းက ရှက်သလို ပြုံး၏။

"အမောင်တို့ ထွက်သွားပြီး အဘိုးမသိအောင် နောက်က တိတ်တိတ် လိုက်ခဲ့တာပဲ၊ ခင်မင်းမှ အမောင့်ကို မခွဲနိုင်တာ"

"သြော် ခင်မင်းရယ် အမောင်လဲ မင်းကို မခွဲနိုင်လို့ ခုပဲ သတိရနေတာ"

သူမလက်လေးကို ဆုပ်ကိုင်ကာ ပြောမိသည်။ သတ္တိဖြင့် အရဲစွန့်ကာ လိုက်လာသော ခင်မင်းအချစ်ဟာ လေးစားစရာ မဟုတ်လား။

"နှမလိုက်လာတာ အဘိုးသိရင်တော့ ဘယ်လောက် စိတ်ဆိုးမလဲနော် အမောင်"

သူ့လက်မောင်းကို ခေါင်းလေးမှီကာ ခင်မင်းပြောသည်။ ခင်မင်း နဖူးလေးကို သူ ဖွဖွတစ်ချက် နမ်းလိုက်၏။

"ခင်မင်း စိုးရိမ်နေသလား"

"ဟင့်အင်း အမောင့်အတွက်ဆို နှမ သတ္တိရှိပါတယ်"

"ဒီလိုမှပေါ့ကွယ်"





တကယ်တော့ သူကိုယ်တိုင်က ခင်မင်းလိုက်လာတာကို မုတ်ဆိတ်ဖြူကြီးသိလျှင် ဘယ်လိုနေမလဲ စိုးရိမ်မိသည်။ ဒါဟာ ခင်မင်းအတွက်ပါ။

မကြာပါ ဦးလေးက သမင်တစ်ကောင် ထမ်း၍ ရောက်လာ၏။

"ဟာ ဦးလေးကတော့ တကယ့်အစွမ်းရှိတဲ့ မုဆိုးပဲဗျာ"

သူ ချီးကျူးတော့ ဦးလေးပြုံးသည်။

"ကဲ ကဲ စခန်းပြန်ကြမယ်၊ မုတ်ဆိတ်ဖြူကြီး မျှော်နေလိမ့်မယ်၊ မိန်းကလေးလဲ လိုက်ခဲ့"

"ဟုတ်ကဲ့ ဦးတော်"

ခင်မင်းပုံစံကတော့ သူ့အတွက် အရာရာကို ရဲဝံ့စွာ ရင်ဆိုင်မည့်အသွင်၊ သူ ခင်မင်းလက်လေးကို တင်းတင်း ဆုပ်ကိုင်လိုက်၏။

"ဖြစ်ပါ့မလား ခင်မင်း"

"ဖြစ်ပါတယ် အမောင်၊ ခရီးတစ်ဝက်ရောက်အောင် လိုက်ပြီးမှတော့ အဘိုးလဲ နှမကို မောင်းတုတ်မှာ မဟုတ်ပါဘူး"

"ဒါဆို လိုက်ခဲ့ဗျာ"

သူတို့သုံးဦးစလုံး စခန်းကို ပြန်ခဲ့ကြသည်။ စခန်းကလူများ သူတို့ကို စောင့်နေ၏။ ရောင်မှုကို ခပ်လှမ်းလှမ်းမှာ အစောင့်တစ်ယောက်နှင့် တွေ့ရ၏။

"သြော်...မောင်ရင်တို့ ပြန်လာပြီကိုး"

"ဟုတ်ကဲ့ အဘိုး၊ ကျွန်တော်တို့ အမဲရလာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးက သူ့နောက်ကွယ်မှ ခင်မင်းလို လှမ်းကြည့်သည်။

"အင်း... မြေးဒီလို လုပ်လိမ့်မယ်ဆိုတာ အဘိုး ထင်သားပဲ၊ ကဲ...ကဲ ခုမှတော့ သခင်မတောင်အထိ လိုက်ခဲ့ပေတော့"

"ကျေးဇူးတင်ပါတယ် အဘိုး"

ခင်မင်းက ဒူးထောက်၍ ဝမ်းသာအားရပြောသည်။ မုတ်ဆိတ်ဖြူကြီး ခွင့်ပြုလိုက်တာမို့ သူလည်း ခင်မင်းအတွက် ဝမ်းသာသွား၏။

ဦးလေးက ကျန်လူများနှင့် အမဲဖျက်ကာ မီးပုံလုပ်၍ မီးကင်ဖို့ပြင်သည်။

သူနှင့် ခင်မင်းလည်း ဝိုင်း၍ ကူလုပ်ပေးကြသည်။ ပထမဆုံး ကျက်သော အသားကင်ကို မုတ်ဆိတ်ဖြူကြီးအား ပေးဖို့ပြင်၏။

"မပေးနဲ့အမောင် အဘိုးက အသားမစားဘူး"

"ဟုတ်သလား"

ခင်မင်း တားလိုက်၍ အချိန်မီတော့၏။ အသားကင်နံ့က မွှေးကာ ဗိုက်ကို ပို၍ ဆာလောင်စေသည်။ ကျန်တဲ့လူများကတော့ သူ့တို့နှင့်အတူ စား၏။ ရောင်မူကိုပါ ကျွေးသည်။

"မစားဘူး၊ ငါရန်သူရှာထားတဲ့အစာကို ဘယ်တော့မှမစားဘူး"

ရောင်မူ၏ ပြင်းထန်လှသော စိတ်ဓာတ်ကြောင့် သူ အံ့သြရသည်။ တကယ်ဆို သူ့အနေဖြင့် ရောင်မူအပေါ် ဘယ်လိုစိတ်ဓာတ်မှ မရှိ။

ခင်မင်းကတော့





"နင်ကသာ ရန်လုပ်နေ၊ သူတို့က နင့်ကို ရန်သူလို့ မသတ်မှတ်ဘူး ရောင်မူ၊ မစားရင်လဲ နင့်သဘောပဲ"

ဦးလေးကတော့ အခြေအနေကို တစ်ချက်ကြည့်ပြီး ဘာမှ မပြော။ သူ ရောင်မူဆီက လာကာ

"မင်း ငါ့ကို နောက်မှ စိတ်ဆိုးပါ ရောင်မူ၊ ခုလောလောဆယ် ဗိုလ်ပြည့်အောင် စားလိုက်ပါ၊ နောက်နေ့ ခရီးဆက်ရဦးမယ် မဟုတ်လား"

"ငါ့အသက် သေချင်သေသွားပါစေ၊ သင်ကျွေးတာ မစားလိုဘူး"

"ကောင်းပြီလေ ဒီလိုဆိုတော့လဲ ငါ ဘာမှ မပြောလိုဘူး"

သူ့နေရာတွင် ပြန်နေလိုက်သည်။ ခင်မင်းက သူ့အနားထိုင်ကာ

"အမောင်က ဒီလိုရိုင်းစိုင်းတဲ့ကောင်ကို ဘာလို့ သွားကျွေးရတာလဲ၊ သူက အမောင့်ကို ရန်သူလို မှတ်နေတာ"

"သူ ဗိုက်ဆာနေမှာ စိုးလို့ပါ ခင်မင်းရယ်"

ထိုအခါ ခင်မင်းက သူ့ကို လေးစားအထင်ကြီးသော မျက်လုံးများဖြင့် ကြည့်သည်။

"အင်း...အမောင်လို ယောကျ်ားပီသပြီး မြင့်မြတ်တဲ့စိတ်ရှိတဲ့ လူမျိုး ရှားပါတယ်၊ ကဲ... အမောင် အနားယူလိုက်ပါဦး၊ နှမလဲ အဘိုးဆီ သွားလိုက်ဦးမယ်"

သူ့ကို ထား၍ ခင်မင်း ထွက်သွားသည်။ ဦးလေးက



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

သူ၏ မျက်လုံးတို့က ပဝါပါးအောက်မှ သခင်မမျက်နှာကို စူးစိုက်ကြည့်မိပေမဲ့ အုံ့ဩစရာကောင်းစွာ ဘယ်လိုမှ အကဲဖမ်းမရပါ။

"တစ်ပြည်သားများဟာ မိုက်မဲသူများမို့ သခင်မ ခွင့်လွှတ်တော်မူပါ"

မုတ်ဆိတ်ဖြူကြီးက ဒူးထောက်ခစားခြင်းမရှိသော သူနှင့် ဦးလေးကို ရည်ညွှန်းကာ ပြောရင်း တောင်းပန်လေ၏။

တည့်မတ်စွာ ရှိနေသော သခင်မက သူတို့ကိုများ ကြည့်နေသလား။

"တစ်ပြည်သားများဟာ အလေ့အထကို နားမလည်တာမို့ ကျွန်ုပ် ခွင့်လွှတ်ရမည်ပေါ့၊ မုတ်ဆိတ်ဖြူကြီး၊ သူတို့သက်သာသလို ရှိပစေ"

ထိုမျှကြည်လင်ချိုသာနုညက်သည့် အသံပိုင်ရှင် သခင်မကို ဘယ်လိုမျိုးလဲဟု သူတွေ့မြင်တာမသန်းပေ။ ဦးလေးလည်း သူလိုပဲ စိတ်ထဲရှိမည်။

သခင်မက စင်မြင့်ထက်မှာ စိန်နှင့်ကျောက်မျိုးစုံတို့ အကွက်ကျ လှပစွာဖော်ထားသော ကုလားထိုင်ကြီးပေါ်မှာ ဣန္ဒြေရရ ခန့်ညားထည်ဝါစွာ ထိုင်၏။

လက်ဝဲ လက်ယာရံများက သခင်မ၏ ဘေးတစ်ဖက်တစ်ချက်စီမှာ ဒူးထောက်ခစားကြသည်။





"အို... တစ်ပြည်သားတို့ သင်တို့ကို ကျွန်ုပ် နှုတ်ခွန်းဆက်သပါ၏"

သခင်မ၏ ပျော့ပျောင်းနုညံ့သော လက်တစ်ဖက်က လေထဲဝဲခနဲဖြစ်ပြီး သူတို့ကို နှုတ်ဆက်လိုက်ပုံက ခံ့ညားပါဘိ။

သည်တော့မှ သူနှင့် ဦးလေးတို့က ကိုယ်စီ ဦးညွှတ်လျက်...

"သခင်မကိုလဲ ကျွန်ုပ်တို့က နှုတ်ခွန်းဆက်သပါတယ်"

ဟု သူဦးဆောင်ကာ ပြောလိုက်လေ၏။ သူ့အသံမှာ ဝါညက်ကြည်လင်ကာ အောင်မြင်ခံ့ညားသော ယောကျ်ားပီသသည့် အသံစစ်စစ်ပင်။

သခင်မက ခေါင်းဖြည်းဖြည်းညိတ်ကာ...

"သင်တို့နှုတ်ဆက်ခြင်းကို ကျွန်ုပ် လက်ခံပါတယ်၊ ကဲ... ဟိုခုံများမှာ သက်သာစွာ ထိုင်ကြပါ"

အခန်းထောင့်များတွင်ရှိသော ရွှေထိုင်ခုံကို ညွှန်၍ သခင်မ ပြောလေ၏။ သူနှင့် ဦးလေးက ဟန်မဆောင်နိုင်ဘဲ သွားထိုင်၏။

"ကဲ မုတ်ဆိတ်ဖြူကြီးက ဘာအကြောင်းများ လျှောက်တင်စရာရှိလဲ"

"အပြစ်ရှိသူကို ကျွန်ုပ် သခင်မထံ ခေါ်ဆောင်ခဲ့ပါတယ် အရှင်"

ရောင်မှုကို ရည်ညွှန်းလျက် မုတ်ဆိတ်ဖြူကြီးက အဖြစ်အပျက်များပြောပြလေ၏။ မုတ်ဆိတ်ဖြူကြီး၏ စကားအဆုံး...



www.burmeseclassic.com

www.burmeseclassic.com



"တယ် မိုက်လှတဲ့ ခွေးပါလား မှတ်ဆိတ်ဖြူကြီး၊ တကယ်တော့ ဒီတစ်ပြည်သားတွေဟာ ကျွန်ုပ်အတွက် အထူးဧည့်သည်တွေပဲ"

"မှန်ပါ သခင်မ၊ ဒါကြောင့် သခင်မ၏ ဧည့်သည်တွေသ စော်ကားမိသော ထိုသူအား သခင်မ ကြိုက်သလို အပြစ်ပေးဖို့ ခေါ်လာပါသည်။"

"တစ်ပြည်သား ဧည့်သည်တွေကို စော်ကားတာ ကျွန်ုပ်ကို စော်ကားတာနဲ့ အတူတူပဲ၊ ဒီတော့ သင်မိုက်ပြစ်အတိုင်း ခံပါစေ"

ထိုအမိန့်အဆုံးမှာ သန်မာထွားကြိုင်းသော အစောင့်နှစ်ယောက် ပေါ်လာပြီး ရောင်မှုကို ဆွဲခေါ်သွားလေ၏။

"ဦးလေး ရောင်မှုကို သူတို့ဘယ်လို အပြစ်ပေးနိုင်လဲ"

"အင်း... အတော်ကို ကြီးလေးတဲ့ အပြစ်ဒဏ်ပေးမဲ့ပုံပဲ ခွန်ဂျာ"

"ဒါဆို မဖြစ်ဘူး ကျွန်တော် သခင်မကို တောင်းပန်ရမယ်"

ပြောရင်း သူနေရာမှ ဆတ်ခနဲထကာ လက်နှစ်ဖက်ကို ဆုပ်လျက် သခင်မအား အရိုအသေ ပေးလိုက်၏။

"ကျွန်ုပ် သခင်မကို နှုတ်ဆက်ပါတယ်"

ထိုအခါ သခင်မက ခေါင်းဆတ်ခနဲညိတ်လိုက်၏။ သူ့အ[illegible] အမူကို ကျေနပ်ပုံ။

"အို...သခင်မ ကျွန်ုပ်တို့ဟာ ဒီနယ်မြေရဲ့ ဧည့်သည်လူ[illegible] များပါ၊ထို့ကြောင့် ဒီဒေသရဲ့ အလေ့အထကိုလဲ မသိပါ။ မသိ[illegible]





ဖြစ်ရခြင်းအပေါ် ကျွန်ုပ်တို့အား ခွင့်လွှတ်တယ်ဆိုပါလျှင် ကျွန်ုပ်ကလဲ ရောင်မှု၏ မသိမှုကို ခွင့်လွှတ်ပါတယ် သခင်မ၊ ထို့ကြောင့် ရောင်မှုကို ပြစ်ဒဏ်မှ လွှတ်ပေးပါ သခင်မ"

သူက ဆိုလိုသည့် အဓိပ္ပာယ်ကို ရှင်းလင်းစွာ ပြောလိုက်၏။ သခင်မက ခေါင်းဆတ်ခနဲ မတ်သွားလျက်...

"ဒီသခင်၏တောင်းဆိုမှုကို ကျွန်ုပ် နားလည်ပါတယ် လူစိမ်း၊ သို့သော် အသင့်ပေါ် စော်ကားတာထက် ကျွန်ုပ် ချမှတ်ထားသော စည်းကမ်းကို ချိုးဖောက်ခြင်းမို့ အပြစ်ရှိသူအား ဒဏ်ပေးရပါမယ်၊ ထို့ကြောင့် အသင်၏ တောင်းဆိုမှုကို ဝမ်းနည်းပါတယ်"

အားမြကြည်လင် ချိုသာသော သခင်မ၏စကားသံမှာ တိကျ ပြတ်သားမှုတွေ ပါဝင်နေတယ်ဆိုတာ သူသိလိုက်ပြီ။ နောက်ထပ် မည်မျှ တောင်းပန်ပါစေ သခင်မသည် သူမ၏ အမိန့်ကို နမ်းတစ်စေ့ စာမျှ ပြင်မည်မဟုတ်ပေ။

ဦးလေးက မျက်ရိပ်ပြကာ ဆက်မပြောဖို့ သူ့ကို တားမြစ်သည်။ သူ ပင့်သက်ရှိုက်လိုက်၏။

"သင်၏ အမည်ကား ဘယ်လို ခေါ်သနည်း"

"ခွန်ဂျာပါ သခင်မ၊ ကျွန်ုပ်ဦးလေးမှာ ဦးရုပ်ဆိုးပါ သခင်မ"

"သခင်မက ခေါင်းတညိတ်ညိတ် ပြုသည်။ ဓာပဝါအောက်မှ တောက်ပသော မျက်လုံးအစုံက သူ့ကို စူးစိုက်ကြည့်နေသယောင် ထင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အသင်တို့နှစ်ယောက် နာမည်များနှင့် လိုက်ဖက်လှပါပေတယ်"

ဦးလေးမှာ ရုပ်ဆိုးသူတစ်ယောက်မို့ နာမည်နှင့်လိုက်ဖက်တယ်ဟု ပြောခြင်းက မဆန်း။

သို့သော် ခွန်ဂျာဆိုသော သူ့အမည်ကို လိုက်ဖက်တယ်ဆိုတာ ယောကျ်ားပီသ ချောမောသော သူ၏ရုပ်ရည်ကို ရည်ညွှန်းလိုက်လေသလား။ ဘာပဲဖြစ်ဖြစ်-

"ကျေးဇူးတင်ပါတယ် သခင်မ"

ဟု သူ ပြန်တုံ့ပြန်လိုက်၏။

"သင်... ဒီလို ရောက်လာခြင်းအတွက် ဘယ်လိုထင်ပါသလဲ ခွန်ဂျာ"

သခင်မ၏ အမေးက ရုပ်တရက် နားထောင်လျှင် သာမန်ထင်စရာပေမဲ့ တကယ်တမ်းမှာ ဆန်းကြယ်မှုတွေ ပါဝင်နေသည်။

"ကျွန်ုပ်အဖို့ ဤနေရာ ဤဒေသရောက်လာခြင်းဟာ သာမန်ထက် ပိုကဲတဲ့ 'အဖြစ်မျိုးဟု ယုံကြည်ပါတယ် သခင်မ"

"မှန်တယ် အသင်ပြောတာ သိပ်မှန်တယ်၊ တကယ်တော့ ကျွန်ုပ်ရှိသော ဤအရပ် ဤဝန်းကျင်သို့ မည်သည့်လူစိမ်းမျှ အသက်ရှင်လျက် ရောက်မလာနိုင်ပါ"

"သင်တို့ကိုတော့ ကျွန်ုပ်က လမ်းညွှန်ပြသ၍ ခေါ်လာခြင်းပါ"

"ဟင်..."





ထိုစကားကြောင့် ဇတာထဲမှာ သူအိပ်မက်မြင်မက်ခဲ့တာကို ဖျတ်ခနဲ သတိရမိ၏။ အဖြူရောင်ဝတ်စုံနှင့် အမျိုးသမီးတစ်ယောက်-

ကြည့်စမ်း... ဒါဆို အိပ်မက်ထဲက အမျိုးသမီးဟာ သခင်မ။

"အို... နောက်ဆုံးတော့လဲ ကျွန်ုပ်ရှိရာ သင်ရောက်လာခဲ့ပြီကော"

သခင်မ ထိုင်နေရာမှ မတ်တတ်ထရပ်ကာ လက်တစ်ဖက်ကို ပျော့ပျောင်းညင်သာစွာ လေထဲဖြန့်လျက် နှစ်ထောင်းအားရ ကျူးရင့်လိုက်လေ၏။

"သခင်မ ဘာကိုဆိုလိုပါသနည်း"

သူမေးတော့ သခင်မ တည့်တည့်ကြည့်လာသည်။

"ကျွန်ုပ်ဆိုလိုတာက ကျွန်ုပ်ရှိရာကို မောင်တော် ရောက်လာခဲ့ပြီ ဆိုတာပဲ"

ထိုချိန် အားလုံး တိတ်ဆိတ်သွားချိန်မှာ

*

"နောက်ဆုံးတော့ သခင်မဟာလဲ အမောင့်ကို နှစ်ခြိုက်သဘောကျနေတာပါလားဟင်"

ခင်မင်းသည် ဒူးထောက်ခစားနေရာမှ ဖျတ်ခနဲ မတ်တတ်ထရပ်ကာ သခင်မအား ရဲဝံ့စွာ စွပ်စွဲလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အသင် ဘယ်သူလဲ၊ ကျွန်ုပ်လို သခင်မကို ရဲဝံ့စွာ မလေးမစား ပြုသူမျိုး ဘယ်လိုပြစ်ဒဏ် ကျရောက်စေတယ်ဆိုတာ အသင် မသိလေရော့သလား"

သခင်မစကားကြောင့် ခင်မင်းမှလွဲ၍ မုတ်ဆိတ်ဖြူကြီး အပါ အဝင် အားလုံး ထိတ်လန့်ကုန်သည်။ မုတ်ဆိတ်ဖြူကြီးသည် တုန်ခိုက်စွာဖြင့်...

"ကျွန်ုပ် အကြိမ်ကြိမ် ဦးခိုက်တောင်းပန်ပါတယ် သခင်မ၊ မသိနားမလည်၍ မိုက်မှားမိသော ကျွန်ုပ်၏ မြေးအား တစ်ကြိမ်တစ်ခါ ခွင့်လွှတ်ပေးပါ အရှင်"

"ဘယ်... ဒီကလေးမဟာ မုတ်ဆိတ်ဖြူကြီးမြေးဆို ပိုပြီး အပြစ်ပေးထိုက်တယ်၊ ကျွန်ုပ်၏ စည်းမျဉ်းစည်းကမ်းကို သင်မပြောပြဘူးလား မုတ်ဆိတ်ဖြူကြီး"

"ပြောပါတယ် သခင်မ၊ မြေး သခင်မကို မြန်မြန်အရိုအသေ ပြုစမ်း"

သို့သော် ခင်မင်းက ခေါင်းမာစွာ နေရာမှ ရပ်လျက်ရှိသည်။

"ခွင့်လွှတ်ပါ အဘိုး၊ ကျွန်မ၏ ချစ်သူလုဘက်ကို ကျွန်တော်မ အရိုအသေမပြုနိုင်ပါ"

"ဟင်..."

"ဟာ..."

သတ္တိရှိလှသော ခင်မင်းလို အားလုံး မချီးကျူးနိုင်၊ တကယ်





တော့ ဒီလိုနေရာမျိုးသာ သတ္တိရှိဖို့ မလိုဆိုတာ ခင်မင်း မသိလေရော သလား။

"တယ်...အတင့်ရဲလှချည်လား၊ ဒီလောက်မိုက်မဲသောသင့်ကို"

"သခင်မ"

ဖျတ်ခနဲ သူက သခင်မရှေ့ ရောက်သွားသည်။

"ကျွန်ုပ် တောင်းပန်ပါတယ် သခင်မ၊ ခင်မင်းဟာ မသိတတ် သူမို့ တစ်ကြိမ်တစ်ခါ ခွင့်လွှတ်ပေးပါ"

"ကောင်းပြီ သူ့ကို ခေါင်းရိတ်ပြီး လွှတ်လိုက်ကြ"

သခင်မ၏အမိန့်အဆုံး အစောင့်တွေ ရောက်လာကာ ခင်မင်းကို ချုပ်ကိုင်သည်။

"ဖယ်ကြ ငါဟာ ငါ့ချစ်သူကို အသက်ထက် တန်ဖိုးထားတယ်၊ မိန်းမတစ်ယောက်ဖြစ်တဲ့ သခင်မဟာ ငါ့ချစ်သူကို လုယူတာ အပြစ်မထိုက်ဘူးလား"

"ဟင်...ကောင်းပြီ ကျွန်ုပ်သည်းခံခြင်း ကုန်ဆုံးပြီ၊ ကဲ... မောင်မင်းတို့ ဖယ်ကြ"

အစောင့်များ ဖယ်ရှားတာနှင့် သခင်မ၏ လက်တစ်ဖက်က လေထဲတွင် မြောက်တက်သွားသည်။

"ဝုန်း"

"ခင်မင်း"

"မြေး"



www.burmeseclassic.com

www.burmeseclassic.com



အုံသြစရာကောင်းစွာ ခင်မင်းသည် နေရာမှပင် ဝုန်းခနဲလဲကျ သေဆုံးသွားလေ၏။

သူ့မျက်စိရှေ့မှာတင် ခင်မင်းသေဆုံးသွားသည့်အတွက် အုံသြနၵကျင်သွားရ၏။ ချက်ချင်းပင် ခင်မင်းအလောင်းကို အစောင့်များ ယူသွားကြသည်။

"ရက်စက်လှချည်လား သခင်မ၊ တကယ်တော့ ခင်မင်းပြောတာတွေ အမှန်"

"တော်... တိတ်၊ မောင်တော်က မသိဘဲ အမှန်လို့ ဘာကြောင့် ဝင်ပြောရတာလဲ၊ တကယ်တော့ မောင်တော်ရောက်လာတာဟာ နမဆိကိုပါကွယ်၊ ဒီမှာကြည့်ပါဦး ပြောရင်း သခင်မက အမြဲတမ်းလွှမ်းခြုံထားသော ပဝါကို လှစ်ဟပြလေသည်။

"ဟင်..."

ပိုးသားကဲ့သို့ ပျော့ပျောင်းနုညံ့တောက်ပသည့် နက်မှောင်သော ဆံပင်ရှည်များ ပျံ့ဝဲလျက်၊ နတ်မိမယ်အလား ထင်မှားလောက်ရအောင် သူ့တစ်သက်တာတွင် ဒီအလှမျိုးကို ပထမဆုံးနှင့် နောက်ဆုံးအကြိမ် မြင်လိုက်ရသလိုပင်။

ဖြူဖွေးနုညက်သော အသားအရေနှင့် မည်သည့်အသက်အရွယ်ဟု ခန့်မှန်း၍ ခက်လှအောင် အင်မတန် နုပျိုချောမော လှပလွန်းသော သခင်မဆီသို့ သူသည် ညို့ငင်မိသူပမာ တရွေ့ရွေ့ လျှောက်လှမ်းမိတော့၏။





"ကျွန်ုပ်ကို သင့်အနားမှာ နေခွင့်ပြုပါတော့"

"အို..."

သခင်မနားရောက်လျှင် သူက ထိုကဲ့သို့ တောင်းဆိုလိုက်ရင်း... သူမကို အငမ်းမရ နမ်းရှိုက်မိတော့၏။

သူ သတိရ၍ ကြည့်လိုက်တော့ ခန်းမကြီးထဲမှာ မည်သူမျှ မရှိတော့၊ သခင်မက ပဝါကို ပြန်ခြုံလိုက်ကာ ..

"မောင်တော်ကို ကျွန်ုပ်နှစ်ပေါင်းများစွာ စောင့်နေခဲ့တယ်ဆိုတာ ယုံပြီလား"

"သခင်မ... ဘာကို ဆိုလိုသလဲ"

"အင်း... မောင်တော်အတွက်တော့ ကျွန်ုပ်ပြောသမျှ ထူးခြားဆန်းကြယ်နေမှာပေါ့လေ၊ တကယ်တော့ ကျွန်ုပ်ဟာ အချစ်ကျိန်စာမိနေသူ တစ်ယောက်ပဲ၊ ကဲ...ကဲ... မောင်တော် အနားယူပါဦး"

"ကျွန်ုပ်... သခင်မနားမှာပဲ နေပါရစေ"

ထိုအပြောကြောင့် ပဝါပါးအောက်မှ သခင်မ လှစ်ခနဲပြုံးလိုက်လေသလား။

သေချာတာကတော့ သူဟာ သခင်မရဲ့ အလှတရားအောက်က ကယ်လိုမှ ရုန်းမထွက်နိုင်ခြင်းပင်။

"နေရပါတယ် အမောင်၊ စောစောက ဟို ကျွန်မအတွက် မောင်တော် ကျွန်ုပ်ကို စိတ်မဆိုးတော့ဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သည့်တော့မှ ခင်မင်းအကြောင်း သတိရကာ ရင်မှာ နာကျင်သွားရ၏။ တကယ်တော့ ခင်မင်းဟာလည်း လှပသော မိန်းကလေးတစ်ဦးပါ။ သို့သော် သခင်မ၏အလှနှင့် နှိုင်းစာလိုက်လျှင် လမင်းနှင့် ပိုးစုန်းကြူးပမာ ဖြစ်သွားရသည်။

ဒါပေမဲ့ ခင်မင်းက သူ့အပေါ်ထားရှိခဲ့သော သံယောဇဉ်ကိုလည်း မေ့မရ၊ ခင်မင်းအတွက် သူ ဘာတစ်ခုလေးမှ မဆောင်ရွက်နိုင်တဲ့အပြင် ခင်မင်းကိုသတ်သော ရန်သူအား အချစ်ကြီးချစ်ကာ စွဲလမ်းနေရလေပြီ။

"ကျွန်ုပ်အနေဖြင့် သခင်မကလွဲ၍ ဘာမျှ အရေးမကြီးတော့ပါ"

"အင်း…တကယ်တော့ ဒါဟာ ရှေးဘဝဘဝက ရေစက်ကြောင့်ပဲ မောင်တော်၊ ဒါကြောင့် မောင်တော်အနေဖြင့် ကျွန်ုပ်ကို စိတ်မဆိုးနိုင်ခြင်းပါ၊ တကယ်တော့လဲ ဒါဟာ နှမတော်တို့ မုန်သော သစ္စာကြောင့်ပါလေ"

"မုန်သောသစ္စာ ဟုတ်လား"

"ဟုတ်တယ် မောင်တော်၊ နှမတော်ဟာ မောင်တော်တစ်ယောက်ကိုပဲ ဖြစ်ရာဘဝ သစ္စာရှိရှိ စောင့်ခဲ့လို့လေ၊ ဒီအကြောင်းတွေ တစ်နေ့ မောင်တော် သိလာမှာပါ"

"ကဲ… ကဲ ကျွန်ုပ် နားလိုက်ဦးမယ်"

သခင်မ အခန်းထဲပြန်ဝင်သွားတာနှင့် သူ့ကို အစောင့်တစ်





ယောက် လာခေါ်လေ၏။

အိပ်ရာခမ်းနားများ ကောင်းမွန်စွာ ပြင်ဆင်ထားသော အခန်းကျယ်ကြီးထဲမှာ ဦးလေးကို တွေ့လိုက်ရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဟာ နည်းနည်းလေးမှ အသုံးမကျတဲ့ ကောင်ပါ ဦးလေးရယ်၊ ကိုယ့်ချစ်သူကို မကာကွယ်ပေးနိုင်တဲ့အပြင် ချစ်သူကို သတ်တဲ့ မိန်းမကိုတောင် ညာဒဏ်မရ ချစ်မိသွားတဲ့ အဖြစ်"

ဦးလေးနှင့် မျက်နှာချင်းဆိုင်မိတာနဲ့ ရင်နာစွာဖြင့် ကိုယ့်အဖြစ်ကိုယ် ဝန်ခံလိုက်သည်။ ဦးလေးက ခေါင်းခါယမ်း၏။

"မဟုတ်ပါဘူး၊ ငါ့တူ။ တကယ်တော့ ဒီအဖြစ်အပျက်အားလုံးမှာ မင်း လုံးဝအပြစ်မရှိဘူး ခွန်ဂျာ"

"ဗျာ..."

ခင်မင်းအတွက် သူ့တွင် အပြစ်ရှိတယ်ဟု ခံယူထားတာမို့ ဦးလေး ခုလိုပြောတော့ အံ့သြနားမလည် ဖြစ်ရသည်။

"ဘာကြောင့်လဲဆိုတော့ သခင်မဆိုတဲ့ မိန်းလေးဟာ မပြိုင်သင့်တဲ့လူကို ပြိုင်ပြီး၊ မိုက်ရူးရဲဆန်လွန်းလှတယ်၊ ဒီလိုပဲ သခင်မရဲ့ အလှကို တွေ့မြင်လိုက်ရတဲ့ ယောကျ်ားတိုင်းဟာ... မင်းလို လူငယ်





မပြောနဲ့ ခွန်ဂျာ ဦးလေးတို့လို အသက်ရင့်မကြီးတွေတောင် ရူးလုလု ဖြစ်သွားရတာပဲ"

"ဒါ... ဒါဆို ဦးလေးလဲ သခင်မအလှကို မြင်ခဲ့ပြီပေါ့"

သူ ထိတ်လန့်စွာမေးတော့ ဦးလေး တည်ငြိမ်စွာပင် ခေါင်းညိတ်၏။ ယခု သူ စိတ်သက်သာသွားလျက် သက်ပြင်းချမိသည်။

"ဟုတ်တယ် ဦးလေး... တကယ်တော့ သခင်မ အလှဟာ ဘယ်သူနဲ့မှ မနှိုင်းယှဉ်သာပါဘူး၊ ဒါပေမဲ့ ခင်မင်းအတွက်လဲ ကျွန်တော် စိတ်မကောင်းပါဘူး ဦးလေးရယ်"

"ငါလဲ အတူတူပါပဲကွာ၊ မုတ်ဆိတ်ဖြူကြီးတော့ ခင်မင်းအလောင်းကို သယ်ပြီး ပြန်သွားပြီ"

"ဪ..."

မုတ်ဆိတ်ဖြူကြီးကို နှုတ်မဆက်လိုက်ရ၍ သူ စိတ်မကောင်း၊ နောက်ဆုံးအနေဖြင့် ခင်မင်းမျက်နှာလေးကိုတောင် သူ မကြည့်လိုက်ရပါလား။ တကယ်တော့ သူ့အတွက်ကြောင့်သာ ခင်မင်း သေဆုံးရခြင်း မဟုတ်လား။

"ဘာမှ စိတ်မကောင်း ဖြစ်မနေနဲ့ ငါ့တူ အားလုံးဟာ ကံကြမ္မာဖန်တီးတဲ့ အတိုင်းပဲ၊ ဒါနဲ့ သခင်မ ဘာပြောလဲ"

သခင်မအကြောင်း တွေးမိတာနှင့် သူ့နှလုံးသားတွေ အခုန်မြန်လာ၏။ ကြည့်စမ်း ခင်မင်းအတွက် စိတ်က သခင်မကို နာကျင်ချင်ပေမဲ့ နှလုံးသားက စွဲလမ်းနှစ်ခြိုက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အံ့သြစရာပဲ ဦးလေး၊ သူက ကျွန်တော့်ကို စောင့်နေတာတဲ့"

ဦးလေးက အတန်ကြာ တိတ်ဆိတ်ပြီးမှ ခေါင်းတစ်ချက် ညိတ်၏။

"ဒီဓာက်လှတဲ့ သခင်မဟာ ပိုင်ဆိုင်သူမရှိဘဲ ဒီနေ့အချိန်အထိ တစ်ယောက်တည်း နေတာဟာ မင်းကို စောင့်နေတာပဲ ဖြစ်မယ် ခွန်ဂျာ၊ ဒီပုံဆို တို့ဒီကပြန်ဖို့ မစဉ်းစားနိုင်ဘူး"

"ဘာကြောင့်လဲ ဦးလေး၊ ကျွန်တော်တို့ဟာ ကိုယ့်အရပ်ကိုယ် တစ်နေ့ ပြန်မယ် မဟုတ်လား"

ထိုစကားကြောင့် ဦးလေးက သူ့ကို ဖျတ်ခနဲကြည့်၏။

"ပြန်ဖို့ အခွင့်အရေး ရရင်တောင်မှ မင်းတကယ် ပြန်နိုင်ပါ့မလား ခွန်ဂျာ"

ဦးလေးအမေးကို သူ ရုတ်တရက် မဖြေနိုင်၊ တကယ်တော့ အလွန်ချောမောလှပသော သခင်မကို ခွဲခွာကာ သူဘယ်သို့ ပြန်မည်နည်း။

"အင်း...မင်းအဖြစ်ကို ငါ နားလည်ပါတယ် ခွန်ဂျာ၊ တခြားယောကျ်ားတစ်ယောက်ဆိုလဲ မင်းလိုပဲ ဖြစ်မှာပါ"

"ဒါပေမဲ့ ကျွန်တော် တစ်နေ့ ပြန်မှာပါ ဦးလေး"

"အေးလေ အဲဒီနေ့ကို ဦးလေးတို့ စောင့်မျှော်ကြတာပေါ့"

မကြာခင် သူတို့အတွက် နှည့်သော အဝတ်အစားများ လာပေး၏။ သူတို့ရေချိုးပြီးတာနှင့် ထိုအဝတ်အစားများ လဲလှယ်ကာ





ညစာအတွက် အစောင့်ခေါ်ရာ လိုက်ခဲ့သည်။

ကျယ်ဝန်းခမ်းနားသော အဆောင်အခန်းများကို ဖြတ်ကျော်ပြီးနောက်

"ရှေ့ခန်းမကြီးထဲမှာ ညစာသုံးဆောင်ဖို့ သခင်မ စောင့်နေပါတယ်"

သူတို့ကိုပြောပြီး အစောင့်က အခန်းဝမှာ နေခဲ့လေ၏။ သူနှင့် ဦးလေး ခန်းမထဲ ဝင်လိုက်သည်။ တစ်ခန်းလုံး စိန်တွေနှင့် ဖွဲ့စည်းထားသလို တဖျပ်ဖျပ်လင်းတောက်ပကာ အလယ်မှာ ရွှေစားပွဲကြီးတွင် ရွှေခုံများ ဝန်းရံထားသည်။

ထိပ်ဆုံးခုံမှာ အဖြူရောင်ပါးလွှာနူညံ့သော ဝတ်စုံဖြင့် သခင်မ ထိုင်လျက်၊ လတ်ဆတ်ဖျော့တော့ မွှေးပျံ့သည့် ရနံ့ကြောင့် ခေါင်းထဲ ကြည်လင်သွားရ၏။

"ကျွန်ုပ်ကိုယ်တိုင် ဧည့်ခံသော ညစာစားပွဲကို တက်ရောက်လာတဲ့ မောင်တော်တို့ကို ကျေးဇူးတင်ပါတယ်"

စမ်းရေစီးသံလို သခင်မအသံက ငြိမ်းအေးလှသည်။ သီချင်းတစ်ပုဒ် ဆိုနေသလိုလို။

"အို... ကျွန်ုပ်တို့ကသာ သခင်မ ခုလို ကောင်းကောင်းမွန်မွန် ဧည့်ခံတဲ့အတွက် ကျေးဇူးတင်ရမှာပါ သခင်မ"

ဦးလေးပြောတော့ သခင်မ ခေါင်းညိတ်သည်။

"သင်တို့ဟာ ကျွန်ုပ်ရဲ့ အထူးဧည့်သည်တွေပါ၊ ကဲ... ထို



www.burmeseclassic.com

www.burmeseclassic.com



ကြာပါ"

သူက သခင်မနှင့် မျက်နှာချင်းဆိုင်တွင် ဝင်၍ ထိုင်လိုက်၏။ မကြာခင် ပန်းနုရောင်ဝတ် မိန်းကလေးနှစ်ယောက်က ရွှေအုပ်ဆောင်းများ တမ်ခုပြီးတစ်ခု လာချသည်။

"ကျွန်ုပ်ကတော့ သက်သတ်လွတ် စားသုံးတယ်၊ ဒါပေမဲ့ အဖော်တို့အတွက် ဟင်းလျာများ စီစဉ်ထားပါတယ်"

"ဒီလို တကူးတက စီစဉ်ပေးတာ အားနာစရာများ ဖြစ်နေပြီလား ကေရီ"

ပထမဆုံးအကြိမ် သူမ၏ဂရုစိုက်မှုကို အားနာစွာ သူ ဆိုမိသည်။ သခင်မက ခေါင်း အသာခါယမ်းကာ...

"မောင်တော်ပြောတဲ့ စကားဟာ ကျွန်ုပ်အတွက် စိမ်းလွန်းပါတယ်၊ မောင်တော်အတွက် ဒီထက်မက ကျွန်ုပ်က ပြုစုချင်ပါတယ်"

ဦးလေးကိုကြည့်တော့ ဘာမှ မသိသလို လာရောက်ချပေးသော စကားစရာတွေကို စိတ်ဝင်တစား ကြည့်နေ၏။

အင်း... တကယ်တော ဦးလေးက အကုန်ကြားသိလျက်နှင့် မမြင်တွေ့ဟန်ဆောင်နေတာပဲ။

သူတို့အတွက် နည့်သော အသားတစ်မျိုးကို ပေါင်းပေးထားကာ နွားနို့နှင့် ပန်းသီးကဲ့သို့ နည့်သော အသီးတစ်မျိုးချက် ပျားရည်၊ ထောပတ်များသုံးလျက် ဟင်းလျာများမှာ မွှေးပျံ့ကာ စားချင်စဖွယ်။

သခင်မကတော့ နွားနို့နှင့် သစ်သီးများသာ စားသုံး၏။





အင်း... ဒါကြောင့် သူမသားအရေဟာ သူများနဲ့မတူအောင် နူးညံ့ဖြူဖွေးနေတာ ရုပ်ရည်မှာလည်း သူမတူအောင် ကြည်စင်လှပနေတာဟု ထင်မိ၏။

"ဦးရုပ်ရိုးတို့ရဲ့ ဒေသအကြောင်း ကျွန်ုပ်ကို ပြောပြပါဦး"

သခင်မက ဦးလေးကိုကြည့်ကာ မေးသည်။ ဦးလေးက သိသမျှအကြောင်းအရာအားလုံး သခင်မအား လေးစားစွာ ဖြေ၏။

"အင်း တစ်ခေါက်လောက်တော့ ဦးရုပ်ဆိုးတို့ အရပ်ဒေသကို ကျွန်ုပ် လာလည်ရမယ်"

ထိုစကားကြောင့် ဦးလေးနှင့်သူ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်သည်။ သူတို့အရပ်ဒေသကို သခင်မလာမယ်ဆိုတာ ဘယ်လိုပုံစံနဲ့လဲ။

စားသောက်ပြီးချိန်မှာ သခင်မက...

"သင်တို့နှစ်ယောက် ကျွန်ုပ်နှင့် လိုက်ခဲ့ကြ"

ဟု ဆိုသဖြင့် အခန်းသို့ မပြန်ဖြစ်တော့ပေ။

"တကယ်တော့ ဒါဟာ ကျွန်ုပ်တစ်ယောက်တည်းသာ သိသောလျှို့ဝှက်ချက်ပဲ"

မီးတုတ်ကိုကိုင်ကာ သခင်မအခန်းမှတစ်ဆင့် မြေအောက်လိုဏ်ဂူသို့ ဆင်းခဲ့၏။ မြေအောက်လိုဏ်ဂူဆိုပေမဲ့ ခမ်းနားစွာ ပြင်ဆင်ထားတာကြောင့် မထင်ရပေ။

"ဟောဒီ မြေအောက်ခန်းကို ကျွန်ုပ်ဟာ ညတိုင်း တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ဟစ်ခါ ဆင်းလေ့ရှိတယ် မောင်တော်၊ ဘာကြောင့်လဲဆိုတော့ ဟိုမှာကြည့် မောင်တော်”

“ဟင်...”

ကျောက်ဖျာတစ်ခုပေါ်မှာ မှန်ခေါင်းတစ်ခု၊ ထိုအထဲတွင် လူတစ်ယောက်ဆန့်ဆန့်လဲလို့၊ အမှန်တော့ သေဆုံးနေခြင်းပါ။

သူနှင့် ဦးလေးက ထိုမှန်ခေါင်းနား သွား၍ ငုံ့ကြည့်မိသည်။

“ဟာ...”

“ဟင်...”

ဦးလေးနှင့် သူ့ထံမှ ပြိုင်တူ အာမေဋိတ် ထွက်သွားသည်။ အကြောင်းကတော့ မှန်ထဲမှာရှိနေသော သူသည် သူနှင့် ရုပ်ချင်းခွဲမရအောင် တူလွန်းသည်။ အဖြူရောင် ပိုးသားအဝတ်အစားများ ဝတ်ထားတဲ့ လူရွယ်တစ်ယောက် ဖြစ်နေခြင်းပင်။

“ဒါ... ဒါ”

“သူက ကျွန်ုပ်ရဲ့ကြင်ယာတော် မင်းသားဖြစ်ပါတယ်။ မောင်တော်၊ သူ သေဆုံးပြီးနောက် ကျွန်ုပ်ဟာ သူ့ကို တစ်နေ့မှ မေ့မရနိုင်အောင်ရှိတာမို့ ညစဉ်ဒီကိုဝင်ရောက် ကြည့်ရှုခဲ့တယ်၊ ဒါပေမဲ့ ကျွန်ုပ်စိတ်ထဲ ယုံကြည်နေတာက ကျွန်ုပ်ရဲ့ ကြင်ယာတော်က ကျွန်ုပ်ထံ တစ်နေ့ အသက်ရှင်လျက် ပြန်ရောက်လာမယ်ဆိုတာပဲ၊ ခုတော့ ကျွန်ုပ်ထင်တဲ့အတိုင်းဖြစ်ပြီမဟုတ်လား မောင်တော်”

သူ့ကို လှပရွှန်းစက်သော မျက်လုံးတို့ဖြင့်ကြည့်ကာ သခင်မက





နှစ်ထောင်းအားရ မေး၏။

ဦးလေးနှင့်သူ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။ တကယ်ပဲ သခင်မပြောတဲ့အတိုင်း ဖြစ်နေပြီလား။

“ကဲ... ကဲ အခန်းက ထွက်ကြပါစို့၊ ကျွန်ုပ်အဖို့လဲ ညစဉ်ဒီအခန်းကို ဝင်ထွက်ရတဲ့ ဒုက္ခက လွတ်မြောက်ခဲ့ပြီပေါ့”

“သခင်မ ဘာကို ဆိုလိုပါသလဲ”

“ဩော်... မောင်တော်တစ်ယောက်လုံး သက်ရှိထင်ရှား ကျွန်ုပ်နားမှာ ရှိနေမှတော့ တခြားဘာလိုသေးလဲ မောင်တော်”

ဦးလေးက ရှေ့ဆုံးက ထွက်သွားလေပြီ၊ လှပချောမောလွန်းသော သခင်မကို အနီးကပ် မြင်တွေ့နေရသည့် သူ့အဖို့ဘာတစ်ခုမှ မလွန်ဆန်နိုင်ပါ။

“ဒါဆို ကျွန်ုပ်က သခင်မနားမှာ တစ်သက်လုံး တည်ရှိနေရမယ် ဆိုပါတော့”

“မောင်တော် သဘောကကော ထိုကဲ့သို့ ဆန္ဒမရှိပေဘူးလား”

သူသည် သွက်လက်စွာပင် ခေါင်းညိတ်လိုက်၏။ သူ့ဘဝမှာ သူမသာရှိလျှင် ပြီးပြည့်စုံတယ်ဟု ထင်မိသည်။

“သခင်မလို အင်မတန်ချောမောတဲ့ မိန်းကလေးတစ်ယောက်နဲ့ အတူနေရမှာ ကျွန်ုပ် မကျေနပ်ဘဲ ဘယ်ရှိပါ့မလဲ”

“မောင်တော် ဦးရီးကကော”

“ဦးရီးက ကျွန်ုပ်ရှိတဲ့နေရာမှာ သူရှိနေမှာပါ သခင်မ”



www.burmeseclassic.com

www.burmeseclassic.com



"အို သခင်မ သခင်မနဲ့ စိမ်းကားလှပါပေတယ်၊ အရင်လိုပဲ နှမတော်ဟု ခေါ်လှည့်ပါ မောင်တော်"

"ကောင်းပါပြီ နှမတော်"

ထိုအခိုက် သူသည် 'ခွန်ဂျာ'ဆိုသော လူငယ်လေးတစ်ယောက် မဟုတ်တော့ဘဲ သခင်မ၏ ကြင်ယာတော်စစ်စစ် ဖြစ်သွားသလို ရင်ထဲ နွေးထွေးစွာ ခံစားရလေ၏။

* * *



၂၂

"ဆောင်းကေရီ"

ထိုအမည်ကို သူ နှုတ်ဖျားမှ ခပ်တိုးတိုး ထွက်သွားရလေသည်။ ဤမျှချမ်းအေးသော ညမှာ သူမသည် နည့်ကြည်လင်သော အဖြူရောင် ဝတ်စုံရှည်ကြီးဖြင့် နက်မှောင်ရှည်လျားသော ဆံပင်ရှည်များ ဖြန့်ချကာ လရောင်ခိုလှုံနေပုံက အချိုးအဆစ် ကျနသည့် ပန်းပုရုပ်လေး သဖွယ်။

မကြာခင်မှာပင် သူမ၏ ဝတ်ရုံလွှာသည် မြေပေါ်သို့ လျှောခနဲ ကျရောက်လေသည်။

"ဟာ"

သူ ဖျတ်ခနဲ မျက်ဝန်းအစုံ မှိတ်လိုက်ပေမဲ့ သူမ၏ နုပျိုမျစ်သော ကောက်ကြောင်းအလှတို့က မျက်စိထဲမှ တော်တော်နှင့် မထွက်တော့ပေ။ နလုံးခုန်သံတို့ ကျယ်လောင်စွာ မြည်ဟည်းလျက် ယခုပဲ ရင်တစ်ခုလုံး ပေါက်ကွဲတော့မည့်အလား။

အလိုလိုနေရင်း သူ့အသက်ရှူသံတို့က မြန်နေရသည်။ ထိုစဉ် နောက်ပါးမှ ခြေသံကြောင့် လှည့်ကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး"

"မအိပ်သေးဘူးလား ခွန်ဂျာ"

"ဗျာ ဟုတ်ကဲ့ ဦးလေး"

သူ မျက်နှာပျက်ချင်နေတာကို ပြင်ကာ ခေါင်းညိတ်လိုက်သည်။

"မအိပ်သေးရင် အတော်ပဲ ဦးလေးနဲ့ စကားပြောရအောင်၊ လာ ညာဘက်ဆောင်သွားစို့"

သည်တော့မှ သူ အသက်ရှူ ချောင်သွားရ၏။ ဦးလေး လှည့်ထွက်သွားစဉ် စောစောကနေရာ လှမ်းကြည့်တော့ မည်သူ တစ်ဦးတစ်ယောက်မျှ ရှိမနေပါ။

ဟင်း...

သခင်မ ဘယ်ရောက်သွားပြီလဲ။

ညာဘက်ဆောင်မှာ ဧည့်ခန်းကျယ်တစ်ခုဖြစ်ကာ သူတို့အတွက် သီးသန့်ပေးထားခြင်းဖြစ်သည်။ ဦးလေးက ဆေးတံကို မီးညှိလိုက်၏။

"ဘယ်လိုလဲ ခွန်ဂျာ ညကအဖြစ်အပျက်ကို မင်း ဘယ်လို ယူဆသလဲ"

လိုဏ်ဂူထဲမှ သူနှင့် ချွတ်စွပ်တူသော သေဆုံးနေသည့်လူကို ရည်ရွယ်ကာ ဦးလေးမေးလိုက်ခြင်းဟု သူ နားလည်လိုက်၏။

သူ သက်ပြင်းချကာ

"ဒါဟာ ထူးဆန်းတဲ့ အဖြစ်အပျက်ပဲ၊ ကျွန်ုပ်အတွက်တော့





ဘယ်လိုမှ မျှော်လင့်မထားတဲ့ အဖြစ်အပျက်ပဲ ဦးလေး"

"လောကမှာ ဒီလောက် ရုပ်တူတာ ရှားမယ်ထင်တယ်၊ ဘာပဲဖြစ်ဖြစ် သခင်မဟာ မင်းရောက်လာတာကို သူ့ရဲ့ ကြင်ယာတော် အသက်ရှင်လာခြင်းလို့ ယုံကြည်နေတယ်"

သူ ခေါင်းညိတ်လိုက်သည်။ သည်လို ထင်ရလောက်အောင် အခြေအနေကလည်း ဖြစ်ပေါ်ခဲ့တယ် မဟုတ်လား။

"ဟုတ်တယ် ဦးလေး၊ သခင်မနေရာမှာ ကျွန်တော်သာဆိုရင် လဲ ဒီလိုယုံကြည်မိမှာပဲ ထင်တယ်"

"ဒါပေါ့ကွာ၊ တကယ့်အဖြစ်အပျက်ဟာ စိတ်ကူးယဉ် အိပ်မက် ထက်တောင် ဆန်းကြယ်သေးတယ်၊ ခက်တာက ငါတို့ဟာ ဘယ်သူလဲ ဆိုတာ ကိုယ့်ကိုယ်ကို သိနေတော့၊ ဟောဒီနေရာမှာ အမြဲ နေနိုင် မလားဆိုတာပဲ"

ဦးလေးပြောတာမှန်၏။ သို့သော် သူ့ဘို့ သခင်မကို ခွဲခွာ ဖို့ရာ ခက်လှ၏။

"ဦးလေး ဒီမှာနေရတာ မပျော်ဘူးလား"

ဦးလေးက ဆေးတံကို တစ်ချက် ဖွာရှိုက်လိုက်ပြီး ခေါင်းခါယမ်း သည်။

"ဦးလေးအနေနဲ့ မင်းရှိနေမယ့် အရပ်ဟာ ပျော်စရာပါပဲ ခွန်ဂျာ"

"ကျေးဇူးတင်ပါတယ် ဦးလေး၊ ကျွန်တော့်အနေနဲ့ ပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



သခင်မ မပါဘဲဒီနေရာက ထွက်ခွာဖို့ ခက်တယ်”

“ဒါပေါ့လေ၊ သခင်မရဲ့ အလှမှာ မင်း မရုန်းနိုင်ဘူးဆိုတာ ဦးလေး သိပါတယ်...

“တကယ်တော့ သခင်မကိုယ်တိုင်ကလဲ မင်းကို ဒီအရပ်က ပြန်လွှတ်မှာ မဟုတ်ဘူး”

“ဗျာ”

သူ အံ့သြသလိုသ ဖြစ်ပေမဲ့ ဦးလေးကတော့ တည်တည်ငြိမ်ငြိမ်ပင်။

“မင်းကို သူ့ကြင်ယာတော်အမှတ်ပြုပြီး ဒီမှာ အုပ်ချုပ်စေလိမ့်မယ် ထင်တယ်”

“ကျွန်တော့်အပေါ်မှာ သူ သံယောဇဉ်ကြီးတာ သိပါတယ်၊ တကယ်တော့ သခင်မဟာ အချစ်ကြီးမားသူ တစ်ယောက်ပဲ၊ သူ့ကို ချစ်ရတဲ့ လူဟာ ကံကောင်းမှာပဲ ဦးလေး”

သည့်မျှ ချောမောလှပသော မိန်းကလေးတစ်ယောက်က နှစ်ပေါင်းများစွာ သေဆုံးသွားပြီဖြစ်သော ယောကျ်ားတစ်ယောက်ကို နေ့စဉ်ရက်စက် သတိရတမ်းတစိတ်ဖြင့် စွဲလမ်းနေခြင်းအဖြစ်ဟာ အံ့သြစရာပင်။

“အင်း တကယ်တမ်းကျတော့ မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် အချစ်ခံရတာလဲ စိတ်မွန်းကျပ်စရာပဲကွ၊ ကဲ...ကဲ ညဉ့်နက်ပြီ အိပ်ရာဝင်စို့”





ဦးလေး ထွက်သွားပေမဲ့ သူတစ်ယောက်တည်း အတွေးများနှင့် ကျန်ခဲ့၏။

ဦးလေး ဘာကို ဆိုလိုသွားတာလဲ။

သူ့အဖို့ကတော့ သခင်မလို မိန်းမလှလေးတစ်ယောက်၏ ချစ်ကို ရရှိတာဟာ ကံကောင်းတယ်ဟု ထင်သည်။

အိပ်ရာပေါ်ရောက်ပေမဲ့ သူ ချက်ချင်း အိပ်မပျော်၊ စောစောက သခင်မ၏ ဖြူဖွေးနုညက်သော အလှများဆီ အာရုံရောက်ကာ သက်ပြင်းမောကိုသာ မကြာခဏ ကျိတ်ချရသည်။

မှေးခနဲ အိပ်ပျော်သွားစဉ်

“မောင်တော်”

“ဟင် နှမတော်”

ပါးလွှာကြည်လင်သော အဖြူရောင် ဝတ်စုံနှင့် သခင်မက သူ့ကို ငုံ့ကြည့်လျက်၊

သူနေရာမှ ဝုန်းခနဲထလိုက်သည်

“နှမတော် ဒီကို ဘယ်လို ရောက်လာတာလဲ”

သူ အံ့သြလိုမေးတော့ သခင်မ ပြုံး၏။

“မောင်တော်စိတ်ထဲက နှမတော်ကို အနားမှာ ရှိစေချင်တယ် မဟုတ်လား”

“အင်း... ဟုတ်တယ်”

မှန်တာကို သူ ဝန်ခံလိုက်သည်။ ထို့နောက် ဖျတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



သခင်မ ကိုယ်လေးကို ဆွဲယူကာ ရင်ထွင်ထဲ လှဲလိုက်၏။

"ဒီလိုမလုပ်ပါနဲ့ မောင်တော်"

နှုတ်ဖျားက ဖွဖွတိုးတိုး သခင်မ ထားပေမဲ့ သူမကြားတော့၊ အင်မတန် နူးညံ့လွန်းသော သခင်မ၏ အသားစိုင်လေးများကို ညင်သာစွာ ဖွဖွ နမ်းရှိုက်မိတော့သည်။

"မောင်တော်ကို ချစ်လား နှမတော်"

"ဘဝအဆက်ဆက် ချစ်ခဲ့ရတာပါ မောင်တော်"

"ဩော် နှမတော်ရယ်"

ထိုစကားတစ်ခွန်းနှင့်ပင် သူ့ရင်ကွင်မှ မေတ္တာပန်းတို့ပေါက်ကွဲရလေပြီ။

"မောင်တော်ကလဲ နှမကို ချစ်ရပါတယ်ကွ"

ဆိုရင်း သခင်မ၏ နုအိသော ပါးလေးများကို အငန်းမရ နမ်းရှိုက်မိသည်။ သို့သော် အေးစက်သော အထိအတွေ့ကြောင့်

"ဟင်"

အိပ်ရာမှ ဆတ်ခနဲနိုးကာ ပတ်ဝန်းကျင်ကို ကြည့်မိတော့ သူ တစ်ယောက်တည်း ကျောက်ခုတင်ကြီးပေါ်မှာ မျက်နှာအပ်လျက်။

"နှမတော်"

သူ နှုတ်မှ တိုးတိုးရေရွတ်ရင်း သခင်မကို အနီးအနားမှ တွေ့လေမလားဟု ရှာမိသည်။

အဖြူရောင် အရိပ်ဟူ၍ တစ်စွန်းတစ်စပင် မမြင်ရ၊ ဒါ...





စောစောက သူ အိပ်မက်မက်နေသည်ပေါ့။ လှလိုက်တဲ့ အိပ်မက်ကမ္ဘာ။

ပြန်တွေးလျှင် ရင်ခုန်ရတုန်း၊ အပြင်ဘက်မှာ ဒီအခွင့်အရေးမျိုး သူ ရစမ်းချင်ပါဘိ။

အရုဏ်လင်းပြီမို့ သူ ဆက်အိပ်၍မရဘဲ အိပ်ရာမှ ထလိုက်၏။ ဦးလေးကြည့်တော့ အိပ်ပျော်နေတုန်း၊ သူ အခန်းထဲမှ ထွက်ကဲ့သည်၊ အလို...

ရှေ့တွင်ရှိသော ဥယျာဉ်ကျယ်ကြီးထဲမှာ အဖြူရောင် အရိပ်ကို တွေ့ရသည်။ သူ ဖျတ်ခနဲ ရောက်သွားလျက်...

"နှမတော်"

"ဩော်...မောင်တော်ပါလား၊ အဘယ်ကြောင့် အိပ်ရာက ဒီမျှ အစောကြီး နိုးသလဲ"

ဆန်းကြယ်စွာပင် သခင်မသည် မျက်နှာတွင် ပဝါပါး ခြုံမထားပါ၊ ထို့ကြောင့် သူမ၏ ပျိုမျစ်နုနယ်သော အလှကိုအေးချမ်း တည်ငြိမ်စွာ တွေ့ရလေသည်။

"မောင်တော် အိပ်မက်မက်ပြီး အိပ်ရာက လန့်နိုးလာတာပါ နှမတော်"

"ဘယ်သို့ အိပ်မက်နည်း"

ထိုအမေးကြောင့် သူက သခင်မကို ရွှန်းရွှန်းစားစား ကြည့်လိုက်၏။ ညက အိပ်မက်ကို သတိရကာ ရင်ခုန်သံ မြန်လာရသည်။

"သခင်မ ပါဝင်တဲ့ အိပ်မက်ပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သြော်"

သူ စိတ်တွေ လှုပ်ရှားလာကာ သခင်မလက်ကို ဖျတ်ခနဲ ဆွဲကိုင်သည်။

"ကျွန်ုပ်ကို သခင်မနဲ့ အတူနေခွင့်ပေးပါ"

ဤမျှ နူးညံ့လှသော လက်ချောင်းတို့က ဘာကြောင့် ဒီလောက် အေးစက်နေသလဲဟု သူ မစဉ်းစားနိုင်။

သခင်မက သက်ပြင်းချလျက်သူ့ကို လှပသော မျက်ဝန်းများဖြင့် ကြည့်သည်။

"နှမတော်ကလဲ ခွင့်ပြုချင်ပါတယ်၊ ဒါပေမဲ့ နှမတော်နဲ့ သက်ဆုံးတိုင်နေဖို့ မောင်တော်ကို အာယုဒီဃပန်းပွင့် ကျွေးရမယ်"

"ဘယ်တော့လဲ နှမတော်၊ ကျွန်ုပ်အနေနဲ့ သခင်မနဲ့ အတူနေဖို့ ရန်သာဆိုလျှင် ဘယ်လိုအရာမျိုး လုပ်ဆောင်ရပါစေ ကျေနပ်ပါတယ်"

"မောင်တော်ရဲ့ မေတ္တာကို သိရလို့ နှမတော် သိပ်ဝမ်းသာပါတယ်၊ မနက်ဖြန် အာယုဒီဃပန်းပင်ရှိတဲ့နေရာ နှမတော်တို့ သွားကြတာပေါ့၊ သွားတဲ့အခါ သင်နဲ့ သင့်ဦးရီးရယ် ကျွန်ုပ်ရယ်ပဲ သွားရမယ်၊ ဘာကြောင့်လဲဆိုတော့ ဒီအပင်ရှိတဲ့နေရာကို ကျွန်ုပ်ကလွဲ၍ ဘယ်သူမှ မသိခဲ့ဘူး၊ နောင်လဲ ဘယ်သူမှ သိရမှာ မဟုတ်တဲ့ အင်မတန် လျှို့ဝှက်အပ်သော နေရာပဲ မောင်တော်"

"ကောင်းပါပြီ နှမတော် အလိုကျအတိုင်းပါ၊ ခရီးထွက်ဖို့





ဦးလေးကို မောင်တော် သွားပြောလိုက်ဦးမယ်"

သူမလက်လေးကို အသာလွှတ်ကာ ဦးလေးရှိရာ သူပြန်ခဲ့သည်။ အာယုဒီဃ ပန်းပွင့်ကို စားပြီးနောက် သူနှင့် သူမတို့ ထာဝရ အတူ နေရတော့မှာပါလားဟု တွေးကာ ကြည်နူးစိတ်တို့ တသိမ့်သိမ့် ဖြစ်ပေါ်ရလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် သူနှင့် ဦးလေးတို့မှာ ဝတ်စုံတစ်စုံ အပိုထည့်ကာ ခရီးသွားဖို့ အသင့်ဖြစ်နေပြီ။ သခင်မဆီရောက်သောအခါ အဖြူရောင်ဝတ်ရုံကြီး ခြုံလွှမ်းလျက် သူတို့ကို စောင့်နေသည်။

"အသင့်ဖြစ်ပြီလား မောင်တော်"

"ဟုတ်ကဲ့ အားလုံး အဆင်သင့်ပါပဲ"

"အင်း... အင်း ကောင်းပြီ၊ ဒါဖြင့် ခရီးစစို့"

သခင်မ လက်တစ်ချက် မြှောက်လိုက်တာနှင့် သန်မာထွားကျိုင်းသော လူလေးဦးက ဝေါစင်ဖြင့် ရောက်လာသည်။

သခင်မက ထိုဝေါစင်ပေါ် တက်ပြီးနောက် သူနှင့် ဦးလေးတို့ နောက်မှ လိုက်ကြသည်။ အစက သခင်မနေသော တောင်မှာ အမြင့်ဆုံးဟု ထင်ရပေမဲ့ တကယ်တမ်း ခရီးထွက်လာမှ သူတို့သည် ဒီထက်မကမြင့်မားသော တောင်ပေါ်သို့ တက်နေကြတာ သတိပြုမိ၏။

သို့သော် သူတို့လေးဦးမှာ အစကတည်းက တောထဲမှာ ကျန်းမာသန်စွမ်းစွာ ကြီးပြင်းလာသူများမို့ ယခုလို ခရီးကြမ်းအတွက်





ထူးခြားကာ ပင်ပန်းမနေပေ။ သခင်မစီစဉ်နေမှုကြောင့် သူတို့အတွက် ရေဘူးနှင့် ရိက္ခာများ အသင့်ပါလာကြသည်။ မိုးမချုပ်မီပင် တောင်ထိပ်တစ်ခုသို့ ရောက်ကာ အနားယူကြသည်။ သခင်မသည် ဝေါပေါ်မှ ဆင်း၍ရောက်လာ၏။

"ဘယ့်နှယ်လဲ သင်တို့ မောပန်းနေကြပြီလား"

ထိုအခါ ခွန်ဂျာက ခေါင်းယမ်းသည်။

"ကျွန်ုပ်တို့ဟာ ယောကျ်ားများမို့ ဒီလောက်ခရီးကို အမှုမထားပါ သခင်မ"

သည်တော့ သခင်မ ပြုံးလေ၏။ သဘောကျဟန်ဖြင့် ခေါင်းတညိတ်ညိတ် လုပ်၏။

"ကြားရတာ အားရပါပေတယ် မောင်တော်၊ မောင်တော် ကြင်ယာ သက်ရှိထင်ရှား ရှိစဉ်တုန်းကလဲ ဒီလို ယောကျ်ားပီသတဲ့ စကားမျိုးပဲပြောခဲ့ဖူးပါတယ်၊ အင်း တကယ်တော့ ဒီနေရာကို လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာလ ကျွန်ုပ်၏ ကြင်ယာတော်နဲ့ ခဏ ရောက်ဖူးခဲ့တယ်"

သခင်မ၏အသံမှာ ဆွေးမြည့်ကာပြောရင်း အတိတ်ကို သတိရဟန် ဖြစ်ပေါ်နေသည်။ နောက်မှ သတိရကာ ခွန်ဂျာကို လှည့်ကြည့်ပြီး ပြုံး၏။

"ဪ ခုတော့လဲ မောင်တော်နဲ့အတူ ကျွန်ုပ် ပြန်ရောက်လာပြီပဲ၊ တကယ်တော့ သံသရာခရီးဟာ လည်ပတ်နေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ အမှန်ပဲပါ သခင်မ၊ သတ္တဝါတွေ အားလုံးသံသရာမှာ ကျင်လည်နေသရွေ့တော့ ခရီးပန်းတိုင် ဆုံးဦးမယ် မဟုတ်ပါဘူး"

ဦးလေး၏ ပြောစကားကို သခင်မက သဘောပေါက်သည့်အလား ခေါင်းတညိတ်ညိတ် နားထောင်လေ၏။

သူတို့မှာ ဂါလာသော ရိက္ခာများကို စားသောက်ပြီး ရွက်ဖျင်များထိုးကာ ထိုတစ်ည အနားယူသည်။

ဘယ်လောက်ပဲ ကျန်းမာပါတယ်ဆိုစေ၊ ခရီးပန်းမှု ဒဏ်ကြောင့် သူတို့မကြာခင် အိပ်ပျော်သွားရလေ၏။

ရုတ်တရက် နိုးလာချိန်တွင် အင်မတန် မွှေးသော ရနံ့ရတာမို့ သူက ကြည့်မိ၏။

"ဟင် သခင်မ"

"မောင်တော် နိုးလာတာ အတော်ပဲ၊ အာယုဒီဃပန်းပွင့်နေပြီ၊ အမောင့် ဦးတော်ပါ နိုးပြီ၊ ရှူခိုင်းပါ၊ ဒီပန်းရနံ့ကို တစ်ခါရှူမိတဲ့သူတိုင်း တစ်ခါ အသက်ရှည်တယ် မောင်တော်"

ထို့နောက် သခင်မက လရောင်အောက်မှာ လက်နှစ်ဖက်ကို ဆန့်တန်းလျက် အာယုပန်းရနံ့ကို အားပါးတရ ရှိုက်လေ၏။ သူလည်း ဦးလေးကို နှိုး၍ အာယုပန်းရနံ့ ရှူခိုင်းလေသည်။

"ကျွန်ုပ်တို့ အာယုပန်းပန်နဲ့ အနီးဆုံး ရောက်ပြီလား သခင်မ"

ဦးလေးက မေးသည်။ သခင်မက အတန်ကြာငြိမ်သက်နေပြီးမှ ဖြည်းညှင်းစွာ ဖြေသည်။





"တစ်နေ့နဲ့ တစ်ည သွားရဦးမယ် ဘယ်လိုလဲ ဦးရုပ်ဆိုး၊ စိတ်ပျက်နေပြီလား"

"မဟုတ်ပါဘူး သခင်မ၊ ကျွန်ုပ်တစ်သက်မှာ အာယုပန်းပန်ကို တစ်ခါမှ မမြင်ဖူး၍ တွေ့ချင်မိတာပါ"

"အင်း...တွေ့ရုံတင် ဘယ်ကမလဲ ဟိုရောက်ရင် အာယုပန်းပွင့်ကိုပါ သင်လဲ စားရမယ်၊ ဒါဆိုရင် လူသာမန်တို့ထက် နှပျိုကာ ပိုအသက်ရှည်မယ် ဦးရုပ်ဆိုး"

သူကတော့ သခင်မနှင့် ဦးလေးတို့ပြောသမျှ ငြိမ်သက်စွာ နားထောင်ရင်း သခင်မက ဒီအာယုပန်းပွင့်ကို စားထားလို့ အသက်ရှည်လှပ နုပျိုနေသလားဟု တွေးမိ၏။

"ကျွန်ုပ်ကတော့ လူသာမန်တွေထက် အသက်ပိုမရှည်ချင်ပါဘူး သခင်မ၊ ကျွန်ုပ်လို ရုပ်ဆိုးတဲ့ လူတစ်ယောက် အသက်ရှည်နေလို့လဲ ဘာအကျိုးမှ ထူးမလာနိုင်ပါဘူး"

"ဘယ်လိုပြောလိုက်တာလဲ ဦးလေးရဲ့၊ ကျွန်တော် အသက်ရှည်သလို၊ ဦးလေးလဲ အသက်ရှည်ရမှာပေါ့၊ ကျွန်တော်ရှိရင် ဦးလေးဘဝ အဓိပ္ပာယ်ပြည့်စုံတယ်ဆို"

သူဝင်ပြောတော့မှ ဦးလေးသတိရကာ ခေါင်းညိတ်သည်။

"အေး ဟုတ်တယ် ခွန်ဂျာ၊ မင်းရှိနေမယ်ဆိုရင်တော့ ငါလဲ အသက်ရှည်ချင်ပါတယ်"

"ဩော် မောင်တော်အတွက်ပဲအခု ကျွန်ုပ်တို့ ခရီးထွက်ခဲ့ကြတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ဦးရီးတော်၊ ဘာပဲဖြစ်ဖြစ် ဒီလောကမှာ အာယုပန်းပွင့်ကို စားမိတဲ့လူဟာ ကံကောင်းပါတယ်၊ ကဲ… ကဲအရုဏ်လင်းတော့မယ် ခရီးဆက်ဖို့ ပြင်ဖို့"

တောင်ပေါ်ရှိ ရေအိုင်တွင် ကိုယ်လက်သန့်စင်ပြီးနောက် အသင့်ထင့်လာသော ရိက္ခာများကို မနက်စာအဖြစ် စားပြီး ခရီးဆက်ကြ၏။

သည်တစ်ခါ ခရီးလမ်းမှာ ပို၍လမ်းကျဉ်းမြောင်း မတ်စောက်လျက် သောတစ်ဖက်တစ်ချက်မှာ ချောက်ကမ်းပါးကိုသာ တွေ့ရသည်။

စိတ်စောနေသော သခင်မက ခရီးတစ်ထောက် မနားဘဲ ညနေစောင်းတွင် နောက်တောင်ထိပ်တစ်ခု ရောက်လေ၏။

သည်တော့မှ အနားယူကာ ညစာစားကြသည်။

"ကဲ သင်တို့ကတော့ ဒီမှာ နေခဲ့ကြရမယ်၊ ကျွန်ုပ်တို့သုံးယောက် ရှေ့ခရီးဆက်မယ်၊ ကျွန်ုပ်တို့ ပြန်မလာမချင်း ဒီက စောင့်ကြ"

ဝေါစင်ထမ်းသမားများကို သခင်မက မှာကြားလေ၏။ ထိုည တစ်ရေးနိုးချိန်မှာ သူတို့သုံးယောက်တည်း ခရီးဆက်ကြသည်။

သူတို့ရောက်သောတောင်မှာ မိုးနှင့်နီးနေသလား ထင်မှတ်ရလာ လ၏ အလင်းရောင်ကြောင့် နေ့ခင်းလိုပင် ဖြစ်နေ၏။

သခင်မက ဦးဆောင်၍ လရောင်အောက်ရှိ ကျဉ်းမြောင်းသော လမ်းအတိုင်း မလှမ်းကမ်းတွင် မြင်နေရသည့် တောင်မြင့်ဆီသို့ တက်ခဲ့၏။





ထိုတောင်သည် ညီနေရာမှာ အမြင့်ဆုံးဖြစ်ကာ တခြားတောင်များကို မတွေ့ရတော့ပေ။

တောင်ကမ်းပါးများကို ကုပ်ကပ် တွယ်တက်ရသောမျိုးမို့ အောက်သို့ ငုံ့မကြည့်ရဲအောင် ချောက်ကမ်းပါးလို ဖြစ်နေသည်။

"စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပြီး တက်ကြပါ၊ ပန်းတိုင်ရောက်ပါတော့မယ်"

တည်ငြိမ်သောသခင်မအသံကြောင့် သူတို့သည် "ငါ ယောကျ်ားပဲ"ဟူသည့်စိတ်ဖြင့် အောက်သို့ လှည့်မကြည့်တန်း တက်လေ၏။

အတန်ကြာသောအခါ တောင်ထိပ်သို့ ဘွားခနဲရောက်တော့သည်။ သည်တော့မှ သူတို့ ဟင်းချနိုင်၏။

"ဘယ်မှာလဲ အာယုပန်းပင်၊ ဘယ်မှလဲ မတွေ့ပါလား သခင်မ"

"ခရီးမဆုံးသေးဘူး ဦးရုပ်ဆိုး၊ ကဲ ကဲ ဆက်ကြဦးစို့"

သခင်မရှေ့မှ ဦးဆောင်ကာ ထွက်သွား၏။ သူနှင့် ခွန်ဂျာလည်း စကားမပြောဘဲနောက်မှ လိုက်သွားသည်။ အာယုပန်းပင် မြင်ရတော့မည့် အသိဖြင့် မောပန်းလာသမျှ ကျေနပ်သလိုလို။

"ကဲ… လာကြ… ကျွန်ုပ်လက်ကို ဆွဲကိုင်ပြီး ဒီဂူကို ဖြတ်ကြမယ်"

အင်မတန်မှောင်မိုက်သော ဂူတစ်ခုထဲသို့ သခင်မက တည်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



စွာ ဖြတ်ကျော်ဖို့ ကြိုးစားသည်။ သူတို့မှာ တစ်ယောက်လက်တစ်ယောက် ဆွဲကိုင်ကာ 'သခင်မခေါ်ဆောင်ရာ လိုက်ပါခဲ့၏။

နာရီဝက်ကြာမျှ သွားမိလျှင် ဘွားခနဲ အလင်းရောင် မြင်ရလေသည်။ ထိုအလင်းရောင်နှင့်အတူ အာယုပန်းရနံ့ကို သင်းစွာ ခံစားရလေ၏။

"ဟာ"

"ဟင်"

တွေ့ပါပြီ အလင်းရောင်ကြားမှာ တောင်ထိပ်လေးတစ်ခုပေါ်တွင် အနီရောင် အရိုးများဖြင့် အရွက်စိမ်းစိမ်းတို့ကြားမှ ကြာပန်းလို ဖြူဖွေးလန်းဆန်းနေသည့် အင်မတန်လှသော အာယုပန်းပင်။

"အဲဒါ အာယုပန်းပင်ပဲ၊ သူ့ရနံ့ကို အားပါးတရရှူပြီး ပန်းပွင့်ကို စားရမယ်၊ ဒါမှ အသက်ရှည်ပြီး အဆင်းလှမှာ"

ရည်ရွယ်ချက် ခရီးပန်းတိုင် ရောက်ပြီမို့ သခင်မအသံကြည်လင်နုညံ့နေ၏။ သူတို့ပင် စိတ်နှလုံးတို့ လန်းဆန်းလာကာ မျက်နှာမှာ အလိုလို ပြုံးလာသယောင်။

"သိပ်လှတဲ့ အပင်ပဲ သခင်မ၊ ပန်းပွင့်နေတာကလဲ လှလိုက်တာ၊ မရှုးရက်စရာပဲ"

ဦးလေးပြောတော့ သခင်မ ပြုံးသည်။

"ဒါဟာ ရှားပါးတဲ့ အခွင့်အရေးပဲ ဦးရုပ်ဆိုး၊ ဒီပန်းပွင့်ဖို့ နှစ်ပေါင်းများစွာ စောင့်ရတယ်၊ မောင်တော်နဲ့ ဦးရုပ်ဆိုးတို့ဟာ





ကံကောင်းပြီး အကြောင်းတိုက်ဆိုင်လွန်းလို့ ဒီပန်းပွင့်တဲ့အချိန် ရောက်လာတာ၊ အို...မောင်တော်"

သခင်မက ကြည်လင်နူးညံ့သော အသံဖြင့် သူ့ကို ခေါ်သည်။

"ကျွန်ုပ်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဒီပန်းပွင့်ကို တစ်ကြိမ်တစ်ခါ စားသုံးခဲ့ဖူးတယ်၊ အဲဒီအချိန်တုန်းက မောင်တော်ဟာ ကျွန်ုပ်စကား နားမထောင်ဘဲ ဒီ အာယုပန်းပွင့်ကို မစားခဲ့ဘူး၊ ဒါကြောင့် မောင်တော်ဟာ ကံကုန်ခဲ့တယ်၊ ယခုတစ်ကြိမ်တော့ မောင်တော် ဒီအာယုပန်းပွင့်ကို စားသုံးမယ် မဟုတ်လား"

ခွန်ဂျာမဖြေမီ သခင်မကပင်–

"ကဲ... ကဲ... ဒီပန်းပွင့်ရဲ့ တန်ခိုးသတ္တိ ဘယ်မျှရှိတယ်ဆိုတာ ကျွန်ုပ်ကပဲ အရင်ဆုံး စားပြပါ့မယ်၊ ကျွန်ုပ်စားပြီးရင် မောင်တော် စားမယ် မဟုတ်လား"

"စားပါ့မယ်"

ခွန်ဂျာ ကတိပေးတော့ သခင်မ ကျေနပ်စွာ ပြုံးလေ၏။ ထို့နောက် ဦးလေးဘက်လှည့်ကာ...

"ကဲ...ကဲ ဒီနေရာမှာပဲ ဦးတော်ကို လူကြီးအရာထားကာ ကျွန်ုပ်နှင့် မောင်တော် လက်ဆက်မယ်၊ မောင်တော်ကော ကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ် သခင်မ"

"ဩော်...မောင်တော် သင့်ကို ကျွန်ုပ်က ဘဝတွေ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ခြားခြား ချစ်ခဲ့ရပါတယ်၊ ယခုချိန်ကစပြီး မောင်တော်ကို နှမရဲ့ အရှင်သခင်အဖြစ် အပ်နှံပါတယ်၊ အာယုပန်းပွင့် စားပြီးတဲ့နောက် ကျွန်ုပ်နှင့် မောင်တော်ဟာ ဒီထက်မက နုပျိုလှပပြီး ကမ္ဘာတည်သရွေ့ အသက်ရှည်ကာ ထာဝရ လက်တွဲကြရတော့မယ်၊ ဒါဟာ ကျွန်ုပ်အတွက် သိပ်ကို ဝမ်းသာရတဲ့ အဖြစ်ပါ”

သခင်မက ပြောပြီး၊ ခွန်ဂျာက်ကိုယူကာ နမ်းရှိုက်လေ၏။ ထို့နောက် ဦးလေးကလည်း သူတို့ကို လက်ဆက်ပေးသည်။ ထိုအချိန်မှာ သူ့စိတ်ထဲ ကြည်နူးကာ...

“နှမတော်ကိုလဲ မောင်တော်က ထာဝရ ရှင်သန်စွာချစ်နေမှာပါ၊ ဘယ်လိုဘဝ ဘယ်လိုဌာနပဲ ရောက်နေပါစေပေါ့၊ နှမတော်မှာရှိတဲ့ အပြစ်မှား အားလုံးကိုလဲ မောင်တော် ခွင့်လွှတ်ပါတယ်လေ”

“ကျွန်ုပ် ဝမ်းသာကျေနပ်ပါပြီ၊ ကဲ... အာယုပန်းပွင့်ကို ကျွန်ုပ် စတင်စားသုံးပါ့မယ်”

ထို့နောက် သခင်မက မလှမ်းမကမ်းရှိ တောင်ထိပ်လေးပေါ်ရှိ အာယုပန်းပင်ဆီ တက်ရောက်သွားလေ၏။ အာယုပန်းပင်အနီးရောက်တော့ သခင်မက သူတို့ကို လှည့်ပြုံးပြလေ၏။ လေမှာ တရကြမ်းတိုက်တာမို့ သခင်မ၏ ဆံနွယ်များမှာ ဝတ်ရုံဖြူနှင့် အပြိုင်ဝဲပျံကာ ကျွန်ုပ်တို့အတွက် အင်မတန်လှသော နတ်သမီးတစ်ပါးကို ကြည့်နေရသလိုပင်။





သည်နောက် သခင်မက အာယုပန်းရနံ့ကို ခေါင်းမော့ကာ အားပါးတရ ရှူရှိုက်သွင်းလေ၏။ ပြီးတာနှင့် ဖြူဖွေးလန်းဆန်းလှပသော အာယပန်းပွင့်ကို ခူးကာ တစ်ခုချင်း စားလေ၏။

သူတို့မျက်စိတွင် ထိုအချိန်ကလောက် သခင်မ လှတာမရှိတော့ပေ။

အာယုပန်းပွင့်မှာ သုံးပွင့်တည်းရှိရာ တစ်ပွင့်ကို သခင်မစားလိုက်ခြင်းကြောင့် နှစ်ပွင့်သာ ကျန်လေ၏။

သခင်မသည် တစ်ပွင့်လုံးစားပြီးနောက် တောင်ထိပ်မှပြည်လည် ဆင်းသက်လာသည်။ သို့သော် မမျှော်လင့်သော အခြေအနေတစ်ခုက ရုတ်တရက် ပေါ်ပေါက်လာလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



"မောင်တော် ဟင်...အို...အို မူးလိုက်တာ"

"သခင်မ"

သူတို့ဆီ ရောက်တာနှင့် သခင်မသည် ခေါင်းကို ဖိထိန်းရင်း ရုတ်တရက် လဲကျသွားလေ၏။ ခွန်ဂျာက ပြေးပွေ့ပေမဲ့ အံ့သြစရာကောင်းစွာ သခင်မသည် ဘာစကားတစ်ခွန်းမှ မဆိုနိုင်ဘဲလောကကြီးမှ ထွက်ပြေးသွားလေပြီ။

"နှမတော် နှမတော် သခင်မ၊ ဦးလေး လုပ်ပါဦး သူ ဘာဖြစ်သွားတာလဲ"

ခွန်ဂျာက အားကိုးရားမဲ့ ဦးလေးကို ခေါ်မိ၏။ ဦးလေးကိုယ်တိုင်မှာ မမျှော်လင့်သော အဖြစ်အပျက်ကြောင့် များစွာ တုန်လှုပ် အံ့သြနေသည်။

ထို့နောက် သခင်မကို ငြိမ်ငြိမ်ထားပါ၊ သခင်မ သခင်မ ဆုံးသွားပြီ"





"ဗျာ သခင်မဆုံးပြီ ဟုတ်လား ဦးလေး၊ ကျွန်တော် မယုံဘူး၊ ကျွန်တော် ဘယ်လိုမှ မယုံဘူး ဦးလေး"

ခွန်ဂျာ ပေါက်ကွဲစွာ အော်လေ၏။ တကယ်တော့ ခွန်ဂျာ ဒီလိုဖြစ်တာမဆန်း၊ ခွန်ဂျာထက် အသက်ကြီးသောသူပင် သခင်မ အဖြစ်အပျက်ကိုမြင်က ထိတ်လန့်တုန်လှုပ်သွားရသည် မဟုတ်လား။

"သခင်မ"

ခွန်ဂျာက ထိုတစ်ခွန်းသာ အော်နိုင်လျက် သတိလစ်သွားတော့သည်။ ဦးလေးရုပ်ဆိုးကိုယ်တိုင် နှလုံးထိခိုက်ကာ ရုတ်တရက် မေ့သွားလေ၏။

သူတို့ သတိပြန်ရလာသောအခါ အလင်းရောင်ဖျော့နေပြီ။

"ခွန်ဂျာ... ခွန်ဂျာ"

"ဦးလေး..."

ရုတ်တရက် စိတ်ထိခိုက်မှုကြောင့် ခွန်ဂျာမျက်နှာမှာ အိုမင်းရှင့်ရော်သွားသယောင်။

"ကဲ...ဖြစ်ပြီးတာတွေ ထားလိုက်တော့၊ ဦးလေးတို့ ဒီက ပြန်ရအောင် နေရောင်ပျောက်တော့မယ်"

"သူ့ကို ထားခဲ့မယ်လား"

သခင်မကိုယ်ပေါ်သို့ ဝတ်ရုံဖြူကြီး ခြုံပေးထားလိုက်သ[illegible] ခွန်ဂျာ ဝမ်းနည်းစွာမေးတော့ ဦးရုပ်ဆိုးက စိတ်မကော[illegible] သခင်မ၏ ရုပ်အလောင်းကို ထားခဲ့ရုံကလွဲ၍



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ခေါင်းညိတ်ကြသည်။

"ဒီတော့ ငါတို့ကို ပါလာတဲ့ စားစရာနဲ့ ရေအရင်တိုက်၊ ပြီးမှ ပြန်မယ်"

ဦးလေးပြောသမျှ ဝေါစင်သမားများ လိုက်နာကြသည်။ သူတို့မှာ ရေအရင် ဖြည်းဖြည်းသောက်လိုက်၏။ ထို့နောက် စားစရာကို အနည်းငယ်စားပြီး ဝေါစင်ပေါ်တက်ကာ မကြာခင် အိပ်ပျော်သွားရလေ၏။

ဘယ်လောက်များ အိပ်ပျော်သွားတယ်မသိ၊ သူတို့အိပ်ရာနိုးချိန်မှာ ဝေါစင်သည် တလှုပ်လှုပ်ဖြစ်လျက်...

ကြည့်လိုက်တော့ ဝေါစင်သမားများ သူတို့ကို ပြန်ပို့နေကြပြီ။

ဩော်... သခင်မ၏ လူယုံတော်များက သစ္စာစောင့်ကြပေသား။ ပင်ပန်းနွမ်းနယ်ကာ ဒဏ်ရာရထားသော သူတို့မှာ လမ်းမလျှောက်နိုင်တော့ပေ။ တစ်ထောက်နားလိုက်၊ ခရီးဆက်လိုက်ဖြင့် သွားကြလေသည်။

"ဒီမှာ မိတ်ဆွေတို့ သခင်မက မှာလိုက်တယ်၊ ကျုပ်တို့ကို သခင်မရှိတဲ့ တောင်ဆီ ခေါ်မသွားဘဲ ပြန်မယ့်နေရာကို လိုက်ပို့ပေးခိုင်းတယ်"

ဝေါစင်သမားများမှာ စကားမပြောတတ်တာကြောင့် ခေါင်းသာ ညိတ်ပြပြီး လမ်းခွဲများမှတစ်ဆင့် သူတို့ပြန်ဖို့နေရာအထိ လိုက်ပို့ပေးလေ၏။





"ကျေးဇူးတင်ပါတယ်၊ မိတ်ဆွေတို့၊ နောက်တစ်ခါ မိတ်ဆွေတို့နဲ့ ပြန်ဆုံချင်ပါတယ်"

အားလုံးကို နှုတ်ဆက်ပြီး တောတောင်ခရီး အထပ်ထပ်ကို ဖြတ်ကာ သူတို့နေရာသို့ ခက်ခဲပင်ပန်းစွာ ဖြတ်ခဲ့ကြ၏။

"ကျွန်တော်တော့ ဒီတစ်သက် သူ့ကို ဘယ်လိုမှ မေ့နိုင်တော့မှာ မဟုတ်ဘူး ဦးလေး၊ ဒါကြောင့် ဘယ်မိန်းမကိုမှ ကျွန်တော် မယူဘဲ သူ့ကိုပဲ စောင့်နေမယ်"

"အင်း သူပြန်လာရင်တော့ အကောင်းဆုံးပေါ့ကွာ"

"သူ ပြန်လာမှာပါ ဦးလေး၊ ကျွန်တော် ယုံကြည်တယ်၊ သူ တစ်နေ့ ကျွန်တော့်ဆီ ပြန်လာမှာပါ"

ထိုစကားကိုပဲ ခွန်ဂျာသည် ထပ်ခါထပ်ခါ ရွတ်နေလေတော့၏။ ဦးလေးက သက်ပြင်းတစ်ချက်ကို ကျိတ်ရှိုက်လိုက်တော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ခွန်ဂျာ၏ ကြိုးစားသော ဖွဲလုံ့လတို့ကြောင့် ဆောင်းကေရီ၏ ပုံတူသည် ကုန်ဆုံးသွားသော ရက်လတို့နှင့်အပြိုင် တဖြည်းဖြည်း ရုပ်လုံးဖော်လာ၏။

"ဦးလေးရယ် တကယ်တော့ သိပ်ကို လှပချောမောတဲ့ ဆောင်းကေရီရဲ့ ပုံတူဆွဲဖို့ဆိုတာ ကျွန်တော့်အတွက် မိုးပေါ်က လမင်းကို ဆွတ် ရသလိုပါပဲ"

အကြိမ်ကြိမ်အခါခါ ပျက်ယွင်းနေသော ဆောင်းကေရီပုံများကို ကြည့်ကာ တစ်ခါတစ်ခါ ခွန်ဂျာ စိတ်ဓာတ်ကျစကား ပြောသည်။

ထိုအခါမျိုးတွင် ခွန်ဂျာ၏ စိတ်ဓာတ်ကို မြှင့်တင်နိုင်ရန် ဦးလေးအားပေး၏။

"ခွန်ဂျာ မင်းဟာ လွယ်လွယ်နဲ့ စိတ်ဓာတ်ကူးတတ်တဲ့ ယောက်ျား တစ်ယောက် မဟုတ်ပါဘူး၊ ဦးလေးတော့ ယုံတယ် ဟောဒီ ကမ္ဘာပေါ်မှာ မင်းတစ်ယောက်ပဲ ဆွဲနိုင်မယ်လို့"

"ဟုတ်တယ်နော် ဦးလေး သခင်မရဲ့ ပုံတူကို ကျွန်တော် တစ်ယောက်ပဲ နှလုံးသားထဲက သိမ်းဆည်းသိနေတာ၊ ကျွန်တော်သာ သခင်မရဲ့ ပုံကို မဖော်နိုင်ရင်၊ ဘယ်သူမှလဲ ဖော်နိုင်မှာ မဟုတ်ဘူး၊ ဒီတော့ ဒီလောကကြီးမှာ သခင်မတစ်ယောက် ရှိခဲ့တယ်ဆိုတာ ကျွန်တော်ပုံဖော်ရမယ် ဦးလေး"

ခွန်ဂျာသည် တက်ကြွသော စိတ်ဓာတ်များဖြင့် သခင်မ၏ ပုံတူကို ရက်တွေလတွေ ဘယ်လောက်ပဲ ကုန်ဆုံးပါစေ မလျှော့သော





ဖွဲလုံ့လဖြင့် ပုံဖော်လေ၏။

တစ်စ တစ်စ ပုံပေါ်လာလျှင်–

"ဦးလေး ကျွန်တော်တော့ သခင်မပုံတူကို အတတ်နိုင်ဆုံး ရအောင်ဆွဲဖို့ ဆုံးဖြတ်ထားတယ်၊ ခုဆို အတော်ပုံပေါ်လာပြီ၊ သခင်မနဲ့ တူရဲ့လား ကြည့်ပါဦး ဦးလေးရယ်"

အကြမ်းလောင်းထားသော သခင်မ ပုံတူက အမှန်ပဲ နီးစပ်စွာ တူလာသည်။ ခွန်ဂျာ၏ ဖွဲလုံ့လကို ချီးကျူးသော ဦးလေး ထောက်ခံအားပေး၏။

"အေး... အစကထက်စာရင် အခု အတော်ပုံပေါ်လာပြီကွ၊ ဆက်ကြိုးစား ခွန်ဂျာ"

"ဟုတ်ကဲ့"

တကယ်တမ်းမှာ ဆောင်းကေရီလို ချောမောလှပလွန်းသော အမျိုးသမီးတစ်ယောက်၏ ပုံတူကို ရအောင်ဆွဲနိုင်ဖို့ မလွယ်ကူပါ။

သို့သော် ခွန်ဂျာကတော့ ပြီးမြောက်အောင် ဆွဲလေ၏။

ဆောင်းကေရီ၏ ပုံတူ ပြီးစီးတဲ့နေ့သည် ရာသီဥတုအားဖြင့် အတော်သာယာကာ ကြည်လင်နေ၏။

"ဦးလေးရေ လာကြည့်ပါဦးဗျ"

ခွန်ဂျာခေါ်တာကြောင့် သုဝင်ကြည့်လိုက်တော့

"ဟင်...သခင်မ"

အဖြူရောင်ဝတ်စုံဖြင့် စိန်သရဖူဆောင်းထားသော သခင်မ၏



www.burmeseclassic.com

www.burmeseclassic.com



သည်။ မကြာခင်...

"ဟာ ဦးလေး ဟိုမှာ"

ချောက်ထဲကျကာ ညည်းညူနေသော မိန်းကလေးတစ်ယောက် လဲကျနေတာကို သူတို့ တွေ့လိုက်ရ၏။

"သူ ဘယ်လိုလုပ်ပြီး ချောက်ထဲကျနေတာပါလိမ့်"

"ကျွန်တော် ဆင်းကယ်လိုက်မယ် ဦးလေး"

"အေး... အေး"

လူငယ်ဖြစ်သော ခွန်ဂျာက သွက်လက်စွာပင် ချောက်ထဲဆင်းသွားသည်။ ထို့နောက် မကြာခင် မိန်းကလေးကို ထမ်းပိုးလျက် ခွန်ဂျာ ပြန်တက်လာ၏။

"ဖြစ်ရဲ့လား ခွန်ဂျာ"

"ရတယ် ဦးလေး"

ခွန်ဂျာလို တောင့်တင်း ကျစ်လျစ်သန်မာသော ယောကျ်ားတစ်ယောက်အဖို့ ထိုမိန်းကလေး၏ ခန္ဓာကိုယ်မှာ ပေါ့ပေါ့ပါးပါးပင်။

အပေါ်ရောက်တာနှင့် ခွန်ဂျာ မိန်းကလေးကို မြေပေါ်သို့ ညင်သာစွာ ချလိုက်၏။

"အား... ကျွတ်... ကျွတ် ငါ့ကို ကယ်တဲ့အတွက် နင်တို့ကို ကျေးဇူးတင်ပါတယ်"

စကားသံ အနည်းငယ်ဝဲလျက် မိန်းကလေးက လေးစားစွာ ပြောသည်။





"ကျေးဇူးတင်ကာ အသာထား၊ မင်း ဘယ်လိုဖြစ်ပြီး ချောက်ထဲကျတာလဲ"

ခွန်ဂျာ အမောဖြေနေစဉ်မို့ ဦးလေးက မေးသည်။

"ငါ ဆေးမြစ်လိုက်ရှာရင်း လမ်းပျောက်ပြီး ချောက်ထဲကျသွားတာပေါ့"

"ဩော်...ဒါဆို နင့်အဖော်တွေကော"

"သူတို့ဘယ်ရောက်သွားမှန်း ငါမသိ"

"ဒါတွေ နောက်မှမေးပါ ဦးလေးရယ်၊ အရင်ဆုံး သူ့ကိုယ်ပေါ်က ဒဏ်ရာတွေ ကြည့်ပေးလိုက်ပါဦးလ"

ခွန်ဂျာ လှမ်းပြောမှ မိန်းကလေးကိုယ်ပေါ်မှ ဒဏ်ရာများ ကြည့်မိ၏။

မိန်းကလေးကလည်း အသားဖြူတာမို့ ဒဏ်ရာရထားသော နေရာမှာ သွေးခြင်းခြင်းရဲနေသည်။

"မင်း ဒဏ်ရာတွေ အတော်ရထားတာပဲ"

"ဟုတ်တယ်၊ ဒါပေမဲ့ ကိစ္စမရှိဘူး၊ ငါ ဆေးရွက်ရှာပြီး လိမ်းလိုက်ရင် ကောင်းသွားမယ်"

"ဘယ်မှာလဲ ဆေးရွက်"

ခွန်ဂျာ့အမေးကြောင့် မိန်းကလေးက ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီကြည့်၏။ ထို့နောက် အရိုးနီအရွက်နီပင်လေးကို တွေ့တာနှင့် ဖျက်လုံး ဖျတ်ခနဲ လက်သွားသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဦးရီး"

အခန်းထဲကို ခွန်ဂျာပင် တွဲ၍ ပို့ပေးလိုက်၏။

ပင်ပန်းနွမ်းနယ်နေပြီဖြစ်သော မိန်းကလေးက မကြာခင် နှစ်ခြိုက်စွာ အိပ်ပျော်သွားတော့သည်။

သူနှင့် ဦးလေးက မီးဖိုဆောင်ထိုင်ကာ အသားကင်ကို တိတ်ဆိတ်စွာ စားနေကြ၏။

"ဘယ်လိုလုပ်မလဲ ခွန်ဂျာ၊ ကောင်မလေးကြည့်ရတာ သူ့ရွာလဲ ပြန်တတ်ပုံမရဘူး"

"သူနေကောင်းလာမှ သေချာ မေးကြည့်ရမှာပဲ ဦးလေး၊ လောလောဆယ်တော့ မိန်းကလေးတစ်ယောက် ဒုက္ခရောက်နေ ကျွန်တော်တို့ ကယ်ကောင်းပါတယ်"

"အေးပါကွာ၊ ကဲ...တို့လဲ အနားယူစို့"

ညဦးနက်ပြီမို့ သူတို့ လူစုခွဲလိုက်ကြသည်။ ဦးလေး ချက်ခြင်း အိပ်ပျော်သွားပေမဲ့ ခွန်ဂျာကတော့ ဆောင်းကေရီပန်းချီကား ရှေ့အခန်းသို့ ဝင်ခဲ့သည်။

ပန်းချီကားထဲမှ သခင်မက သူ့ကို ပြုံးစိုက်ကြည့်နေသယောင်။

ဟင်း... သခင်မရယ်

နှစ်တွေ ဘယ်လောက်ပဲကြာခဲ့ပေမယ့် ကျွန်တော့်စိတ်က သခင်မကို တစ်နေ့မှ မေ့မရပါဘူးဗျာ။

သခင်မကို အတန်ကြာ စိုက်ကြည့်ပြီးမှ သူ အိပ်ခန်းထဲ ဝင်





ခဲ့လေ၏။ မကြာမီ ပင်ပန်းထားသော အရှိန်ဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားရသည်။

ထိုစဉ် အဖြူရောင် အလင်းတန်းတစ်ခု ဖြာကျလာကာ...

"မောင်တော် မောင်တော်"

နှည့်ညင်သာသော အသံကြောင့် သူ အိပ်ရာမှ ဖျက်ခနဲ နိုးသွား၏။

"အို သခင်မ"

သူ့အပါးတွင် အဖြူရောင် ဝတ်စုံနှင့် သခင်မက မားမား မတ်မတ် ရပ်လျက်။

သူ အံ့ဩလွန်းသဖြင့် နေရာမှ ဝုန်းခနဲ ထလိုက်၏။

"သီ... သခင်မ ကျွန်ုပ်ဆီ ပြန်လာတယ်"

အံ့ဩတုန်လှုပ်စွာ သူမေးတော့ သခင်မပြုံးသည်။ ခေါင်းလည်း မသိမသာ ညိတ်လေသလား။

"ပြန်လာရတာပေါ့ မောင်တော်၊ ကျွန်ုပ် ဘယ်ဘဝရောက်ရောက် မောင်တော်ကို မမေ့ပါဘူးလို့ သစ္စာဆိုထားတယ် မဟုတ်လား"

"ဟုတ်ပါတယ် သခင်မ၊ ကျွန်ုပ်လဲ သခင်မကို တစ်နေ့တစ်ရက်မှ မမေ့ပါဘူး"

သူ့စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်တော့ သခင်မက ယုံကြည်ဟန်ဖြင့် ခေါင်းညိတ်၏။

"မောင်တော်ရဲ့ သစ္စာကို ကျွန်ုပ်ယုံပါတယ်၊ ကျွန်ုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ဒေါက်"

အပြင်ဘက်မှ တံခါးခေါက်သံကြောင့် သူသတိဝင်လာ၏။

"ဘယ်သူလဲ"

"ဦးလေးပါ"

"သြော် ဝင်ခဲ့လေ"

သူ့အသံဆုံးတာနှင့် တံခါးပွင့်လာ၏။ ဦးလေးသည် ပန်းချီကား ရှေ့မှာ သူ့ကိုမြင်တွေ့ရတော့ မျက်နှာ ပျက်သွားသည်။

"အာဂျူးက မနက်စာအတွက် ကောက်ညှင်းပေါင်းနဲ့ ဆတ်သားခြောက်ဖုတ် လုပ်ထားတယ်၊ လူလေးစားရအောင် လာခေါ်တာ"

"သြော်...မိုးလင်းပြီပဲ"

သည်တော့မှ အလင်းရောင်ကို သတိပြုမိ၏။ ဆောင်းကေရီ ရှေ့ရောက်လျှင် သူက အရာရာကို သတိမေ့လျော့သွားပါလား"

"ဦးလေး"

"ဟေ..."

"ကျွန်တော် ညက အိပ်မက်မက်တယ်"

"ဘာအိပ်မက်လဲ"

"သခင်မ ကျွန်တော့်ဆီ လာတယ်"

"ဘာ..."

ဦးလေး အံ့သြကာ သူ့ကို ကြည့်သည်။ သူ့မျက်နှာ တည်တည်ဖြင့် ဆက်ပြော၏။





"ဟုတ်တယ် ဦးလေး၊ သူ... သူ ကျွန်တော့်ဆီ ပြန်လာပြီ၊ သူရှိတဲ့နေရာ ကျွန်တော့်ကို ပြတယ်"

"ဟင်..."

"သခင်မက သူ့ဆီ လာရမယ်တဲ့ ဦးလေး"

ခွန်ဂျာ့ကို စိတ်မှကောင်းသေးရဲ့လားဟု ဦးလေးကြည့်သည်။ သို့သော် ခွန်ဂျာ၏ မျက်နှာက လေးနက်တည်ငြိမ်နေ၏။

"ဦးလေး မယုံဘူးလား၊ သခင်မ တကယ်ပဲ ကျွန်တော့်ဆီ လာတယ်ဦးလေး"

"ဟင်း မင်းစိတ်စွဲလို့ ဖြစ်မှာပါ ခွန်ဂျာရာ"

ဦးလေးစကားကြောင့် သူ ခေါင်းခါယမ်း၏။

"မဟုတ်ဘူး ဦးလေး၊ သခင်မနဲ့ပတ်သက်ပြီး ကျွန်တော် ပထမဆုံး အိပ်မက် မက်တာပဲ၊ သေချာတယ် သူ ပြန်လာပါပြီ"

"ကဲ... ကဲ အဲဒီအကြောင်း နောက်မှပြော၊ အာဂျူးလုပ်ထားတဲ့ မနက်စာ သွားစားကြရအောင်"

သည်တော့မှ ခွန်ဂျာ ထလိုက်လေ၏။ တကယ်ပဲ အာဂျူးက မနက်စာ အသင့်ပြင်ထားပြီ။

"ဟော့... အစ်ကို လာ... လာ... ဒီမှာ ကောက်ညှင်းပေါင်းနဲ့ ဆတ်သားခြောက်၊ ရေနွေးကြမ်းလဲ အသင့်"

အာဂျူး၏လက်ရာဖြင့် အိမ်က ရှင်းသန့်နေသည်။ သည်လို ဆင်သင့်ဖြစ်နေတဲ့ မနက်စာမျိုး သူနှင့် ဦးလေးအတွက် ဝေးခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီ။

ထို့ကြောင့် ကောက်ညှင်းပေါင်း ပူပူနွေးနွေးနှင့် ဆတ်သား ခြောက်ဖုတ်ကို အားပါးတရ စားမိ၏။ အာဂျူးက သူတို့ကို အသက်သခင် ကျေးဇူးရှင်အဖြစ် အလွန်လေးစားနေသည်။

"မင်းရွာက ဘယ်နားမှာလဲ အာဂျူး"

"ဟိုး တောင်တန်းကြီးပေါ်မှာ"

"ဟင်"

အာဂျူးပြသော တောင်တန်းမှာ သူညက အဖြူရောင် အလင်း တန်းတွေ့သောနေရာ။ တိုက်ဆိုင်လှချည်လား။

"မင်း...ဘယ်သူနဲ့နေလဲ"

"အဘိုးနဲ့"

"ဘာ"

"ငါ... ငါ့အဘိုးနဲ့နေတယ်၊ အဘိုးကတောထဲမှာ"

"ဪ ဒါဆို မင်းကို ငါတို့ လိုက်ပို့ပေးမယ်"

သူပြောတော့ အာဂျူး ရုတ်တရက် ငြိမ်သွား၏။ နောက်မှ ခေါင်းညိတ်ကာ–

"ကောင်းပြီလေ၊ နင်တို့လိုက်ပို့ရင် ငါ ပြန်ရမှာပေါ့"

တစ်ခဏတာ တွေ့ရပေမဲ့ အာဂျူး၏မျက်လုံးတွေက သူ့အပေါ် တွယ်တာနေသယောင်။ ဒါကို သူ မသိချင်ယောင်ဆောင်ကာ သက်ပြင်းချလိုက်သည်။





"ဒီလိုလုပ် ခွန်ဂျာ၊ အာဂျူးလဲ ဒဏ်ရာရထားတယ်ဆိုတော့ တစ်ရက်၊ နှစ်ရက် နားပါစေဦး"

"ကောင်းပါပြီ ဦးလေး၊ ကျွန်တော်လဲ ခရီးထွက်ဖို့ ပြင်ဆင် ရဦးမယ်"

ခွန်ဂျာထလာတော့ ဦးလေး လိုက်လာသည်။

"မင်းက ဘယ်ကိုခရီးထွက်မှာလဲ"

"သခင်မဆီ"

"ဟင်...မင်း တကယ်သွားမယ်ပေါ့ ခွန်ဂျာ"

"ဦးလေး မလိုက်ချင်ရင် နေခဲ့လေ"

"မနေခဲ့ပါဘူး၊ မင်းသွားမှတော့ ငါ လိုက်ရမှာပေါ့ ခွန်ဂျာ"

"ဒါ ကောင်းတယ် ကျွန်တော်တို့ အာဂျူးကို လိုက်ပို့ရင်း ခရီးထွက်ကြတာပေါ့ ဦးလေး၊ ဒီတော့ ပြင်ဆင်စရာရှိတာ ဦးလေး ပြင်ဆင်ထားပါ"

"အေး... အေး"

ဦးလေးပြန်ထွက်သွားတော့ သူက ဆောင်းကောရီ ပန်းချီကား ကြီးရှေ့မှာ မမှိတ်မသုန် ကျန်ခဲ့သည်။

သခင်မ...

သခင်မကို ကျွန်တော် လာတွေ့ပါမယ်လေ။

စောင့်ကြိုတစ်ပါတော့ သခင်မရယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



အာဂျူးက အိမ်မှာနေစဉ်အတွင်း သူတို့အတွက် ချက်ပြုတ်ကျွေးမွေးပေးသည်။ အိမ်ကိုလည်း ရှင်းလင်းသန့်ရှင်း၏ အလျှင်က သူတို့တူအရီးနှစ်ယောက်မှာ ဖြစ်သလို စားသမျှ ယခုတော့ အာဂျူးလက်ရာဖြင့် စိုစိုပြည်ပြည်။

ဆိတ်သားခြောက်ဆီပြန်၊ အသီးအရွက်ကြော်၊ ပဲပုပ်ထောင်း၊ မုန်ညှင်းဟင်းချိုတို့ဖြင့် ဖွယ်ဖွယ်ရာရာ စားကောင်းလှ၏။ ဦးလေးမှာ အာဂျူးလက်ရာကို ချီးကျူးလို့ မဆုံးနိုင်တော့ပေ။

"အင်း...မိန်းကလေးတစ်ယောက်ရဲ့ တန်ဖိုးက စားတဲ့နေရာမှာ ပိုသိသာတယ်၊ ကြည့်ပါဦး မရှိ ရှိတဲ့ ဟင်းလျာလေးတွေကိုပဲ စိုစိုပြည်ပြည်နဲ့၊ ဒီလိုမျိုး မစားရတာ တို့တော့ကြာပေါ့၊ မဟုတ်ဘူးလား ခွန်ဂျာ"

"အင်း...ဟုတ်ပါတယ်"

ဦးလေးက ကိုယ်တိုင် ချီးကျူးရုံမက သူ့ကိုပါ ထောက်ခံခိုင်းသေး၏။ တကယ်လည်း အာဂျူးလက်ရာ ကောင်းတာမို့ သူလည်း ခံတွင်းမြိန်တာအမှန်။ ထို့ကြောင့် အာဂျူးကို ကျေးဇူးတင် မိသည်။





"ဒီမှာ ခွန်ဂျာ"

"ဗျာ ဦးလေး"

နှစ်ယောက်တည်းရှိသော အချိန်မှာ ဦးလေးက လေးနက်သည့် မျက်နှာဖြင့် သူ့ကို ခေါ်၏။

"မင်း စဉ်းစားကြည့်စမ်း ခွန်ဂျာ၊ ယောကျ်ားသားပြစ်တဲ့ ငါတို့နှစ်ယောက်က ဒီအိမ်ကြီးမှာ တစ်သက်လုံးနေလာတာ ဘယ်တော့မှ အိမ်မရှင်းဖြစ်ဘူး"

"ကျွန်တော်တို့က ယောကျ်ားတွေကို ဦးလေးရဲ့"

"အေး ထားပါ၊ စားသောက်တော့လဲ ငါကပဲ တတ်သလောက် ဖြစ်သလို ချက်ပြုတ်ရတယ်၊ မိန်းကလေးတွေလိုတော့ ဖွယ်ဖွယ်ရာရာ မချက်တတ်ပြန်ဘူး"

"ဦးလေး ဒီလောက် ချက်တတ်တာပဲ၊ ကျွန်တော်က ကျေးဇူး တင်ရမှာပါ"

သူပြောတော့ ဦးလေးက ခေါင်းခါယမ်းသည်။

"မင်းကို ငါ ချီးကျူးခိုင်းနေတာ မဟုတ်ဘူး ခွန်ဂျာ"

"ဒါဖြင့် ဦးလေးက ဘာကိုဆိုလိုတာလဲ"

သူနားမလည်သလိုမေးတော့ ဦးလေး ခေါင်းတညိတ်ညိတ် လုပ်သည်။

"မင်းဟာ အကင်းပါးမလိုနဲ့ အတော်တုံးပါလား... ခွန်ဂျာ၊ ဒီလိုကွာ အာဂျူးရှိတော့ တို့အတွက် အဆင်မပြေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ် ဦးလေး"

"အေး ပြီးတော့ အာဂျူးဟာ အသားဖြူဖြူလေးနဲ့ ချစ်စရာ မကောင်းဘူးလား"

ထိုအမေးကြောင့် ဦးလေးကို သူဖျတ်ခနဲကြည့်၏။ အာဂျူးသည် ချစ်စဖွယ်ကောင်းသော မိန်းကလေးတစ်ယောက်ပါ။

"ကောင်းပါတယ် ဦးလေး"

သူ့အဖြေကြောင့် ဦးလေးက ကျေနပ်သလို ပြုံး၏။

"ပြီးတော့ အာဂျူးက မင်းကိုလဲ သိပ်ဂရုစိုက်တာကွ"

"ဦးလေးပြောတဲ့ အဓိပ္ပာယ်က"

"ဒီမှာ မင်း အာဂျူးကို သဘောမကျဘူးလား"

"ဟာ ဦးလေးကလဲ"

ယခုမှ ဦးလေးပြောသော အဓိပ္ပာယ်ကို သူ သဘောပေါက်သွားသည်။ သူ့မျက်နှာ နီမြန်းတော့ ဦးလေးရယ်၏။

"မင်းသာ အာဂျူးကို သဘောကျရင် ဦးလေးကိုယ်တိုင် မင်းနဲ့အာဂျူးကို လက်ထပ်..."

"တော်တော့ ဦးလေး ကျွန်တော့်ဘဝမှာ ကျွန်တော် လက်ထပ်ထားတဲ့ မိန်းကလေး တစ်ယောက်ပဲရှိတယ်၊ အဲဒါ ဘယ်သူလဲဆိုတာ ဦးလေး သိပါတယ်"

ပြောရင်း သူ့အသံ အနည်းငယ် တိုးတိမ်ဝင်သွား၏။ ဦးလေး မျက်နှာ ကွက်ခနဲ ပျက်သွားသည်၊





"မင်း သူ့ကို မေ့ပျောက်သင့်ပြီ ခွန်ဂျာ"

သူ ဆတ်ခနဲ ကြည့်လိုက်ချိန်မှာ ဦးလေးသည် စကားမှားသွားပြီ ဟု သိလိုက်ပြီ။

"ဘယ်လိုပြောလိုက်တာလဲ ဦးလေး၊ ကျွန်တော် သူ့ကိုမေ့ပစ်ရမယ် မဟုတ်လား"

သူ ခေါင်းခါယမ်းလိုက်၏။

"ကျွန်တော် မမေ့နိုင်ဘူး ဦးလေး၊ ကျွန်တော့်အတွက် သူ ဆုံးပါးခဲ့ရတာ၊ ကျွန်တော် ဘယ်လို မေ့နိုင်မှာလဲ၊ အို... ကျွန်တော် သေသည်အထိ သူ့ကို မေ့မှာ မဟုတ်ဘူး ဦးလေး၊ ဒီဘဝမှာ ကျွန်တော်ချစ်တာ သူတစ်ယောက်တည်းကိုပဲ၊ ဒါကြောင့် ကျေးဇူးပြုပြီး နောက်ထပ် ဦးလေး ကျွန်တော့်ကို ဘယ်လိုစကားမျိုးမှ မပြောပါနဲ့တော့"

စကားအဆုံး သူ ခေါင်းငိုက်စိုက် ကျသွား၏။ ဦးလေး သက်ပြင်းချကာ ခေါင်းခါယမ်းသည်။ ထို့နောက် တိုးညှင်းသော လေသံဖြင့် –

"သြော် ခွန်ဂျာ ကွန်ဂျာ မင်းရဲ့ အစွဲအလန်းကို ဖျောက်ဖျက်လို့ မရပါလား"

ဟု ညည်းပြီး အနားမှာ တိတ်တဆိတ် ထွက်သွားလေတော့၏။ တကယ်တော့ သခင်မကို ဒီဘဝသာမဟုတ် သံသရာ အဆက်ဆက် သူချစ်နေမည်သာ။

ထိုနေ့ နေ့လယ်ခင်းမှာ သူ့အတွက် ထူးခြားသော အ[illegible]



www.burmeseclassic.com

www.burmeseclassic.com



အပျက်ကို ရင်ဆိုင်ရလေသည်။

ညနေစာစားရန်အတွက် အာဂျူးက သူ့ကိုရှာရင်း ဆောင်းကေရီ ပန်းချီကားထားရာ အခန်းသို့ ရောက်လာ၏။ တိုက်ဆိုင်ချင်တော့ ထိုအချိန် သူကလည်း ဆောင်းကေရီ ပန်းချီကားကို ငေးမောကာ ကြည့်နေချိန်

"အစ်ကို"

"ခေါ်သံကြောင့် သူ မျက်နှာ ဖုတ်ခနဲ လှည့်ကြည့်လိုက်တော့ အာဂျူး၏ မျက်လုံးတွေက သူ့ထံမှာမရှိဘဲ ဆောင်းကေရီ ပန်းချီကားကြီးကို အံ့ဩငေးမောစွာ ကြည့်နေသည်။

"သူ... သူ"

ခေါ်သံကြောင့် သူ့မျက်နှာ ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ အာဂျူး၏မျက်လုံးတွေက သူ့ထံမှာ မရှိဘဲ ဆောင်းကေရီ ပန်းချီကားကြီးကို အံ့ဩငေးမောစွာ ကြည့်နေသည်။

"သူ... သူ"

ထို့နောက် အာဂျူးက လက်ညှိုးဖြင့်ထိုးကာ အံ့ဩစွာ ရွတ်ဆိုသည်။ အာဂျူး၏အဖြစ်ကို သူ အံ့ဩ နားမလည်ဖြစ်ကာ...

"ဘာဖြစ်တာလဲ အာဂျူး"

"သူ... သူ သခင်မ ချင်ဇီး"

"ဘာ... ဘာပြောတယ်"

"ဒါ ငါတို့သခင်မ ချင်ဇီပုံပဲ အစ်ကို၊ နင် ဘယ်ကရသလဲ"

သခင်မ ချင်ဇီတဲ့။





သူ အာဂျူးရှေ့ ဖျတ်ခနဲ ရောက်သွား၏။

"အာဂျူး...မင်း ဘာပြောတာလဲ၊ ဒီ...ဒီပုံထဲကဟာ မင်းတို့ သခင်မဟုတ်လား"

"ဟုတ်တယ် အစ်ကို၊ ငါတို့သခင်မပဲ၊ သူ့နာမည်က ချင်ဇီး"

"ဟင်... ဒါ ဒါဆို သူ အခုရှိလား အာဂျူး"

ထိုမေးခွန်းကို သူ အငမ်းမရ မေးမိ၏။ အာဂျူးခေါင်းညိတ်သည်။

"ရှိတယ် အစ်ကို၊ ငါတို့ကို အုပ်ချုပ်နေယာ သူပဲ၊ ဒါပေမဲ့ သူက ငါတို့နဲ့မနေဘူး၊ တောင်ပေါ်မှာ"

"ဟာ"

သူ့ရင်ထဲ ရုတ်တရက် ဝမ်းသာသွားရ၏။ ထို့နောက် စိတ်ကို မထိန်းနိုင်ခင် အာဂျူးပခုံးကို ဆုပ်ကိုင်ကာ-

"သူ တကယ်ပဲ ရှိတယ်နော် အာဂျူး၊ ဒါဆို သူနေတဲ့နေရာ မင်းသိလားဟင်"

ဝမ်းသာအားရ မေးလာသောသူ့ကို အာဂျူးက ဖြည်းညှင်းစွာ မော့ကြည့်၏။ သည်တော့မှ အာဂျူး မျက်ဝန်းထဲမှ အရိပ်တချို့ကို မြင်ကာ သူ မသိမသာ သက်ပြင်းချလိုက်သည်။

"သခင်မ နေရာကို အဘိုးသိတယ် အစ်ကို၊ ဒါနဲ့ အစ်ကိုက သခင်မပုံကို ဘယ်လိုရ"

အာဂျူး စကားမဆုံးခင် သူ သက်ပြင်းချလိုက်၏။ ထို့နောက် သူ့လက်များကို အာဂျူးပခုံးမှလွှတ်ကာ ပြတင်းပေါက်တွင် သွားရပ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"တကယ်တော့ ဒီပုံဟာ အစ်ကို့ချစ်သူပုံပါ အာဂျူး"

"ရှင်"

"ဟုတ်တယ် အာဂျူး၊ သူ့ကို ငါ အမြဲ တမ်းတကဲ့တယ်၊ တစ်နေ့ သူပြန်လာမယ်လို့လဲ ငါ ယုံကြည်ခဲ့တယ်"

ပြတင်းပေါက်တွင် ရပ်နေရာမှ သူဖျတ်ခနဲ အာဂျူးဘက် လှည့်လိုက်၏။

"ခုတော့ ငါ မျှော်လင့်တဲ့အတိုင်း သူပြန်လာပြီ အာဂျူး"

"ဪ"

ဒါကြောင့် အစ်ကိုတစ်ယောက် တစ်အိမ်တည်းရှိနေတဲ့ အာဂျူး အပေါ် ရိုးသားတည်ငြိမ်လွန်းနေတာကိုး၊ မှန်တာပြောရလျှင် ယောကျ်ား ပီသသော အစ်ကို့ကို မြင်စကပင် အာဂျူး စိတ်ဝင်စားခဲ့ရ၏။

ယခုတော့ သူ့ရင်ထဲမှာ တခြားမိန်းမက နေရာယူလျက်၊ ပြီးတော့ ထိုမိန်းမဟာ အာဂျူးတို့၏ အရှင်သခင်မ ဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် သူ၏ အချစ်ကိုရသော သခင်မ ချင်ဇီကိုပင် အာဂျူး တိတ်တဆိတ် မနာလို ဖြစ်ချင်တော့၏။

"ဒီမှာ အာဂျူး မင်းရဲ့ သခင်မရှိတဲ့နေရာကို ငါ့ကို လမ်းပြမယ် မဟုတ်လားဟင်"

အားတက်သရော မေးလာသော သူ့မျက်ဝန်းများကြောင့် အာဂျူးတစ်ယောက် မတွန်းလှန်နိုင်ဘဲ ခေါင်းညိတ်ပြရလေတော့၏။

* * *





သူ၏ တိုက်တွန်းလှုံ့ဆော်မှုဖြင့် နောက်တစ်နေ့မနက်မှာပင် အာဂျူးခေါ်၍ ခရီးထွက်ခဲ့ကြလေသည်။

"ကျွန်တော် ထင်တဲ့အတိုင်းပဲ၊ ဦးလေး ဆောင်းကေရီ ပြန်ရောက်လာပြီ"

အာဂျူးထံမှတစ်ဆင့် သိရသော သတင်းစကားကို ဦးလေးအား သူပြန်ပြောပြ၏။ ဦးလေးက မယုံနိုင်သလို အာဂျူးကို မေးသည်။

"ပန်းချီကားထဲက ပုံဟာ နင်တို့သခင်မဆိုတာ ဟုတ်လား အာဂျူး"

"ဟုတ်တယ် ဦးရီး၊ ငါတို့သခင်မ ချင်ဇီး"

"ဪ"

အာဂျူးကိုယ်တိုင် ပြောတာမို့ ဦးလေးဘာမှ ထပ်မမေးနိုင်တော့ပေ။ တကယ်ပဲ ဆောင်းကေရီ ပြန်လာသလားဟု ထင်မှတ်မိတဲ့အဖြစ်။

"ရပ်တူတာ ဖြစ်ပါလိမ့်မတ် ခွန်ဂျာ"

သခင်မသည် သူတို့ရှေ့တွင် သေဆုံးခဲ့ပြီမို့ ဦးလေးကတော့ သခင်မ ပြန်လာခြင်းဆိုတာကို လက်မခံချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဦးလေး ဟောဒီလောကကြီးမှာ သခင်မလို မိန်းကလေးမျိုး နောက်ထပ်တစ်ယောက် ပေါ်ပေါက်ဖို့ဆိုတာ ကျွန်ုပ်အတွက် မယုံနိုင်စရာပဲ"

"ဘာပဲဖြစ်ဖြစ် သူရှိရာကို ကျွန်တော်တို့ သွားကြည့်တာ အကောင်းဆုံးပဲ မဟုတ်လား"

ခွန်ဂျာကတော့ စိတ်အားထက်သန်လှ၏။ ခွန်ဂျာကို တစ်ယောက်တည်း မလွှတ်လိုသော ဦးလေးက လိုက်ခဲ့ရသည်။

"နင် လမ်းတွေကို မှတ်မိလား အာဂျူး"

သူမက ညင်သာစွာ ခါပြသည်။

"ဟင့်အင်း... ငါ ချောက်ထဲကျတာ လမ်းမှားလို့ပဲ အစ်ကို"

"ဟာ... သေချာစဉ်းစားပါဦး၊ နင့်ကို ငါ လမ်းတွေပြမယ်"

တောထဲရောက်တော့ လမ်းစရှာကြသည်။ အာဂျူးက လမ်းမသိခြင်းကို ခွန်ဂျာ စိတ်ပျက်ကကင်နေတဲ့တောင်ကို ရောက်အောင်သွားမယ်"

ခွန်ဂျာ၏ ပြတ်သားသော အပြောကို ဦးလေးနှင့် အာဂျူးဘာမှ မပြောနိုင်။ ခွန်ဂျာ ဦးဆောင်သော လမ်းအတိုင်း သူတို့ခရီးဆက်ခဲ့ကြသည်။

တောတောင်များကို ဖြတ်ကာ တောင်တန်းများကို ကျော်လာပြီးချိန်မှာ မြင်းခွာသံများ ကြားရတာကြောင့် သူတို့ စောင့်ကြည့်လိုက်တော့။





"အာဂျူး"

မြင်းသမား သုံးလေးယောက်မှ ထိပ်ဆုံးကလူသည် အာဂျူးကို တွေ့တာနှင့် ဝမ်းသာအားရ ခေါ်လေ၏။

ထိုလူကို မြင်တာနှင့် အာဂျူးကတော့ မျက်နှာပျက်ရလေသည်။

"ဩော်... ရှင်ကိုး"

"ဟုတ်ပါတယ် အာဂျူးရယ် ငါ့မှာ နင်ပျောက်လို့ ဘယ်လောက် စိတ်ပျက်ရတယ်မှတ်လဲ၊ သူတို့က ဘယ်သူတွေလဲ နင့်ကို ဖမ်းသွားတာလား"

ငွေရောင်ဝတ်စုံနှင့် ဆံပင်ကို သျှောင်ထုံးထားသောသူက သူတို့ကို ကြည့်ကာ မေးသည်။

"အို မဟုတ်ဘူး၊ သူတို့က ငါ့ အသက်ကို ကယ်တာ ခင်ညို"

အာဂျူးက အမြန်ရှင်းပြ၏။ သည်တော့မှ ထိုလူ့အမည် ခင်ညိုဟု သိလိုက်ရ၏။

"သူတို့က ဘယ်သူတွေလဲ အာဂျူး"

တိတ်ဆိတ်နေသော ခွန်ဂျာက ခင်ညိုတို့အဖွဲ့ကို ကြည့်ကာ မေးသည်။ အာဂျူးမဖြေခင်

"ငါတို့လား၊ ငါက အာဂျူးယောကျ်ား ခင်ညိုတဲ့"

"ဟင်"

ခင်ညိုစကားကြောင့် အားလုံး အံ့အားသင့်စဉ် အာဂျူးသည်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးနီလျက်–

"အို...မဟုတ်ဘူး၊ ခင်ညို...နင်...နင်ဘာတွေ လျှောက်ပြော နေတာလဲ"

"ဟာ... ငါအမှန်အတိုင်းပြောတာပဲ၊ နင်နဲ့ငါ့ကို လူကြီးတွေက လက်ထပ်ပေးဖို့ ပြောထားပြီးသား မဟုတ်လား၊ ခုလို နင်ပြန်လာတာ တွေ့ရင် နင့်အဘိုး သိပ်ဝမ်းသာမှာ ကဲ ညေ့သည်တို့ အာဂျူးကို လိုက်ပို့တာဆိုရင်လဲ ဒီက ပြန်ပါ၊ ကျုပ်ကပဲ အာဂျူးကို စောင့်ရှောက် ခေါ်သွားပါ့မယ်"

ခင်ညိုဆိုသော လူသည် လူမှုရေးနားမလည်၊ ခွန်ဂျာကို မကြိုက်နှစ်သက်ဟန်ဖြင့် ကြည့်လျက် နှင်ထုတ်လေတော့၏။

ထို့ကြောင့် သူတို့ တူအရီးဘှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။ အာဂျူး၏ မျက်နှာ နီရဲလျက်

"နင် ရိုင်းလှချည်လား ခင်ညို၊ သူတို့ကို ဘာကြောင့် နှင်ထုတ်ရတာလဲ၊ ငါ နင်နဲ့ မလိုက်ဘူး၊ အစ်ကိုတို့နဲ့ပဲ သွားမယ်"

သည်တစ်ခါ မျက်နှာမျက်သူက ခင်ညို။ ခွန်ဂျာမှာ မခံနိုင်သာ တော့ပေ။

"ဒီမှာ ကိုခင်ညို၊ ကျုပ်တို့က အာဂျူးကို လိုက်ပို့တယ်ဆိုပေမဲ့ ကျုပ်တို့ကိုယ်တိုင် ဒီအရပ်ကို ကိစ္စရှိလို့ ခရီးထွက်လာတာပါ၊ ဒီတော့ ကျုပ်တို့ ပြန်စရာ မလိုပါဘူးလေ"

"သြော်...မင်းတို့က ဒီကိစ္စနဲ့ ဒီကို ခရီးထွက်လာတာပါ၊





ဟုတ်လား၊ ဘာလဲ အာဂျူးအဘိုးဆီသွားပြီး ကျေးဇူးလက်ခံချင်လို့ လား"

ခင်ညို၏ အမေးကြောင့် ခွန်ဂျာပြုံး၍ ခေါင်းခါယမ်းသည်။

"ခင်ဗျား မှားနေပြီ၊ ကျုပ်တို့မှာ ဒီထက်မက လေးနက်တဲ့ ကိစ္စတွေရှိတယ်၊ ကဲ... အာဂျူးကို ခင်ဗျားခေါ်သွားမယ်ဆိုလဲခေါ်သွား၊ ကျုပ်တို့လဲ ခရီးဆက်မယ်"

"အို...ငါနင်တို့နဲ့ပဲ လိုက်မယ်အစ်ကို၊ နင်တို့သွားမယ့်ခရီးက ငါတို့ရွာကို ဖြတ်ကျော်သွားရမှာ၊ ခင်ညို နင်တို့သွားတော့"

အာဂျူးအမိန့်ပေးတော့ ခင်ညိုသည် သူ့လူများကို လက်ပြလျက် မကျေမနပ်ဖြင့် မြင်းကိုဒုန်းစိုင်း ထွက်သွားလေတော့၏။

ခွန်ဂျာက ခင်ညိုတို့အဖွဲ့ကို လှမ်းကြည့်ပြီး

"ဘာကြောင့် သူတို့နဲ့ မလိုက်သွားတာလဲအာဂျူး"

"ဟင့်အင်း... ငါမလိုက်ချင်ဘူး အင်ကို"

"ဒါပေမဲ့ သူနဲ့မင်းက လူကြီးတွေ သဘောတူထားတယ်ဆို"

"ဟုတ်တယ်၊ ဒါပေမဲ့ ငါ သူ့ကို မကြိုက်ဘူး၊ လာ အစ်ကို ငါတို့ ခရီးဆက်စို့"

အာဂျူး မျက်လုံးထဲက အရိပ်အယောင်တို့ကို ခွန်ဂျာလည်း သိမှာပါ။ ခုတော့ ခရီးလကို အာဂျူးကပဲ ဦးဆောင်လေပြီ။

တကယ်တော့ အာဂျူးတို့ရွာသည် တောတောင်အထပ်ထပ်ကို ဖြတ်ကျော်ရသည်။ သူတို့အတွက် တစ်ခါမှ မရောက်ဖူးသော ခရီး



www.burmeseclassic.com

www.burmeseclassic.com



စဉ်ပါ။

နှစ်ညနှင့်သုံးရက် သွားရသော ခရီးစဉ်ဖြစ်၏။ လမ်းမှာ ရပ်နားတိုင်း ခွန်ဂျာက ရိက္ခာရှာ၍ အာဂျူးက ချက်ပြုတ်ပေးသည်။

ဦးလေးက နေရာဒေသကို လိုက်လံအကဲခတ်၏။

တစ်နေ့ ဦးလေးနှင့်အတူ ခွန်ဂျာလည်း ရိက္ခာအတွက် အမဲရှာစဉ်–

"ဂျစ်"

"ခွန်ဂျာ အမြန်ရှောင်"

ဦးလေး သတိပေး မြန်၍သာ မြှားချက်မှ သူကင်းလွတ်တော့၏။ မြှားတွင် စာပါလာကာ...

"ကိုယ့်နေရာ ကိုယ်ပြန်ပါ"

'ခင်ညို'ဟု တိလင်းစွာ လက်မှတ်ရေးထိုး ထားလေ၏။ ဦးလေးက စာကိုဖတ်ပြီး ခေါင်းခါယမ်းသည်။

"အင်း... သူတို့ကတော့ အာဂျူးနဲ့ပတ်သက်ပြီး မင်းကို ကောင်းကောင်းအထင်လွဲနေပြီ၊ ဘယ်လိုလုပ်မလဲ ခွန်ဂျာ"

"ဘာလုပ်ရမှာလဲဦးလေး၊ ကျွန်တော်ကတော့ ဆောင်းကေရီကို တွေ့ဖို့ ခရီးဆက်ရမှာပဲ"

"အင်း... မင်းကလဲ ခေါင်းမာ၊ ခင်ညိုကလဲ တစ်ဇွတ်ထိုးသမား၊ ပွဲကောင်းတော့ တွေ့ပြီထင်တယ်"

"သူ ကျွန်တော့်ကို ဒီလိုလုပ်ကြတာ ယောကျ်ားမပီသဘူး၊





ပြီးတော့ ကျွန်တော်နဲ့ အာဂျူးကလဲ ဘာမှပတ်သက်တာ မဟုတ်ဘူး ဦးလေး"

"အေး... မင်းကသာ မပတ်သက်တာခွန်ဂျာ၊ အာဂျူးက မင်းကို တွယ်တာနေပြီဆိုတာ ခင်ညိုရိပ်မိတယ်ကွ"

သည်တော့ ခွန်ဂျာ သက်ပြင်းချပြီး ခေါင်းခါယမ်း၏။

"ခက်တာပဲ၊ ကျွန်တော့်စိတ်ထဲ နှလုံးသားထဲမှာ ဆောင်းကေရီ တစ်ယောက်ပဲရှိတယ်၊ ဒီတစ်ခါ ခင်ညိုနဲ့ မျက်နှာချင်းဆိုင်ပြီး ကျွန်တော် ဒီအကြောင်း ပြောပြမယ်"

"အေး... မင်းနဲ့ ဟိုက မျက်နှာချင်းဦးမှကိုး၊ ကဲ... ကဲ စခန်းမှာ အာဂျူးတစ်ယောက်တည်း ပြန်စို့"

ထိုနေ့အဖို့ တုန်တစ်ကောင်ပဲရကာ ပြန်လာခဲ့ကြသည်။ အာဂျူးက စားကောင်းသော အသီးအရွက်များကို တောထဲမှာ ရှာခူးပြီး ဆေးမြစ်တစ်မျိုးနှင့် ပြုတ်၏။

"ဦးလေးနဲ့အစ်ကို မျက်နှာမကောင်းပါလား"

အကင်းပါးသော အာဂျူးက စခန်းရောက်တာနှင့် မေး၏။

"ဒီနေ့တော့ ယုန်ပဲရလာတယ် အာဂျူးရေ"

ဦးလေးက ယုန်သေကို ပစ်ပေးပြီး အာဂျူးအမေးကို မသိချင်ယောင်ဆောင်၍ ပြော၏။

"ကောင်းတာပေါ့ ဦးရီး၊ ယုန်သားကင်နဲ့ ဆေးပေါင်းပေါ့၊ ဝါ အားရှိစေတဲ့ ဆေးမြစ်တစ်မျိုးနဲ့ အသီးအရွက်တွေ ပြုတ်ထားတယ်



www.burmeseclassic.com

www.burmeseclassic.com



ဦးလေး"

"အေး... ဒါဆို နင့်အစ်ကို တိုက်လိုက်"

"ဟင်... အစ်ကိုက ဘာဖြစ်လို့လဲ"

အာဂျူးက ခွန်ဂျာကိုကြည့်ပြီး ပျာပျာသလဲ မေးသည်။

"ငါ ဘာမှမဖြစ်ပါဘူး အာဂျူး၊ နင့် ဟင်းရွက်ပေါင်းက အနံ့မွှေးနေတာပဲ ဗိုလ်တောင်ဆာလာပြီ"

"ဟုတ်လား၊ ဒါဆို ယုန်သားအမြန် ကင်လိုက်မယ်"

ခွန်ဂျာ ဗိုက်ဆာပြီဆိုတာနှင့်အာဂျူးက ပျာပျာသလဲ ယုန်ကို ကိုင်တွယ်ပြီး မီးဖိုတက်မှာ ကင်လေ၏။ မကြာခင် မွှေးပျံ့သော ယုန်သားကင်နှင့် ဟင်းရွက်ပေါင်းတို့ကို မြိန်ရှက်စွာ ဝိုင်းဖွဲ့ စားကြလေတော့သည်။

* * *





ညတိတ်ဆိတ်နေချိန် အားလုံးနှစ်ခြိုက်စွာ အိပ်ပျော်နေကြသည်။ ထိုအချိန် လအမှောင်ကျမှုကို အားပြုလျက် အရိပ်တစ်ခု လှုပ်ရှားနေ၏။

ထိုအရိပ်က အာဂျူးတစ်ယောက်တည်း အိပ်နေသော ရွက်ဖျင်တဲဆီသို့ ကပ်ကာ အထဲသို့ လှစ်ခနဲဝင်သည်။

"ဝူး... ဝူး"

အာဂျူးမှာ နှစ်ခြိုက်စွာ အိပ်နေရာမှ တစ်စုံတစ်ယောက်က ပါးစပ်ကို လက်ဖြင့်ပိတ်၍ ပွေ့ချီခေါ်ခံရတာကြောင့် အတင်းရုန်းကန်မိ၏။

သို့သော် ယောကျ်ားအားနှင့် မိန်းမအားမို့ အာဂျူးမှာ ထိုလူ လက်ထဲပါလာစဉ်—

"ဟိတ်"

"ခွပ်"

"အင့်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ရေးနိုးလာသော ခွန်ဂျာက အာဂျူးဟဲဘက်မှ လှုပ်ရှားသံကြောင့် စောင့်ကြည့်စဉ် တဲထဲမှ ထွက်လာသော လူရိပ်ကို ဆီးကြိုတိုက်ခိုက်လိုက်တော့သည်။

အရိပ်ကလည်း အာဂျူးကိုပစ်ချကာ ခွန်ဂျာကို ပြန်၍ တိုက်ခိုက်၏။ သူတစ်ပြန် ကိုယ်တစ်ပြန်။ ပစ်ချခံရသော အာဂျူးက လူးလဲထပြီး အရိပ်ကို ဖျော့တော့စွာ သာနေသည့် လရောင်အောက်မှ စူးစိုက်အကြည့်–

"ဟင်...ခင်ညို"

အာဂျူးမှတ်မိသွားတာနှင့် ထိုအရိပ်သည် လှစ်ခနဲနေအောင် ပြေးထွက်သွားတော့၏။ ခင်ညိုမှန်းသိတာနှင့် ခွန်ဂျာ ဆက်မတိုက်တော့ပေ။ အာဂျူးနားသွားကာ–

"ဘာဖြစ်သွားသေးလဲ အာဂျူး"

"ဟင့်အင်း ကံကောင်းလို့ အစ်ကိုကယ်ပေလို့၊ နင် ငါ့ကို ကယ်တာ နှစ်ခါရှိပြီ နင့်ကို ဘယ်လို ကျေးဇူးဆပ်ရမှန်း မသိ"

ရိုးသားစွာ အာဂျူး၏အပြောကို သူ ခေါင်းခါ ယမ်းလိုက်သည်။

"မလိုပါဘူး အာဂျူး၊ မင်းဘာမှမဖြစ်ဘူးဆိုရင် ငါ ဝမ်းသာပါတယ်"

ဖျော့တော့သော လရောင်အောက်ပေမယ့် အာဂျူး၏သူ့ကို ကြည့်သည့် မျက်လုံးတွေက တောက်ပနေသလို။

"ငါ... ခါးနာသွားလို့ ငါ့ကို တဲထဲ လိုက်ပို့ပေးပါလား"





"ဟင်"

အာဂျူး၏ မမျှော်လင့်သော တောင်းဆိုမှုကြောင့် သူတစ်ခဏမျှ စဉ်းစားလိုက်ပြီး ခေါင်းညိတ်သည်။

"အင်း... ပို့ရတာပေါ့"

သူပြောပြီး အာဂျူးကိုယ်လေးကို လှစ်ခနဲနေအောင်မကာ တဲထဲခေါ်ဆောင်လာ၏။ ကျယ်ပြန့်သော သူ့ရင်ခွင်ထဲမှာ အာဂျူး တစ်ယောက် ရင်တွေ ခုန်နေသည်။

အိပ်ရာထဲရောက်

"အစ်ကို"

"ဟင်...အာဂျူး ဒါ ဒါ ဘာလုပ်တာလဲ ဖယ်စမ်း"

ရုတ်တရက် အာဂျူးက သူ့လည်ပင်းကို ဆွဲဖက်ယူလိုက်တာကြောင့် ခွန်ဂျာ မျက်နှာနီသွားသည်။

"နင်က ငါ့ကျေးဇူးရှင်ပါ၊ နင့်ကို ငါ ကျေးဇူးဆပ်ပါရစေ"

"ဘာ...ဒီနည်းနဲ့ ငါ့ကို ကျေးဇူးဆပ်စရာမလိုဘူး အာဂျူး၊ ဖယ် ငါ အခွင့်အရေးသမားမဟုတ်ဘူး"

ပြောရင်း သူဒေါသဖြစ်စွာ အာဂျူးလက်ကို ဆောင့်ဆွဲဖြုတ်ပြီး အပြင်ထွက်ခဲ့၏။ အပြင်ရောက်တော့ ပြန်မအိပ်နိုင်သေးဘဲ သစ်ငုတ်တိုကြီးပေါ်တွင်ထိုင်ကာ တစ်ယောက်တည်း ဘယ်သူ့ကို ဒေါသဖြစ်ရမှန်း မသိ။

တကယ်ဆို အာဂျူးလို လှပတဲ့ မိန်းကလေးတစ်ယောက်၏ အထိအတွေ့မှ လွတ်မြောက်အောင် သူ မနည်းစိတ်ထိန်းကာ ရုန်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာရတာပါ။

မှန်တာပြောရလျှင် သူလည်း ယောကျ်ားတစ်ယောက် သွေးသားနှင့် တည်ဆောက်တာမို့ နုညံ့သော အာဂျူး၏ အထိအတွေ့မှာ တစ်ခဏ သာယာမိမယောင်။

ဒါပေမဲ့လေ ...

သူ့နှလုံးသားထဲမှာ ဆောင်းကေရီကလွဲလို့ ဘယ်သူမှ အစားမထိုးနိုင်၊ အတူးသဖြင့် ခင်ညိုနှင့် အာဂျူး လက်ထပ်တော့မည်ကို သိသော သူက ယောကျ်ားကောင်းပီသအောင် ကြိုးစားခြင်းပါ။

အစဉ်...

"အစ်ကို"

အာဂျူးက သူ့နောက်မှာ ဘယ်အချိန်က ရောက်နေမှန်းမသ၊ တိုးတိတ်ညင်သာစွာ ခေါ်လေ၏။

သူ ပင့်သက်ရှိုက်ကာ အာဂျူးကို လှည့်ကြည့်သည်။

"မင်း ဘာလာလုပ်ပြန်တာလဲ အာဂျူး"

သူ့အပြောကြောင့် အာဂျူးမျက်နှာလေး ညှိုးလျက် ခေါင်းငိုက်စိုက်ကျသွား၏။

"ငါ့ကို ခွင့်လွှတ်ပါ၊ ငါ နင့်ကို ကျေးဇူးဆပ်ကျင်လို့ပါ"

"ကဲ...ဒါတွေ ပြောမနေနဲ့တော့ အာဂျူး၊ စောစောကတို့ဘာမှ မဖြစ်ခဲ့ဘူးလို့ သဘောထားလိုက်၊ ကဲ... နင် သွားအိပ်တော့၊ ငါလဲ သွားအိပ်တော့မယ်"

"ကောင်းပါပြီ အစ်ကို"





အာဂျူးထွက်သွားမှ သူ သက်ပြင်းချနိုင်တော့သည်။ တကယ်တော့ အာဂျူး၏ တွယ်တာမှုကို သူ မသိချင်ယောင် ဆောင်ခဲ့တာပါ။

သူတဲထဲ ပြန်ဝင်လာတော့ ဦးလေးက တရှူးရှူးဖြင့် နှစ်ခြိုက်စွာ အိပ်လျက်။ အင်း... စောစောက အဖြစ်အပျက်တွေ ဦးလေး မသိလို့ပဲ။

အိပ်ချင်စိတ် မရှိပေမဲ့ သူ အသာလှဲလိုက်၏။ သူ စိတ်ထဲ ရောက်နေတာက ဆောင်းကေရီ။

သခင်မရယ်...

မင်းဆီအမြန်ဆုံး ရောက်ချင်ပါရဲ့။

သူမှေးခနဲ အိပ်ပျော်သွားစဉ်

"မောင်တော်"

"ဟင် သခင်မ"

အဖြူရောင်ဝတ်စုံနှင့် သခင်မက သူ့ကို ပြုံးကြည့်လို့။ သူ ဝုန်းခနဲ ထလိုက်၏။

"သခင်မ ကျွန်ုပ်ဆီ ဘယ်လိုရောက်လာတာလဲဟင်"

"ဒါ... မဆန်းပါဘူးလေ၊ ကျွန်ုပ်မျက်လုံးတွေက သင့်ရဲ့နောက်မှာ အမြဲရှိနေပါတယ်၊ အင်း...သင်ဟာကျွန်ုပ်အပေါ် သစ္စာရှိတဲ့ တကယ့်ယောကျ်ားကောင်း တစ်ယောက်ပဲ"

"သခင်မ ဘာကိုဆိုလိုတာပါလဲ"

"သင်... ကျွန်ုပ်အပေါ် ထားရှိတဲ့ သစ္စာတရားကိုပေါ့ မောင်တော်"



www.burmeseclassic.com

www.burmeseclassic.com



“စောစောက မောင်တော်တို့ အဖြစ်အပျက်အားလုံး ကျွန်ုပ် သိရှိခဲ့တယ် မောင်တော်”

“ဟင်...”

သူ အံ့သြသွား၏။ ဒါဆို စောစောက အာဂျူးနဲ့အဖြစ်အပျက်ကို သခင်မ ရည်ရွယ်ပြောတာပါလား။

“သင် အံ့သြနေသလား မောင်တော်”

“ဟုတ်တယ်၊ ကျွန်ုပ် သခင်မကို ဘာကြောင့် မတွေ့ရတာလဲ၊ ကျွန်ုပ်စိတ်ထဲ သခင်မကို ဘယ်လောက်တွေ့မြင်ချင်နေတယ်ဆိုတာ သိရဲ့လားဟင်”

သူ နာကြည်းသလိုမေးတော့ သခင်မ စိတ်မကောင်းသလို ပြုံး၏။

“သိပါတယ် ဒါကြောင့်လဲ ကျွန်ုပ်ရှိတဲ့အရပ်ကို သင့်အား လမ်းညွှန်၍ ခေါ်ခဲ့တာပေါ့၊ ကျွန်ုပ်ကလဲ သင့်ကို သတိရနေပါတယ် လေ”

“ဒီစကားဟာ တကယ်ဆိုရင်ဖြင့် ကျွန်ုပ် ဝမ်းသာရမှာပါ သခင်မ”

“ပြော် မောင်တော်ရယ်၊ ကျွန်ုပ်ပြောခဲ့တဲ့ မဟုတ်လား၊ ဘယ်ဘဝရောက်ပါစေ ကျွန်ုပ်သင့်ကို အမြဲသတိရမယ်ဆိုတာလေ”

“ကျွန်ုပ်မှားသွားပါတယ် သခင်မ”

သခင်မက ခေါင်းခါယမ်းသည်။ ထို့နောက် တိုးညှင်းသာယာ သောလေသံဖြင့်–





“ကျွန်ုပ် သင့်ကို အမြဲခွင့်လွှတ်လျက်ပါ မောင်တော်ရယ်”

ထို့နောက် သခင်မသည် သူ့မျက်စိထဲမှာ တဖြည်းဖြည်းမှုန်ဝါး ပျောက်ကွယ်သွားလေတော့၏။

“သခင်မ... သခင်မ”

“ခွန်ဂျာ ခွန်ဂျာ ထစမ်း၊ မိုးဒီလောက်လင်းနေပြီ၊ ဘာတွေ ယောင်နေတာလဲကွ”

“ဟင် ဦးလေး”

ဦးလေး ပခုံးလှုပ်နိုးမှ သူ့မျက်စိ ဖျတ်ခနဲ ပွင့်လာသည်။ တကယ်ပဲ ပတ်ဝန်းကျင်မှာ မိုးစင်စင်လင်းလျက်။

သူ ဝုန်းခနဲ အိပ်ရာမှ ခုန်ထလိုက်၏။

“အာဂျူးရော ဦးလေး”

“ရှိပါတယ်ကွ၊ မင်းဖို့ မနက်စာ အသင့်ပြင်ထားပါတယ်၊ အင်း...ကောင်မလေးကတော့ မင်းကို ဂရုစိုက်ရှာတယ်”

“ဟာ... ဦးလေး ဘာလဲ အရေးထဲ၊ ကဲ... ကဲ ကျွန်တော်တို့ မနက်စာ စားပြီးတာနဲ့ ခရီးဆက်မယ်”

သူပြောပြပြီး တဲပြင်ထွက် အနီးရှိ ရေအိုင်ငယ်မှာ ကိုယ်လက် သန့်စင်လိုက်၏

သူပြန်ရောက်တော့ ဦးလေးက ရွက်တဲများ သိမ်းဆည်းပြီးသလို အာဂျူးပြင်ပေးသော မနက်စာက အသင့်။

သို့သော် သူ့ကိုတော့ အာဂျူး ကောင်းကောင်းမကြည့်။ အင်းလေ ညကအဖြစ်အကြောင်း အာဂျူး အနေခက်မှာပေါ့ဟုဆို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချင်းစာ နားလည်ပေးလိုက်၏။

“ညက အိပ်ပျော်ရဲ့လား အာဂျူး”

သူက အရေးတယူမေးတော့ အာဂျူးဝမ်းသာသွားပုံ၊ ခေါင်းလေးညိတ်ကာ...

“ဟုတ်ကဲ့အစ်ကို အိပ်ပျော်ပါတယ်”

“အေး အေး ကောင်းတယ် အိပ်ရေးဝမှ ခရီးဆက်နိုင်မှာ“

သူတို့မနက်စာ စားပြီးတာနှင့် ခရီးဆက်ကြသည်။ သို့သော် သူတို့လမ်းတစ်ဝက်ရောက်တော့...

“ဝေါင်း”

“အား... အမယ်လေး ကယ်ပါဦးဗျ”

ဆူညံသံများ ပေါ်ထွက်လာတာကြောင့် သူ လျင်မြန်စွာ ရောက်ရှိသွား၏။

“ဟာ... ခင်ညို”

သူသည် ခင်ညိုအပေါ် ခုန်အုပ်တော့မည့် ကျားကြီးကို ဓားဖြင့် ဝင်ရောက်တိုက်ခိုက်သည်။

အားသန်လှသော သူနှင့် မာန်ဖီနေသော ကျား၊ နောက်ဆုံးမှာ ကျားကြီးသည် သူ့လက်ချက်ဖြင့် ဇီဝိန်ချုပ်သွားရလေ၏။

သည်တော့မှ အန္တရာယ်နှင့် တွေ့တာကြောင့် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသော ခင်ညိုတစ်ယောက် သူ့ဆီ ဖြည်းညှင်းစွာ တိုးကပ်လာလေ၏။

* * *





“ငါ့ကို ခွင့်လွှတ်ပါ”

တိုးလျသော ခင်ညို၏အသံက သနားစဖွယ် အပြင်ပုန်ရသွား သူတစ်ယောက်ကို သူ ဘာကြောင့် မခွင့်လွှတ်နိုင်ရမှာလဲ။

“ခွင့်လွှတ်ပါတယ် ခင်ညို၊ တကယ်တော့ ငါတို့ဟာ ဖိတ်ဆွေတွေပဲ”

သူ ပြုံး၍ပြောတော့ ခင်ညိုမျက်နှာ ရွှင်လန်းလာ၏။ သူ့ကို လေးနက်စွာကြည့်ကာ...

“အသင်ဟာ ယောကျ်ားကောင်းတစ်ယောက်ပဲ၊ ငါတို့ အသက်ကို ကယ်တဲ့အတွက် အသင့်ကို ဘာပြန်၍ ပေးဆပ်ရမည်နည်း”

“ဘာမှ ပေးဆပ်စရာမလိုပါဘူး ခင်ညို၊ ပြီးတော့ မင်းကို ငါကပြောရဦးမယ်၊ အာဂျူးကို ငါ ညီမတစ်ယောက်အဖြစ် သဘောထားတယ်၊ မင်းကိုလဲ ညီငယ်တစ်ယောက်လို သဘောထားတယ်၊ ဒီတော့ မင်းတို့နှစ်ယောက်ကြားမှာ အထင်လွဲမှုတွေ မဖြစ်စေချင်ဘူး”

ခင်ညိုက အာဂျူးကို လှမ်းကြည့်သည်။ အာဂျူးကလည်း အကြည့်မို့ မျက်လုံးချင်း ဆုံလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ခွင့်လွှတ်ပါ အာဂျူး"

ခင်ညိုတောင်းပန်တော့ အာဂျူးခေါင်းညိတ်သည်။

"ငါတို့က တစ်နယ်တည်းသားတွေပဲ ခွင့်လွှတ်ပါတယ် ခင်ညို"

"နင့်ဆီက ဒီလိုစကားကြားရာ ငါ ဝမ်းသာတယ် အာဂျူး၊ ဒီက မိတ်ဆွေတို့ကို ရွာခေါ်သွားပြီး ကောင်းကောင်း ပြုစုရအောင်"

"သိပ်ကောင်းတဲ့ အစီအစဉ်ပဲ ခင်ညို"

ထို့နောက် ခင်ညိုက သူ့တပည့်တွေဘက် လှည့်ကာ...

"ကဲ...တပည့်တို့ ဒီမိတ်ဆွေတို့ပစ္စည်းတွေ ကူသယ်ပြီး ခရီးဆက်စို့"

"ကောင်းပါပြီ သခင်"

"အင်း ခုမှ တကယ်ကောင်းသွားတဲ့ အခြေနေပဲ"

အားလုံးပြေလည်သွားတာမို့ ဦးလေးက ကျေနပ်စွာပြော၏။ ထို့နောက် အားလုံးစုပေါင်းမိကာ ညီညာစွာ ထွက်ကဲ့ကြတော့သည်၊ လမ်းတစ်လျှောက်မှာ ခင်ညိုက အာဂျူးအပါအဝင် သူတို့ကို အထူး ဂရုစိုက် စောင့်ရှောက်လေသည်။

နားသည့်နေရာတိုင်းမှာ သူတို့အတွက် စားစရာအသင့်၊ ရေအသင့်၊ အာဂျူးအတွက် ရှားပါးသော တောပန်းတွေကိုလည်း ခက်ခဲစွာ ခူး၍ လက်ဆောင်ပေးလေ၏။

မိန်းကလေးသဘာဝ ပန်းကိုမြင်လျှင် သဘောကျတတ်တာမို့ အာဂျူးမျက်နှာလည်း ပြုံးရွှင်နေတော့သည်။

"နင်က ဒီလိုတော့ အလိုက်သိတတ်သားပဲ ခင်ညို"





"ငါက အမြဲအလိုက်သိပါတယ် အာဂျူးရယ်၊ နင် အရင်က ငါ့ကို သတိမထားမိလို့ပါ"

ထိုအခါ အာဂျူးသည် ရွာမှာနေစဉ် ခင်ညို၏ သူမအပေါ် ဂရုစိုက်မှုများကို တဖြည်းဖြည်း မြင်ယောင်ကာ မျက်နှာလေး ပြုံးလာရလေ၏။

ခင်ညိုနှင့် အာဂျူးတို့ ပြုံးရွှင်စွာ ပြောနေတာကို တွေ့ရသော ခွန်ဂျာနှင့် ဦးလေးတို့က ဝမ်းသာကြလေသည်။

"သူတို့စုံတွဲက အတော်လိုက်ဖက်တာပဲ ခွန်ဂျာ"

"ဟုတ်တယ် ဦးလေး၊ တကယ်တော့ ခင်ညိုက အာဂျူးကို သိပ်ချစ်ပါတယ်၊ ခုလို ချစ်သူချင်း ပြေလည်သွားတာ ကျွန်တော် ဝမ်းသာတယ်"

"ဘဝမှာ မပြေလည်ခဲ့သော သူ့အချစ်ရေးကိုသိသော ဦးလေး က သက်ပြင်းချလေ၏။

"သူများအကျိုးဆောင်ရင် ကိုယ့်အကျိုးလဲ အောင်ပါလိမ့် မယ်ကွာ"

သူက ဘာမှမပြော တိုတ်ဆိတ်နေလိုက်သည်။ မျက်ဝန်းထဲမှာ တော့ ဆောင်းကေရီ၏ ပုံကိုသာ မြင်ယောင်လျက်။

ထို့နောက် သူတို့ ခရီးဆက်ခဲ့ကြရာ အာဂျူးတို့ရွာသို့ ညနေစောင်းတွင် ရောက်လေ၏။

"မြေး"

"အဘိုး"



www.burmeseclassic.com

www.burmeseclassic.com



အာဂျူးကိုတွေ့တော့ သူမအဘိုးက ဝမ်းသာအားရ ကြိုဆိုလေ၏။ ထို့နောက် အာဂျူးက သူတို့ဘာသာစကားဖြင့် အဖြစ်အပျက်တို့ကို ပြောပြလေသည်။

ခင်ညိုကလည်း ဝင်ပြော၏။ အဘိုးက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်သည်။ သူတို့ရှင်းပြလို့ ပြီးဆုံးတာနှင့် အဘိုးက ကျေးဇူးတင်သော မျက်ဝန်းများဖြင့် ခွန်ဂျာတို့ကို ကြည့်လာ၏။

"ကျုပ် မြေးအသက်ကို ကယ်တဲ့အတွက် သင်တို့ကို ကျေးဇူးတင်ပါတယ်"

ဦးလေးနှင့် သူ့ရှေ့လာကာ အဘိုးပြော၏။ ဦးလေးက ပြန်၍ အရိုအသေပြုသည်။

"ကျွန်တော်တို့ကလဲ အဘိုးနဲ့တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်က ကိုရုပ်ဆိုး၊ သူက ခွန်ဂျာပါ"

ခွန်ဂျာက အရိုအသေပြုလိုက်၏။ သည့်နောက် အဘိုးက သူတို့ကို ခမ်းနားကျယ်ဝန်းသော အိမ်ကြီးထဲ ခေါ်သွားသည်၊

"ဧည့်သည်များ အနားယူပါဦး"

သူနှင့်ဦးလေးအတွက် ဧည့်ခန်းဆောင်တွင် နေရာချပေးခဲ့သည်။ တစ်လမ်းလုံး ပင်ပန်းလာသော သူတို့က ရေချိုးပြီးတာနှင့် အိပ်ရာဝင်လေ၏။ မကြာခင်မှာပဲ သူ အိပ်ပျော်သွားလေ၏။

သူတို့ဘယ်လောက်ထိ အိပ်ပျော်သွားတယ်မသိ၊ တံခါးခေါက်သံကြောင့် နိုးလာသည်။ တံခါးဖွင့်ပေးလိုက်တော့...

"ဟင် အာဂျူး"





ရေချိုးသန့်စင်ပြီးသော အာဂျူးကို အဝတ်သစ်များဖြင့် လှပစွာ တွေ့လိုက်ရတာကြောင့် အံ့သြသွားရ၏။ အာဂျူးက သူ့ကို လှပစွာ ပြုံးပြသည်။

"အစ်ကိုတို့ အိပ်ပျော်သွားတယ် ထင်တယ်"

"အင်း... အာဂျူးကော"

"ခဏအိပ်လိုက်တယ်၊ အခု ရေချိုးပြီးတာနဲ့ အစ်ကိုတို့ ထမင်းစားဖို့ခေါ်တာ"

"ဪ..."

ထမင်းသံကြားမှ သူနှင့် ဦးလေးတို့ ဗိုက်ဆာလာတော့သည်။ ဦးလေးက ဝါးခနဲ အိပ်ရာမှထကာ...

"အတော်ပဲဟေ့ ဗိုက်ဆာနေတာနဲ့"

"ကဲ ဒါဆို သွားစို့ ဦးလေး"

"ကောင်းပါပြီဗျာ"

အာဂျူးနှင့်အတူ သူတို့လိုက်ခဲ့ကြသည်။ ထမင်းစား စားပွဲတွင် အဘိုးနှင့်အတူ ခင်ညိုပါ တွေ့ရ၏။ ခင်ညိုကိုယ်တိုင်လည်း အဝတ်သစ်နှင့် သူတို့ကိုမြင်တော့ ပြုံးရွှင်စွာ ကြိုသည်။

"နင်တို့ ခရီးပန်းသွားပြီ ထင်တယ်"

"အနည်းအကျဉ်းပါလေ၊ ကောင်းသောညချမ်းပါ အဘိုး"

"အေး... အေး"

ခွန်ဂျာ နှုတ်ဆက်တာကို အဘိုးက သဘောကျစွာ ခေါင်းညိတ်လေ၏။ သူတို့အတွက် ပြင်ထားသော ထမင်းပွဲမှာ ဟင်းမျိုးစုံနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းမစားခင် ခေါင်ရည်လို အရည်တစ်မျိုး သောက်ကြသည်။ သောက်ပြီးတာနှင့် တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားသလိုပင်။

"ကဲ ဧည့်သည်များ ထမင်းသုံးဆောင်ကြပါ၊ ဟင်းလျာတွေကို အတတ်နိုင်ဆုံး ကောင်းအောင်စီစဉ်ထားပါတယ်"

"ဟုတ်တယ် အစ်ကို၊ ငါကိုယ်တိုင် စီစဉ်ချက်ပြုတ်တာ"

အာဂျူးက ဝင်ပြော၏။ သည်တော့ အာဂျူး၏ လက်ရာက ကောင်းပြီးသားမို့ သူနှင့် ဦးလေးတို့ ထမင်းစား မြိန်ပှသည်။

"ခုလို ကျွန်တော်တို့ကို ကျွေးမွေးဧည့်ခံတာ ကျေးဇူးပါပဲ"

စားသောက်ပြီး သူ ကျေးဇူးတင်စကားပြောသည်၊ အဘိုးက ခေါင်းခါယမ်း၏။

"ဧည့်သည်ကို ပြုစုရမှာ ငါတို့တာဝန်ပဲကွယ်၊ နင်တို့ ငါ့မြေးကို ကယ်တာပဲ ငါ ကျေးဇူးတင်"

ရိုးသားသော အဘိုး၏အပြောကြောင့် သူတို့ပြုံးကြသည်။ ခင်ညိုကလည်း ဂရုတစိုက်၊ ဦးလေးမှာ ဇိမ်နဲ့အိပ် ဇိမ်နဲ့စားရသဖြင့် ပြန်ချင်ပုံမရ။

"တို့ ဒီမှာနေရင် မကောင်းဘူးလား ခွန်ဂျာ"

"ဟာ...ဦးလေးကလဲ၊ကျွန်တော်တို့လာတာ ဒီကိုမှ မဟုတ်ဘဲ"

သူတို့နှစ်ယောက် တိုးတိုးပြောတာကို အဘိုးက အကဲခတ်မိဟန်ဖြင့်...

"အာဂျူးက ပြောပါတယ်၊ ဧည့်သည်တွေဟာ သခင်မကို တွေ့ဖို့ လာခဲ့ကြတယ်လို့"





"ဟာ ဟုတ်ပါတယ်ခင်ဗျာ၊ ကျေးဇူးပြုပြီး သခင်မရှိရာ ကျွန်တော်တို့ကို လမ်းညွှန်ပေးပါ"

သူ သွက်လက်စွာ ပြောတော့ အဘိုးက ခေါင်းတညိတ်ညိတ် လုပ်သည်။

"သခင်မရှိတဲ့နေရာကို ကျုပ်ကိုယ်တိုင် လိုက်ပို့ပါမယ်လေ"

"အဘိုး တကယ်ပြောတာဆိုရင်ဖြင့် ကျွန်တော့်အတွက် အင်မတန်ကောင်းပါတယ် ခင်ဗျာ"

ဘေးမှာရပ်နေသော အာဂျူးကိုပင် မကြည့်နိုင်တော့၊ သူ တကယ် ဝမ်းသာစွာ ပြောလိုက်၏။

"ကျုပ်က ကတိတည်ပါတယ် မောင်ရင်၊ ဒါပေမဲ့ သခင်မဆီ မသွားခင် ခင်ညိုနဲ့ အာဂျူးတို့ကို အဘိုးကိုယ်တိုင် လက်ထပ်ပေးရမယ်"

သူ ဖျတ်ခနဲ အာဂျူးကိုကြည့်သည်။ အာဂျူးမျက်နှာလေး မသိမသာ နီရဲကာ ခေါင်းငုံ့သွား၏။

"ကျွန်တော်တို့ ဘာများ ကူညီရမလဲ အဘိုး"

"မလိုပါဘူးလေ၊ မောင်ရင်တို့အနေနဲ့ အာဂျူးတို့မင်္ဂလာပွဲကို အသိအမှတ်ပြုပေးရင် ရပါပြီ"

"စိတ်ချပါ ခင်ဗျာ"

လက်ထပ်ရမည်ဆိုတာကြောင့် ခင်ညိုမျက်နှာ ပြုံးနေ၏။ သူတို့ ဧည့်ဆောင်သို့ ပြန်လာတော့...

"အာဂျူးကတော့ လက်ထပ်ရမယ့် စကားလဲကြားရော မျက်နှာ ပျက်သွားတာပဲ ခွန်ဂျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ခင်ညိုနဲ့သူ လိုက်ပါတယ်၊ ကိုယ် မချစ်သေမဲ့ သူချစ်နေတာ ကောင်းပါတယ် ဦးလေး"

"အေး… မင်းလဲ အဲဒီအချစ်ကြောင့် ဒုက္ခရောက်နေတာ မဟုတ်လား"

"ကျွန်တော် သူ့ကိုချစ်လို့ ဒုက္ခရောက်မယ်ဆိုရင်လဲ ကျွန်တော် ကျေနပ်ပါတယ် ဦးလေးရယ်"

ခပ်ဝေးဝေးမှ တောင်မကြီးကို လှမ်းကြည့်ပြီး သူတစ်လုံးချင်း ပြောလိုက်လေတော့၏။

* * *



ခင်ညိုနှင့် အာဂျူးတို့၏ မင်္ဂလာဆောင်ကို အဘိုးက ဦးဆောင်၍ ကိုယ်တိုင် လက်ထပ်ပေးသည်။ အားလုံးပျော်ရွှင်စွာ ကခုန်ကြ၏။

မင်္ဂလာပွဲ ပြီးချိန်မှာ ညဥ့်နက်သွားသည်။ သူတို့အားလုံး ပျော်ရွှင်စွာ ပါဝင်ပြီးနောက် မောပန်းစွာ အိပ်ကြလေ၏။

"အင်း… သူများတွေတော့ အောင်မြင်စွာ မင်္ဂလာဆောင်ပြီးပြီ"

အိပ်ရာမဝင်ခင် ဦးလေးက ခပ်တိုးတိုးညည်းသည်။ သူက ဖျတ်ခနဲ ကြည့်ကာ…

"ဘာလဲ ဦးလေးက အားကျလို့လား"

"ငါ အားကျလို့ ပြောတာမဟုတ်ဘူး၊ မင်းအတွက်ပြောတာ ခွန်ဂျူး။ မင်းလဲ အသက်ကြီးပြီ အိမ်ထောင်နဲ့ အတည်တကျဖြစ်သင့်ပြီ မဟုတ်လား"

ဦးလေးက ဘာကိုဆိုလိုတယ်ဆိုတာ သူသိပါ၏။ ခင်ညိုနှင့် အာဂျူးတို့မင်္ဂလာဆောင်မယ်နေရာ၌ သူနှင့် ဆောင်းကေရီပုံကို မြင်ယောင်ကြည့်တော့ ရင်ထဲ လှိုက်ခနဲ ဖြစ်သွားသည်။

ကေရီရယ်

သိန်းမင်းဇာဗေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လဲ ဦးလေးဆန္ဒကို မကြာခင် ဖြည့်နိုင်မှာပါ"

"အင်း... မင်းတော့ ဘယ်လောက်ပြောပြော စိတ်ကူးလို့ ကောင်းတုန်းကို၊ မင်း အမြင်မှန်ရလာမယ့် နေ့ကိုပဲ ငါ စောင့်ရမှာပဲ ခွန်ဂျာ"

သည်တစ်ခါ သခင်မနဲ့တွေ့လျှင် အာယုပန်းပွင့်လည်း စားစရာမလို၊ နေရတဲ့ သက်တမ်းလေးအတွင်းမှာပဲ တစ်ခဏဖြစ်ဖြစ် အတူပေါင်းဆုံဖို့ပြောရန် သူ ဆုံးဖြတ်လိုက်၏။

နောက်နေ့ မနက်တွင် အဘိုးက ခရီးသွားဖို့ ပြောသည်။

"မင်္ဂလာမောင်နှံအသစ်ဖြစ်တဲ့ အာဂျူးတို့ လင်မယားကိုပါ ခေါ်ခဲ့ရမယ်၊ ဒီဒေသမှာ မင်္ဂလာဆောင်ပြီးတိုင်း သခင်မကို ဂါရဝ ပြုသွားကြရတယ်"

"ကောင်းတာပေါ့ အဘိုး၊ အာဂျူးတို့ပါတာ ကျွန်တော်တို့ အတွက် အဖော်ရပါတယ်"

"ကဲ... ဒါဆို မနက်ဖြန် အရုဏ်တက်ချိန်ပဲ ခရီးထွက်မယ်"

"ဟုတ်ကဲ့ အဘိုး"

သူတို့နှင့်အတူ လိုက်ပါရမည် ဆိုတာကြောင့် အာဂျူးတို့ လင်မယားကလည်း ပျော်နေ၏။ စားသောက်စရာ ရိက္ခာများထည့်ကာ ခရီးထွက်ဖို့ ပြင်ဆင်ကြသည်။

သည်တစ်ခါတော့ဖြင့် သခင်မဆီ သူတကယ် ရောက်လာတော့ မှာပါလားဟု ရင်ခုန်စိတ်ဖြင့် ဝမ်းသာမိရ၏။

"ဦးလေး"





"ဟော..."

"ကျွန်တော် ခုလို ရောက်လာတာသိရင် သခင်မ အံ့သြမှာ ပဲနော်"

"ဘာကြောင့် အံ့သြရမှာလဲ၊ ခုတောင် သူ သိနေလောက်ပြီ၊ မင်းရဲ့သခင်မက မှော်ဆရာမပဲ"

"ဟာ... ဦးလေးကလဲ"

"အလကားပြောတာပါကွာ၊ တို့တွေ တကယ်ပဲ သခင်မနဲ့ ပြန်ဆုံရင် ဝမ်းသာစရာပါ ခွန်ဂျာ"

"ဘာလဲ ဦးလေးက သခင်မ ပြန်မလာနိုင်ဘူး ထင်နေတာ မဟုတ်လား"

"မထင်ရဲပေါင်ကွာ"

ဘာပဲဖြစ်ဖြစ် သခင်မဟာ တန်ခိုးရှိတာပဲ။

ဦးလေးကတော့ သခင်မကို ဘယ်လိုမြင်တယ်မသိ၊ သူကတော့ တစ်သက်မှာ တစ်ခါချစ်ရသော ဆောင်းကေရီအဖြစ်သာ မြင်၏။

စိတ်တွေလှုပ်ရှားကာ ညဘက်ပင် ကောင်းကောင်းအိပ်မပျော်း ဟိုခပ်ဝေးဝေးမှ တောင်တန်းကြီးကို လှမ်းကြည့်တော့...

"ဟင်"

အဖြူရောင် အလင်းတန်းတစ်ခုကို ထင်ရှားစွာ တွေ့လိုက်ရ တာကြောင့် အံ့သြသွားရ၏။

သူလာမှာကို ကြိုသိနေလို့ သခင်မ နိမိတ်ပြတာလား၊ အတန်ကြာ သူကြည့်နေစဉ် အလင်းတန်းက တဖြည်းဖြည်း ပျောက်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်သွားလေ၏။ သည်တော့မှ သူ သက်ပြင်းချကာ အိပ်ရာထဲ ဝင်လိုက်မိ၏။

"မောင်တော်"

"ဟင်...ကေရီ"

အဖြူရောင်ဝတ်စုံနှင့် သခင်မသည် သူ့ဘေးမှာ ရပ်နေ၏။

"သင်က တကယ်ပဲ ကျွန်ုပ်ရှိရာကို လာတယ်နော်"

"ဒါဟာ ကျွန်ုပ်မေတ္တာစစ်ပဲ၊ သခင်မ ဝမ်းမသာဘူးလား"

သခင်မ ခေါင်းညိတ်သည်။

"ဝမ်းသာပါတယ်၊ ယောကျ်ားကောင်းတစ်ယောက်ရဲ့စွဲမြဲတဲ့ အချစ်ကို ရတာပဲ၊ ဒါကြောင့် ကျွန်ုပ် လာနှုတ်ဆက်တာ"

ရုတ်တရက် သခင်မဦးခေါင်း ငုံ့ကျလာကာသူ့နဖူးမှာ နွေးထွေးသော လေငွေ့တစ်ခုဖြစ်သွားသလိုလို။ သူလှမ်းက သခင်မကို ဖက် ါိုက်ပေမဲ့

"ဟာ"

သူ့လက်အစုံသည် လေဟာနယ်ထဲရောက်သွားတာကြောင့် မျက်လုံးများ ပွင့်သွားရတော့၏။

ကြည့်စမ်း သူ့ဘေးမှာ ဘယ်သူမှမရှိ၊ ဟင်း... စောစောက အိပ်မက် မက်တာပါလား။

အရုဏ်မှာပင် သူတို့အားလုံး ခရီးစတင်ထွက်ကြသည်၊ အဘိုး က ဝေါနှင့် ကျန်သူအားလုံး ခြေလျင်ခရီး လျှောက်ကြ၏။

"ငါတော့ သခင်မကို တစ်ခါမှ မမြင်ဖူးဘူး အာဂျူး၊





နင်ကော မြင်ဖူးလား"

ယုခုကျတော့လည်း ခင်ညိုနှင့် အာဂျူးက ချစ်ချစ်ခင်ခင်။

"အင်း ငါအဘိုးနဲ့ လိုက်သွားတုန်းက တစ်ခါ မြင်ဖူးတယ်။ သခင်မ သိပ်လှတယ် ခင်ညို"

ထိုစကားကြောင့် ခင်ညိုက သူ့[illegible]ဆတ်ခနဲ လှမ်းကြည့်၏။

"ဟိုညသည်က ဒါကြောင့် တွေ့ချင်တာလား"

"ငါမသိ"

"ဘာပဲဖြစ်ဖြစ် ငါ့မျက်စိထဲမှာ နင်အလှဆုံးပဲ အာဂျူး"

"အေး ဒါဆိုရင် ဟိုတစ်ပင်ထိပ်ဖျားက ပန်းသွားခူးပေး"

မြင့်မားသော သစ်ပင်ထိပ်တွင် ကပ်ပေါက်နေသော လှပသည့် သစ်ခွကို လက်ညှိုးထိုးပြ၍ အာဂျူးပြော၏။

"တကယ်လား၊ နင်လိုချင်ရင် ငါခူးပေးမှာပေါ့"

"အလကား နင့်ကို စောင့်နေရလို့ အဘိုးတို့ကို မမိဘဲ ဖြစ်မယ် လာ"

တကယ်တော့ အာဂျူး၏စိတ်က ခင်ညိုအပေါ် စိုးရိမ်ခြင်း မဟုတ်လား။

ထို့ကြောင့် သူနှင့် ဦးလေးက မသိမသာ ကျိတ်ပြုံးမိလေ၏။

နေ့လယ်စာ စားချိန်မှာ နားကြသည်။ ခင်ညိုနှင့် အာဂျူးက သူတို့အတွက် သွက်လက်စွာ လုပ်ကိုင်ပေး၏။

သည်တစ်ခါ ပါလာသော ရိက္ခာတွေက စုံလင်တာမို့ အဆင် ပြေ၏။ ရိက္ခာများကို ခင်ညို၏ တပည့်တွေက သယ်လာခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"ညောင်သည်ကြီးတို့ကို လမ်းမှာကျွေးရတော့ ဖြစ်သလိုပဲ ကျွေးရတယ်၊ စိတ်မကောင်းဘူး"

"မဟုတ်တာ ခင်ညိုရယ်၊ အမှန်ဆို တို့အတွက်က လိုတာထက် ပြည့်စုံပါတယ်၊ မင်းတို့ကြောင့် တို့ အဆင်ပြေရတာ၊ မင်းတို့ကို ကျေးဇူးတင်ပါတယ်"

သူပြောတော့ ခင်ညိုကပြုံး၍ ခေါင်းညိတ်၏။ အဘိုးက သက်သတ်လွတ်စားသည်။

"အမှန်တော့ ကျုပ်တို့ဒေသကို ညောင်သည်လှူစိမ်းတွေ ရောက်ခဲ့တယ်၊ ရောက်ခဲ့ရင်လဲ သခင်မဆီ ဘယ်တော့မှ လိုက်မပို့ဘူး၊ သူတို့ကလဲ မတောင်းဆိုဘူး၊ ညောင်သည်ကြီးတို့ကိုပဲ လိုက်လို့တာ"

စားသောက်ပြီးချိန်မှာ အဘိုးက ရှင်းပြ၏။

"ကျွန်တော်တို့ကတော့ အစကတည်းက သခင်မနဲ့ တွေ့ဖို့ လာကာပါ"

"အင်း... အမှန်ပြောရရင် ကျုပ်လဲ ကြိုတင်အမိန့်ရထားပါတယ်၊ ဒီရက်ပိုင်း ရောက်လာမယ့် လူစိမ်းတွေကို သခင်မက သူ့ဆီ ပို့ပေးရမယ်လို့ ပြောပါတယ်"

"သြော်..."

ဦးလေးနှင့်သူတို့ တစ်ယောက်မျက်နှာတစ်ယောက် အဓိပ္ပာယ်ဖြင့် ကြည့်လိုက်၏။ သူတို့လာမှာကို ကြိုသိနေတယ်ဆိုလျှင် ဒါ သခင်မ အစစ်ပဲ။

အနားယူပြီးတာနှင့် သူတို့ခရီးဆက်လေ၏။ မှန်တာပြောရ





လျှင် ဒီခရီးလမ်းကို အဘိုးပါ၍သာ သူတို့ ချောမောစွာ သွားတတ်တာပါ။

ကြမ်းတမ်းသော ခရီးလမ်းများ ပြီးတော့ သာယာသော ခရီးလမ်းများကို ဖြတ်သည်။

ညဘက်ရောက်တော့ တစ်ထောက်နားကြ၏။ အာဂျူးတို့ လင်မယားက ပစ္စည်းတွေ သိမ်းဆည်း၏။

"ဦးလေး"

"ခွန်ဂျာ"

"သခင်မက ကျွန်တော်တို့လာမှာကို ကြိုသိနေတယ်တဲ့၊ ဒါ... ဒါ ဆောင်းကောရီ အစစ်ပေါ့နော် ဦးလေး"

"အင်း... အဖြစ်ကတော့ ခပ်ဆန်းဆန်းပဲ၊ ဒါပေမဲ့ သခင်မကို တွေ့ရမှသ ဆောင်းကောရီလားဆိုတာ သိနိုင်မယ် ခွန်ဂျာ"

"အိုဗျာ အရင်တုန်းကလဲ သခင်မ ကျွန်တော်တို့လာမှာကို သိနေတာပဲ မဟုတ်လား ဦးလေးရဲ့"

"ဒါပေမဲ့ နှစ်တွေက ကြာခဲ့ပြီ မဟုတ်လား ခွန်ဂျာ"

သူ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော့်အတွက်ကတော့ အဖြစ်အပျက်အားလုံးက ပနေ့တစ်နေ့ကလိုပါပဲ ဦးလေး၊ ဒီနေရာမှာ ကျွန်တော် သစ္စာပြုမယ်၊ သခင်မ အစစ်မှန်ရင် ကျွန်တော်တို့ကို နိမိတ်ပြပါ"

လှမ်းမြင်နေသော တောင်တန်းကြီးကိုကြည့်ကာ သူ စိတ်အား ထက်သန်စွာ ရွတ်ဆိုလိုက်၏။ ဦးလေးကတော့ သူ့ကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါယမ်းသည်။

ထိုစဉ်

"ဟာ... ဦးလေး ဟို ဟိုမှာ ကြည့်ပါဦးဗျ"

"ဟင်..."

အဖြူရောင် အလင်းတန်းစုသည် တောင်ထိပ်ပေါ်မှ သူတို့ကို အချက်ပြ နိမိတ်ပေးနေပါလား။

"ဘယ်လိုလဲ ဦးလေး"

"အင်း... တကယ်ပဲ သခင်မ ပြန်လာပြီ ထင်ပါရဲ့လေ"

ဦးလေး၏ တိုးတိတ်သော မျက်ချက်ချသံကြောင့် သူ ပြုံးလိုက်လေသည်။ ယခုတော့ ဦးလေး မငြင်းနိုင်တဲ့ အဖြစ်လေ။

* * *



"သခင်မကို ကျွန်တော်မျိုးတို့က လာရောက် ဂါရဝ ပြုပါတယ်"

သခင်မနေသော တောင်သို့ရောက်သောအခါ အပေါက်ဝမှာပင် အဘိုးအပါအဝင် အားလုံး ဒူးထောက်ကာ အရိုအသေပြုလေ၏။ သူနှင့် ဦးလေးကတော့ ဒူးမထောက်မိပေ။ အဘိုးက ဒူးထောက်ရန် အရိပ်ပြပေမဲ့ မသိချင်ယောင် ဆောင်နေသည်။

မကြာခင်ဂူတံခါးချပ်ကြီး ပွင့်လာ၏။ အဘိုးနှင့် အာဂျူးတို့ အဖွဲ့က လေးဖက်ထောက် ဝင်သွားကြပေမဲ့ သူနှင့် ဦးလေးက မလုပ်။

အဖြူရောင် ခန်းမကျယ်ကြီးရှေ့ရောက်တော့ အားလုံး ငြိမ်သက်သွား၏။ ဂူထဲတွင် အဖြူရောင် အခိုးအငွေ့တို့လွှမ်းနေသယောင်။ ထိုစဉ်မှာပင် ကျောက်တံခါး တဖြည်းဖြည်း ပွင့်လာလျက် အဖြူရောင် မီးခိုးလုံးတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အမြင်မှာ မီးခိုးလုံးတစ်ခုဟု ထင်ရပေမဲ့ တကယ်တမ်းမှာ ခေါင်းမှအစ အဖြူရောင်ပဝါ ခြုံထားသည့် အဖြူရောင်ဝတ်စုံနှင့် လူတစ်ယောက်သည် အဖြူရောင်အလင်းကျောက်ထိုင်ခုံတွင် ထိုင်လျက် သူတို့ရှေ့ ပေါ်လာခြင်း။

"သခင်မ သက်တော် ထောင်ပေါင်းမက ရှည်ပါစေ"

အဘိုးဦးဆောင်ကာ အားလုံးက ဂါရဝပြုသည်။ သူကတော့ သခင်မကို ပြန်တွေ့ရပြီမို့ စိတ်လှုပ်ရှားစွာ ကြည့်နေမိ၏။

"အသင်တို့ ကျွန်ုပ်ကို ဂါရဝပြုတဲ့အကြောင်းကို လျှောက်ပါလေ"

"မှန်ပါ ကျွန်တော်မျိုး၏မြေးမသည် သခင်မရှေ့တွင် ခစားနေသော လူငယ်နှင့် မနေ့တစ်နေ့ကပင် လက်ထပ်ပြီးစီး၍ ဂါရဝပြုပါကြောင်း၊ နောက်တစ်ချက်မှာ ကျွန်တော်မျိုးတို့နှင့် အတူပါလာသော ဟောဒီ ဧည့်သည်တော်များကို သခင်မထံရောက်အောင် ပို့ပေးခြင်း ဖြစ်ပါတယ် သခင်မ"

အဘိုးစကားအဆုံး သခင်မက ခေါင်းတညိတ်ညိတ်ဖြင့် သူ့ဘက်လှမ်းကြည့်သည်။ သို့သော် ခေါင်းကို ပဝါခြုံထားတာမို့ သခင်မ၏ မျက်လုံးများကို သူ မမြင်ရပေ။

"အင်း… သင့်မြေးတော် မင်္ဂလာအတွက် ကျွန်ုပ် ကောင်းချီးပေးပါတယ်၊ ဒီရက် ဒီအချိန်မှစကာ အစစအရာရာ ကောင်းမြတ်ခြင်းတွေနဲ့ ပြည့်စုံပါစေ"

"ကျေးဇူးတင်ပါတယ် သခင်မ"





ထို့နောက် အာဂျူးတို့ လင်မယားက သခင်မကို ဦးညွှတ်အရိုအသေပေး၏။

"ဧည့်သည်တွေကို ပို့ပေးတဲ့အတွက် သင့်တာဝန် ကျေပါတယ်၊ ကဲ…ကဲ ဧည့်သည်တော်များထား၍ သင်တို့ အနားသွားယူဦး"

"ကောင်းလှပါပြီ သခင်မ"

အဘိုးတို့အားလုံး ဒူးတုပ်ဆုပ်ခွာကာ အစောင့်ခေါ်ရာနောက် လိုက်သွားလေ၏။ သည်တော့မှ သခင်မရှေ့ ခန်းမဆောင်ကြီးရှေ့တွင် သူနှင့် ဦးလေးတို့ ကျန်ခဲ့လေသည်။

သခင်မက သူတို့ကို တည်ငြိမ်စွာ စိုက်ကြည့်နေသလို ခံစားရ၏။ တစ်ခဏမျှ တိတ်ဆိတ်နေပြီးမှ အေးငြိမ်းတာနှင့်အမျှ ကြည်လင်ပြတ်သားသော လေသံဖြင့်

"သင်တို့က မည်သူတွေနည်း"

ထိုအမေးကြောင့် သူ စိတ်ထိခိုက်သွား၏။ ဦးလေးလည်း မျက်နှာပျက်ကာ သူ့ကို ဖျတ်ခနဲ လှမ်းကြည့်သည်။

"ကျွန်ုပ်တို့ မည်သူတွေဆိုတာ သခင်မ ကြိုတင်သိမယ်လို့ မျှော်လင့်ပါတယ်"

သူ ပြတ်သားစွာ ပြောလိုက်၏။ ခက်ခဲစွာ သခင်မနှင့်ဒုတိယအကြိမ် ပြန်တွေ့ရပြီမို့ သူ့အတွက် သတ္တိအင်အား အလိုလို ဖြစ်ပေါ်လာသည်။

သူ့စကားကြောင့် သခင်မ ရုတ်တရက် တိတ်သွားပြီးမှ…

"သင် ဘာကြောင့် ဤသို့ ပြောသနည်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်ဆိုလျှင် ကျွန်ုပ်ဟာ သခင်မကို နှစ်ပေါင်းများစွာ မေ့မရအောင် စွဲလမ်းခဲ့သော လူတစ်ယောက်မို့ပါ သခင်မ"

"ကျွန်ုပ် သင်ပြောတာကို မည်ကဲ့သို့ အဓိပ္ပာယ်ယူရမည်နည်း"

ခက်ပါလား သူသာ ပွင့်လင်းစွာ မပြောလျှင်တော့ သခင်မ ဆက်လက်မသိဟန် ဆောင်နေမည်လား။

"ကျွန်ုပ် ဘာကို ဆိုလိုက်သည်ဆိုတာထက် သခင်မဟာ ဘယ်သူလဲဆိုတာ သခင်မရဲ့ မျက်နှာဖုံးကို ရဲဝံ့စွာ လှစ်ဟာပြစေချင်ပါတယ်လေ"

"သင် တောင်းဆိုချက်က ရဲတင်းလှချည်လား လူစိမ်း"

"အပြစ်ရှိလျှင် သခင်မက ကျွန်ုပ်ကိုကြိုက်သော စီရင်ဒဏ်ချမှတ်ပါ၊ သို့သော် ကျွန်ုပ်လာသော ရည်ရွယ်ချက်ကို ပျောက်သွားမည် မဟုတ်ပါ"

သူဟာ ယောကျ်ားမို့ ပြတ်သားရဲဝံ့စွာ ပြောလိုက်၏။ ဦးလေးက မနေသာတော့ဘဲ...

"ဟုတ်ပါတယ် သခင်မ ခွန်ဂျာ သခင်မအပေါ်တွင် ယခုထက်တိုင် သစ္စာထားကာစောင့်မျှော်နေသူ"

"ကောင်းပြီ သင်တို့ကို ကျွန်ုပ် ဘယ်သူလဲဆိုတာ ပြအံ့"

ထို့နောက် သခင်မက ထိုင်ခုံမှ ရပ်လိုက်၏။ သည်နောက် သွယ်ညွတ်သော လက်ချောင်းလေးများက မျက်နှာတွင် ခြုံထားသည့် ပဝါကို အသာလှစ်ဟာပြခိုက်...

"ဆောင်းကေရီ"





"သခင်မ"

ပျောက်ဆုံးသွားသော ပစ္စည်းတစ်ခုကို ရုတ်တရက် ပြန်တွေ့လိုက်ရတာကြောင့် သူနှင့် ဦးလေးတို့ ဝမ်းသာတုန်လှုပ်သွားကြ၏။ သခင်မကိုယ်တိုင် နှုတ်ခမ်းများ ပြုံးနေသလားပင်။

"သင်တို့ တကယ်ပဲ ကျွန်ုပ်ကို မှတ်မိကြသလား"

"အို သခင်မ၊ ကျွန်ုပ်ရဲ့ သခင်မရယ်"

ဗြုန်းခနဲ ခွန်ဂျာသည် ရင်တွင်းမှလာသောအသံဖြင့် ဆိုညည်းကာ သခင်မထံ လွှားခနဲရောက်သွား၏။ ထို့နောက် သခင်မကိုယ်လေးကို အတင်းပွေ့ဖက်ဖို့ ကြိုးစားသည်၊

"ရပ်လော့"

လက်တစ်ကမ်းအကွာမှာ သခင်မ တားဆီးမှုကြောင့် ခွန်ဂျာ ခြေလှမ်းတန့်သွား၏။

"ဘာကြောင့် တားရတာလဲ သခင်မ၊ အာယုပန်းပွင့် ပေးခင် ကျွန်ုပ်နဲ့ သခင်မကို ဦးလေးကိုယ်တိုင် လက်ထပ်ပေးခဲ့တာ မေ့ပြီလား"

သခင်မ ခေါင်းခါယမ်းသည်။ ထို့နောက် ခွန်ဂျာကို လွမ်းဆွတ်ကြေကွဲစွာ ကြည့်၏။

"ကျွန်ုပ် ဘယ်မေ့နိုင်ပါ့မလဲ မောင်တော်၊ ကျွန်ုပ်ကိုယ်တိုင် ဒီအဖြစ်ကို တောင်းဆိုခဲ့တာပဲ"

"ဒါဆို ကျွန်ုပ်ကို"

"မောင်တော် သိပ် စိတ်လှုပ်ရှားနေပြီ၊ ခဏ အနားယူပါဦး။ ပြီးတော့မှ အဖြစ်အပျက်တွေ ပြောပြပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ အနားရှိ ကျောက်ထိုင်ခုံတွင် ခြေကုန်လက်ပန်းဟန်ဖြင့် ခွန်ဂျာ ဝင်ထိုင်၏။ သခင်မ လက်ယပ်ခေါ်တာကြောင့် ဦးလေး ရောက်လာသည်။

"ကျွန်ုပ်တော့ သခင်မကို ခုလို ပြန်တွေ့ရတာ ဝမ်းသာတယ်၊ အဖြစ်အပျက်တွေကိုလဲ နားမလည်ဘူး"

"အင်း... သင့်တို့ ဘယ်လို ခံစားရမယ်ဆိုတာ ကျွန်ုပ်နားလည်ပါတယ် ဦးရုပ်ဆိုး၊ ကဲပါလေ အမောပြေ ဖျော်ရည်များ သောက်ပါဦး"

ရုံရွှေတော်များ လာရောက်ချပေးသော သစ်သီးတို့ဖြင့် ပြုလုပ်ထားသည့် မွှေးပျံ့သော ဖျော်ရည်ကို သူတို့ သောက်လိုက်ကြ၏။ ထိုဖျော်ရည်သောက်ပြီးတာနှင့် သူတို့စိတ်တွေ အလိုလိုကြည်လင်လန်းဆန်းသွားသလိုပင်။

"သခင်မ ဧကရီ"

ခွန်ဂျာမှာ နောက်တစ်ခါ သခင်မ ပျောက်သွားမည့်အလား မျက်ခြည်မပျက် ကြည့်လျက် နှုတ်မှ တတွတ်တွတ် ခေါ်လေ၏။

"မောင်တော် သင် ကျွန်ုပ်ကို ပြန်တွေ့ရချိန်မှာ အတော်အံ့သြမှာပဲနော်"

"မှန်ပါတယ် သခင်မ၊ ဒါပေမဲ့ ကျွန်ုပ်ယုံကြည်ထားသလို ခင်မဟာ တကယ်ပဲ ကျွန်ုပ်ထံပြန်ရောက်လာခဲ့ပြီမို့ ကျွန်ုပ် အတိုင်းမသိ ဝမ်းသာရပါတယ် သခင်မ"

သခင်မက ခေါင်းညိတ်သည်။ ယခုအခါ သခင်မသည်





ပဝါကို ပြန်၍ မျက်နှာတွင် ခြုံထားပြီဖြစ်၏။

"ကျွန်ုပ်ကလဲ ဒီလို ပြန်ဆုံခွင့်ရဖို့ အသက်ရှင်နေခဲ့တာပါ မောင်တော်၊ ခုတော့ မောင်တော် အားအင်များပြည့်အောင် အနားယူ အိပ်စက်ပါဦး၊ သင်တို့ သူ့နောက် လိုက်သွားပါ"

အစောင့်တစ်ယောက်နောက် သူတို့ထည့်လိုက်သည်။ ခွန်ဂျာမှာ သခင်နားက မခွာချင်ဖြစ်ပေမဲ့ လူကလည်း ပင်ပန်းနေပြီမို့ လိုက်ခဲ့ရ၏။

သူတို့ကို ကျယ်ပြန့်သားနားသော အခန်းထဲတွင် မွေးထွေးသော ခြုံလွှာများဖြင့် အိပ်စက်စေ၏။

"ဦးလေး ကျွန်တော် စိတ်တွေ သိပ်လှုပ်ရှားနေတယ်"

"အိပ်လိုက်ပါ ခွန်ဂျာ၊ အိပ်ရာကနိုးလာရင် မင်းစိတ်တွေ တည်ငြိမ်သွားပါလိမ့်မယ်"

"ဟုတ်ကဲ့ ဦးလေး"

မကြာခင် ခရီးပင်ပန်းတာကြောင့် သူတို့ အိပ်ပျော်သွားလေ၏။ အိပ်ရာကနိုးချိန်မှာ အားအင်တွေ ပြည့်ဝကာ စိတ်တွေလည်း ကြည်လင်နေသည်။

အစောင့်က သူတို့ကို ကျောက်ရေကန်ကြီးများတွင် ရေချိုးစေသည်။ ထို့နောက် သူတို့အတွက် ပိုးသားကဲ့သို့ နူးညံ့သော အဝတ်အထည်များ ထုတ်ပေး၏။

"ဒီတစ်ခါတော့ ဦးလေး သခင်မနားက ကျွန်တော် ဘယ်မှ မသွားတော့ဘူး"

ယတိပြတ်ဆုံးဖြတ်ပြီးဟန်ဖြင့် ခွန်ဂျာပြောသည်။ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကိုယ်တိုင်က ခွန်ဂျာအတွက် စိတ်အေးချမ်းသာဖြစ်စေချင်လှပြီ။

ရေချိုးပြီးတာနှင့် သူတို့ကို သခင်မထံ ခေါ်လာသည်။ သခင်မက သူတို့ကို ညစာဖြင့် ဧည့်ခံကျွေးမွေးလေ၏။

"ဘယ်လိုလဲ အိပ်လိုက်တော့ စိတ်ထဲကြည်လင်သွားရဲ့လား မောင်တော်"

"အမှန်ပဲ သခင်မ၊ ဒီတစ်ခါတော့ဖြင့် နှမတော်နားက မောင်တော် ဘယ်မှမခွာဖို့ ဆုံးဖြတ်ထားတယ်"

ခွန်ဂျာ ပြတ်သားစွာ ပြောတော့ သခင်မ ရုတ်တရက် ထိတ်ဆိတ်သွားပြီး ညင်သာစွာ ခေါင်းညိတ်လေ၏။

* * *

နောက်နေ့မှာ အဘိုးနှင့် အာဂျူးတို့အဖွဲ့ သခင်မကို နှုတ်ဆက် ဂါရဝပြုပြီး ပြန်သွားလေ၏။ သူနှင့် ဦးလေးက အပေါက်ဝအထိ လိုက်ပို့သည်။

"အစ်ကို အပြန်ကျရင် ငါတို့ရွာကို ဝင်နော်"

"ဟုတ်ပါတယ် မိတ်ဆွေ၊ ငါတို့ လိုက်လှဲစွာ ကြိုဆိုပါရစေ"

ခင်ညိုနှင့် အာဂျူးက သူတို့ကိုမှာသည်။ သူ ခေါင်းညိတ်ကာ

"စိတ်ချပါအာဂျူးနဲ့ခင်ညို၊ မင်းတို့ရွာကို နောက်တစ်ခေါက် ငါတို့ရောက်မှာပါ"

သည်တော့မှ သူတို့မျက်နှာတွေ ပြုံးသွား၏။ အဘိုးကို သူတို့ ဂါရဝပြု နှုတ်ဆက်လိုက်သည်။





"အင်း... သင်တို့ဟာ ထူးခြားတဲ့ ဧည့်သည်တွေပဲ၊ သခင်မ ဟာ ဘယ်တော့မှ လူစိမ်းတွေကို လက်ခံလေ့မရှိဘူး၊ ဘာပဲဖြစ်ဖြစ် သင်တို့ ကျန်းမာချမ်းသာစွာနဲ့ လိုရာပန်းတိုင် ရောက်ကြပါစေ"

"ကျေးဇူးတင်ပါတယ် အဘိုး"

အာဂျူးတို့အဖွဲ့က လက်တပြပြနှင့် ပြန်၍ သွားလေ၏။ ဦးလေးနှင့် သူက ပြန်၍ လက်ပြနှုတ်ဆက်သည်။ အာဂျူးတို့အဖွဲ့ မျက်စိအောက်က ပျောက်သွားမှ သခင်မရှိရာ ပြန်လာခဲ့ကြ၏။

"သူတို့ ပြန်သွားပြီလား မောင်တော်"

"ပြန်သွားပါပြီ သခင်မ"

"အင်း...မောင်တော်ကို အရောက် ပို့ပေးတဲ့အတွက် ကျေးဇူး တင်ရမယ်"

"ဟုတ်ပါတယ်၊သခင်မ၊ ကျွန်ုပ်တို့စိတ်ထဲအမြဲကျေးဇူး တင်နေပါ့မယ်"

ဦးလေးက လူကြီးပီသစွာ ဝင်ပြောလေ၏။ သူက သခင်မကို ခပ်စိုက်စိုက် ကြည့်လိုက်သည်။

"သခင်မရဲ့ အကြောင်းတွေ ကြားပါရစေလား"

သူတောင်းဆိုတော့ သခင်မ တခဏမျှ တိတ်ဆိတ်သွားသည်။ နောက်မှ သက်ပြင်းတစ်ချက်ချကာ ညင်သာစွာ လှည့်ကြည့်၏။

"တကယ်တော့ အာယုဒီဃပန်းပင်နေရာမှာ သင်တို့က ကျွန်ုပ်ကို သေဆုံးပြီလို့ ယူဆခဲ့တယ် မဟုတ်လား မောင်တော်"

"ဒါကတော့ ဦးလေး စမ်းသပ်ကြည့်တဲ့အခါ သခင်မရဲ့



www.burmeseclassic.com

www.burmeseclassic.com



နှလုံးဟာ ရပ်တန့်ခဲ့လို့ မှတ်ယူခဲ့တာပါ"

သခင်မ ခေါင်းညိတ်သည်။

"အမှန်တော့ သာမန်လူတစ်ယောက်ဆိုရင် သင်တို့ယူဆသလို သေဆုံးခဲ့တာပါပဲ၊ ဒါပေမဲ့ ကျွန်ုပ်ဟာ သာမန်လူတစ်ယောက် မဟုတ်လေတော့ အဲဒီနေရာမှာ အချိန်ကြာမြင့်စွာ သတိလစ်မေ့မြောသလို ဖြစ်ခဲ့တယ်လေ၊ ကျွန်ုပ်ပြန်နိုးလာတဲ့အချိန်မှာ ကျွန်ုပ်ကိုယ်မှာရှိတဲ့ အင်အားတွေဟာ ယုတ်လျော့နေပြီ၊ အချိန်ကာလအားဖြင့်လဲ ကြာခဲ့တယ်၊ တကယ်တော့... ကျွန်ုပ် သဘောကောင်းမှဲ့သွားတယ်၊ အာယုဒီဃပန်းကို တစ်ကြိမ် စားပြီးတဲ့လူက နောက်တစ်ကြိမ် ပြန်မစားရဘူး၊ ဒါကြောင့် ကျွန်ုပ် ဒုက္ခရောက်ခဲ့တာပဲ။ ကျွန်ုပ် နိုးလာတဲ့အချိန်မှာ ပတ်ဝန်းကျင် တစ်ခုလုံး မည်းမှောင်နေတာပဲ၊ သင်တို့ကို မတွေ့ရတော့ ကျွန်ုပ်ကို သေပြီထင်လို့ ထင်းခဲ့တာပဲလို့ သဘောပေါက်လိုက်တယ်"

ခွန်ဂျာသည် သခင်မကို သနားကြင်နာစွာ ငေးကြည့်လျက်

"ဖြစ်မှ ဖြစ်ရလေ သခင်မရယ်၊ တကယ်ပဲ သခင်မသာ မသေခဲ့ဘူးထင်ရင် ကျွန်ုပ်က ဘယ်အချိန် ဘယ်ကာလမှာပဲ နိုးလာပါစေ အနားက စောင့်နေမှာပါ"

"ကျွန်ုပ်ယုံပါတယ် မောင်တော်၊ တကယ်တော့ ကျွန်ုပ်သေပြီလို့ ထင်ခဲ့တာ အကောင်းဆုံးပါ၊ ဘာကြောင့်လဲဆိုတော့ ကျွန်ုပ်ကို မောင်တော်စောင့်နေရင် အသက်ရှင်လျက် စောင့်ရမှာ မဟုတ်ဘူး၊ အဲဒီနေရာမှာ အားအင်ပြတ်ပြီး ဝိညာဉ်အဖြစ်ဘဲ စောင့်ရမှာပဲ၊





မောင်တော်က သာမန်လူသားလေ"

သခင့်မပြောမှ ဒီလိုလဲ ဖြစ်နိုင်စရာရှိတာကို သူ တွေး မိ၏။ ဦးလေးက ထောက်ခံသည်။

"သခင်မပြောတာ အမှန်ပဲ၊ ခွန်ဂျာမသေလို့သာ ဒီအချိန် ပြန်ရောက်လာနိုင်တာ"

"ဟုတ်တာပေါ့ ဦးရပ်ဆိုး၊ ကျွန်ုပ်ကတော့ အဲဒီနေရာမှာပဲ ကျင့်စဉ်တွေ ပြန်စုစည်းပြီး နောက်တစ်ကြိမ် ပွင့်လာမယ့် အာယုပန်းကို စောင့်ခဲ့ရတယ်၊ အာယုပန်းပွင့်ဟာ နှစ်များစွာကြာမှ တစ်ကြိမ် ပွင့်တာလေ၊ ဒါကြောင့် ကျွန်ုပ်အရင်ဆုံး တွေ့နိုင်ဖို့ စိတ်ရှည်ရှည် ထားခဲ့ရတယ်...

"တကယ်တော့ ဒါကလဲ ကျွန်ုပ်အနေနဲ့ဟောဒီက မောင်တော် နဲ့ ပြန်လည်ဆုံစည်းဖို့ မျှော်လင့်လို့ပါ"

သူ့အတွက်ဟု ဆိုတာကြောင့် ခွန်ဂျာရင်ထဲ စိမ့်ခနဲဖြစ်သွား၏။ သခင်မက သူ့ကို ဒီလောက်ချစ်တာပါလား။

"အာယုပန်းပွင့်လာတဲ့အခါ ကျွန်ုပ်စားသုံးခဲ့လို့ နဂိုစွမ်းအင်တွေ ပြန်ရလာခဲ့ရတယ်၊ အဲဒီနောက် ဒီတောင်ပေါ်ကို ရောက်ခဲ့တာပဲ၊ တောင်အောက်က ရွာတွေဟာ ကျွန်ုပ်ကို ကိုးကွယ်ခဲ့ကြတယ် မောင်တော်၊ ကျွန်ုပ် ဘာကြောင့် ဒီတောင်ပေါ် ရောက်လာသလဲဆိုရင် မောင်တော်ကို တွေ့ဖို့ပဲ"

"သခင်မရယ် ကျွန်ုပ်ရဲ့ ကေရိရယ် ဒီစကားတွေ ကြားရတော့ မောင်တော်နှလုံးသားကို တုန်လှုပ်စေပါတယ်၊ ဒီတစ်ကြိမ်တော့



www.burmeseclassic.com

www.burmeseclassic.com



"ခွန်ဂျာ"

သို့သော် ခွန်ဂျာ၏ကိုယ်ခန္ဓာလေးမှာ တစ်ကိုယ်လုံးတောင့်တင်းကာ အသက်ဝိညာဉ်မဲ့လေပြီ။ ဦးလေးသည် များစွာတုန်လှုပ်ချောက်ချားသွားလျက်

"ခွန်ဂျာ ခွန်ဂျာ၊ သခင်မ ခွန်ဂျာကို ကယ်ပါဦး"

ဟု အားကိုးတကြီး ပြောမိလေ၏။ သခင်မမျက်နှာသည် အလွန်ကြေကွဲ ထိခိုက်ဟန်ဖြင့် ညင်သာစွာ ခေါင်းခါယမ်း၏။

"သူ့ရဲ့ သာမန်အင်အားဟာ ကျွန်ုပ်ကိုယ်ထဲမှာရှိတဲ့ အင်မတန်ကြီးမားတဲ့ အင်အားတွေရဲ့ ဝါးမျိုခြင်း ခံလိုက်ရပြီ ဦးရုပ်ဆိုး၊ ဒီလိုဖြစ်မှာစိုးလို့ ကျွန်ုပ်အကြိမ်ကြိမ် တားခဲ့တယ် ခုတော့ သူ့ဆန္ဒအတိုင်း ကျွန်ုပ်နဲ့ တစ်ခဏတာပဲ တွေ့ဆုံလိုက်ရပြီ"

"ခွန်ဂျာရယ်"

အသက်ဝိညာဉ်မဲ့နေသော ခွန်ဂျာကိုယ်ကြီးကို ဖက်ကာ ယောကျ်ားတန်မဲ့ ဦးလေးမျက်ရည်များ စီးကျလာ၏။

"သူမရှိတော့ ကျွန်ုပ်ရဲ့ ရှင်သန်ခြင်းဟာလဲ အဓိပ္ပာယ်မရှိတော့ပါဘူး ဦးရုပ်ဆိုး၊ ဒါပေမဲ့ သူဟာ ကျွန်ုပ်ဆီ တစ်နေ့ပြန်လာမှာပါ၊ ဒီကြားထဲမှာတော့ ကျွန်ုပ်အတွက် အေးငြိမ်းရာ နေရာကို ရှာရဦးမယ်...

"သေချာတာကတော့ သူ ဘယ်အချိန်မှ ပြန်လာပါစေ ကျွန်ုပ် စောင့်မျှော်နေမှာပဲ"

ထို့နောက် သခင်မက ခွန်ဂျာကို နောက်ဆုံးအနေဖြင့်ကြည့်၏။

"ကဲ ဦးရုပ်ဆိုး ကျွန်ုပ် သင့်ကို နှုတ်ဆက်ခဲ့ပါတယ်၊ ကျွန်ုပ်





သွားပြီးတဲ့အခါ သင်လဲ သင့်အရပ်သင် ပြန်ရောက်နေပါလိမ့်မယ်"

"ခွန်ဂျာကော"

"သူ့ကို ကျွန်ုပ် ခေါ်သွားပါ့မယ်"

ပြောပြီး သခင်မသည် ခွန်ဂျာ၏ဝိညာဉ်မဲ့နေသော ခန္ဓာကိုယ်ကို ဆွဲ့ခနဲပွေ့ချီလိုက်၏။ ထို့နောက် ဝုန်းခနဲဖြင့် အပြာရောင်မှိုင်းလုံးများ ဖြစ်သွားသည်။

ဦးရုပ်ဆိုးမှာ သူ့ရှေ့တွင် သခင်မနှင့်ဝိညာဉ်မဲ့နေသော ခွန်ဂျာတို့ ပျောက်ဆုံးသွားတာ တွေ့လိုက်ရစဉ်...

"ဟင်"

ခေါင်းထဲမိုက်ခနဲဖြစ်လျက် ထိုနေရာမှပဲ လဲကျသွားတော့၏။ ဦးရုပ်ဆိုး သတိပြန်ရလာသောအခါ သူ၏ဇာတိအိမ်ကြီးတွင် တစ်ယောက်တည်း ပြန်လည်ရောက်ရှိနေခြင်းပင်။

သို့သော် ခွန်ဂျာ၏ အရိပ်အယောင်ကိုမျှ လုံးဝမတွေ့ရတော့ပေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဟောဒီအိမ်အိုကြီးနဲ့ ခွန်ဂျာနဲ့ ဆောင်းကေရီလို နှစ်ပေါင်းများစွာ စောင့်ရှောက်ခဲ့ရတယ်...

"ခွန်ဂျာ တစ်နေ့ပြန်လာလို့ စောင့်မျှော်နေခဲ့ပေမဲ့ တကယ်တမ်း ဘယ်လိုမှ မဖြစ်နိုင်ဘူး မဟုတ်လား။

"နော်က်ဆုံး ကျုပ်ဆန္ဒက ကျုပ်မသေခင်မှာ ထူးခြားဆန်းကြယ်တဲ့ အဖြစ်အပျက်တွေကို တစ်စုံတစ်ယောက်ကို ပြောပြခဲ့ချင်တာပါပဲ...

"အင်း... တိုက်တိုက်ဆိုင်ဆိုင် မောင်ရင်ရောက်လာတော့ ကျုပ်ရင်ထဲက ဆန္ဒတွေပြည့်သွားပြီ ဆိုရမှာပေါ့လေ။

ထို့နောက် ဦးရုပ်ဆိုးသည် ချောင်းလေး တဟွတ်ဟွတ်ဆိုးလေ၏။ စာရေးဆရာက ဦးရုပ်ဆိုးပြောသည့် ထူးခြားဆန်းကြယ်သော ဇာတ်လမ်းကို နားထောင်ကာ ရင်ထဲ အတော်ထိခိုက်မိရသည်၊

"ဒါဆို ဆောင်းကေရီဟာ တကယ်ပဲ ရှိခဲ့တယ်ပေါ့၊ ဆောင်းကေရီကို ရေးဆွဲခဲ့တဲ့ ခွန်ဂျာဆိုတဲ့ လူငယ်လေးတစ်ယောက်ဟာလဲ တကယ်ပဲ သေဆုံးခဲ့တယ်ပေါ့နော် ဦးလေး"

"အင်း... ဒါတွေဟာ အမှန်တွေပါ မောင်ရင်"

"ကျွန်တော် ယုံပါတယ်၊ ဒီလှောက်လက်ရာမြောက်တဲ့ ပန်းချီကားကို တော်ရုံ သာမန်လူက မဆွဲနိုင်ဘူး၊ ဓာတ်ပုံထဲက





ခွန်ဂျာ ရုပ်ရည်ဟာလဲ သာမန်လူယောကျ်ားတစ်ယောက်နဲ့ မတူအောင် သိပ်ကို ကြံ့ခိုင်သန်စွမ်း ခန့်ညားလှပလွန်းပါတယ် ခင်ဗျာ...

"သူလို ယောကျ်ားတစ်ယောက်ကို ကမ္ဘာပေါ်မှာ ပြိုင်ဘက်ကင်းတဲ့ ဆောင်းကေရီလို သခင်မကို နှစ်ပေါင်းရာထောင်ချီပြီး စောင့်ခဲ့တယ်ဆိုတာ ယုံနိုင်စရာပါ"

"ဟုတ်တယ် မောင်ရင် တကယ်တော့ ဆောင်းကေရီနဲ့ ခွန်ဂျာတို့က အင်မတန် လိုက်ဖက်တဲ့ စုံတွဲပဲ"

"တစ်ဆိတ်ခင်ခင်ဗျာ ဦးလေးအနေနဲ့ ဆောင်းကေရီကို နောက်တစ်ကြိမ်များ ပြန်တွေ့ခဲ့သေးလား"

"ဟင့်အင်း၊ အဲဒီအချိန်ကစပြီး ဆောင်းကေရီ ပျောက်သွားလိုက်တာ ကျုပ်ဖြင့် အိပ်မက်တောင် ယောင်ပြီး မမက်ဖူးပါဘူး၊ အင်း... ဒါပေမဲ့ သူကတော့ ဟောဒီ ကမ္ဘာမြေရဲ့ တစ်နေရာရာမှာ ခွန်ဂျာ ပြန်အလာကို စောင့်ရင်း ရှိနေမယ်လို ကျုပ် ယုံကြည်တယ်လေ"

စာရေးဆရာသည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း သူ့တွင် အသင့်ပါလာသော ကင်မရာဖြင့် ခွန်ဂျာနှင့် ဆောင်းကေရီ ပန်းချီကားတို့ကို စိတ်တိုင်းကျ လှည့်ရိုက်မေး၏။ ထို့နောက်

"တကယ်လို့ ကျွန်တော်က ထူးခြားဆန်းကြယ်တဲ့ ဇာတ်လမ်းကို ဝတ္ထုအဖြစ် ထုတ်မယ်ဆိုရင် ဦးလေး ခွင့်ပြုပါ့မလား ခင်ဗျာ"

"မောင်ရင့်သဘောပါပဲ၊ ဘာကြောင့်လဲဆိုတော့ ကျုပ်လဲ ဒီလောကကြီးမှာ ကြာကြာနေရတော့မှာ မဟုတ်ဘူး၊ တကယ်လို့ ကျုပ်မရှိခဲ့ရင် အနီးနားရွာက ကလေးတွေအတွက် ကျောင်းအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လှူပေးပြီး မောင်ရင်က ဒီအဖြစ်အပျက်ကို ဝတ္ထုထုတ်လို့ ကျေးဇူးပြုမယ်ဆိုရင် ခွန်ဂျာနဲ့ ဆောင်းကေရီတို့အတွက် အမှတ်တရ ပေးဝေပါကွယ်"

"စိတ်ချပါ ဦးလေး နောက်တစ်ခေါက် ကျွန်တော် ရောက်လာတဲ့အခါ ဦးလေး ကျန်းကျန်းမာမာ ရှိဖို့ ကျွန်တော် မျှော်လင့်ပါတယ်၊ ခုတော့ မိုးလဲလင်းပြီမို့ ကျွန်တော် ခရီးဆက်ပါရစေ"

"ကောင်းပါပြီ မောင်ရင်"

အံ့သြစရာကောင်းစွာ စာရေးဆရာကားသည် မနက်တွင် လွန်စွာ ကောင်းမွန်လျက် ဦးရုပ်ဆိုးကို နှုတ်ဆက်ပြီး ထိုအိမ်ကြီးမှ ထွက်ခဲ့လေ၏။

သို့သော် ရာသီဥတုက နှင်းတွေဝေဆာလျက် မြူတို့ဖြင့် ဆိုင်းနေလေသည်။ စာရေးဆရာသည် ခပ်လှမ်းလှမ်းရောက်မှ ဆောင်းကေရီရှိရာ အိမ်ကြီးကို လှည့်ကြည့်မိတော့...

"ဟင်"

နှင်းများကြားထဲမှာ ခွန်ဂျာနှင့် ဆောင်းကေရီသည် သူ့ကို လက်ပြ နှုတ်ဆက်လေသလား။ ဒါမှမဟုတ် သူ့စိတ်က ထင်ယောင်ထင်မှား ဖြစ်ခြင်းလား၊ သေချာတာကတော့ 'ဆောင်းကေရီ'ကို သူ့ဘဝတွင် ထူးခြားစွာ မှတ်တမ်းတင်မိခြင်းပင်။

ဪ...ဆောင်းကေရီရယ်။

နှလုံးစိတ်ဝမ်း ငြိမ်းချမ်းပါစေ။

ရွှေအဥ္စလီ

သိန်းမင်းစာပေ

BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com

လုံးချင်းဝတ္ထုသစ်

# ရွှေဒါဂူလိ

ဒေါင်းကောရီ



BURMESE CLASSIC .com

www.burmeseclassic.com